The VOICE Daily

Vol. 5 / No. 5 | Established in 2004 | ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက်၊ (Thursday, April 6, 2017)

# မကွေးအစိုးရဟောင်း ရန်ပုံငွေ အရှုပ်တော်ပုံ ကြံ့ခိုင်ရေးပါတီ ပါဝင်နေသည်ဟု တိုင်းအစိုးရ ပြော

**ရန်ကုန်၊ ဧပြီ ၅**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံလက်ယက်တွင်း လုပ်ငန်းရှင်များထံမှ ဒေသဖွံ့ဖြိုးရေးအတွက် ကောက်ခံထားသော ရန်ပုံငွေ ကျပ်သန်း ၇၄၅၉ မှ ကျပ်သန်း ၁၇၀၀ ကို ကြံ့ခိုင်ရေးပါတီအတွက် ဝန်ကြီးချုပ်ဟောင်းဦးဘုန်းမော်ရွှေအပါအဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီး (ဟောင်း)များက သုံးစွဲခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

၂၀၁၆ ခုနှစ် မေလ ၃၀ ရက်၌ ဒုတိယအကြိမ် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ပွင့်ဖြူမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက တိုင်းအစိုးရအဖွဲ့ဝင်ဟောင်းများက ရေနံလက်ယက်တွင်း ရန်ပုံငွေမှ စာ 4

## ရခိုင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်စခန်းအချို့ပိတ်သိမ်းရန်စီစဉ်




ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဒုက္ခသည်စခန်းတစ်ခု

## ဝိုင်းမော်တွင် သုံးဘီးယာဉ်မှောက် ၁၀ ဦးသေ၊ ၁၆ ဦးဒဏ်ရာရ

**မြစ်ကြီးနား၊ ဧပြီ ၅**

ဝိုင်းမော်မြို့နယ် ဆဒုံးရေတံခွန်သွားလမ်း ဘွန်တောင်ကျေးရွာအနီးတွင် ဧပြီလ ၄ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲခန့်က လူ ၂၆ ဦး လိုက်ပါလာသော သုံးဘီးယာဉ်တစ်စီးသည် တိမ်းမှောက်ခဲ့ပြီး ၁၀ ဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

မြစ်ကြီးနားမှ ဝိုင်းမော်မြို့နယ် ဆဒုံးရေတံခွန်သို့ အလည်အပတ် စာ 27

## သာသနာရေးဝန်ကြီးဌာန၏ ကိုဆွေဝင်းအမှုကိစ္စနှင့် ပြန်ကြားချက်ရှေ့နေများ ဝေဖန်

**ရန်ကုန်၊ ဧပြီ ၅**

သာသနာရေးဝန်ကြီးဌာနမှ ကိုဆွေဝင်းအမှုကိစ္စအပေါ် မှတ်ချက်ပေးအကြောင်းပြန်ကြားမှုသည် တရားရုံးကို လွှမ်းမိုးနိုင်ခြင်းမရှိဘဲ တရားရုံးသက်သေခံချက်အဖြစ်သာ ပေးပို့နိုင်သည်ဟု ရှေ့နေများက ဝေဖန်သုံးသပ်ပြောကြားသည်။

Myanmar Now အယ်ဒီတာချုပ် ကိုဆွေဝင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က တရားဟောခွင့် ပိတ်ပင်ရသည်အထိ ဦးဝီရသူ၏ ပြုမူ စာ 2

## သင်္ကြန်ရုံးပိတ်ရက် နေရပ်ပြန်သူများ ကားလက်မှတ် ခက်ခဲ၊ ဈေးနှုန်းများ နှစ်ဆခန့်ဈေးတက်

**ရန်ကုန်၊ ဧပြီ ၅**

သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် နေရပ်ပြန်လိုသူများအနေနှင့် ကားလက်မှတ်ရရန် ခက်ခဲလျက်ရှိပြီး အဝေးပြေးကားခအတွက် ကျသင့်ဈေးနှုန်းထက် နှစ်ဆခန့်အထိ ပေး၍ဝယ်ယူရကြောင်း နေရပ်ပြန် ခရီးသည်များထံမှ စုံစမ်းသိရသည်။

"နယ်ပြန်ဖို့အတွက် နှစ်တိုင်း ကားလက်မှတ်ဖြတ်ရတာ ခက်တယ်။ ၁ ရက်နေ့ရောင်းမယ်ဆိုလို့ လက်မှတ် သွားဖြတ်တာ သွားမေးရင် ကုန်သွားပြီ စာ 28

## ပြည်တွင်း ဒေါ်လာနှင့် ငွေပေးချေမှုများကို ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အရေးယူမည်

**ရန်ကုန်၊ ဧပြီ ၅**

ပြည်တွင်း၌ အမေရိကန်ဒေါ်လာ ကျယ်ပြန့်စွာအသုံးချနေခြင်းကို လျှော့ချနိုင်ရန် ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့ ပူးပေါင်း၍ ဒေါ်လာနှင့် ငွေပေးချေသည့်လုပ်ငန်းများကို ဖော်ထုတ်အရေးယူမည်ဖြစ်ကြောင်း ဗဟိုဘဏ်ထံမှ သိရသည်။

ဒေါ်လာနှင့်ငွေပေးချေမှုများ မပြုလုပ်ရန် သက်ဆိုင်ရာဝန်ကြီးဌာန စာ 2

## မိုဘိုင်းလ်ဖုန်း ဆင်းမ်ကတ် မှတ်ပုံတင်ခြင်း အချိန်သုံးလ ထပ်တိုး စာ 8



# ကျူးကျော်စာရင်း ၇၀ ရာခိုင်နှုန်းကျော် ကောက်ပြီးဟု ရန်ကုန်တိုင်းအစိုးရဆို

**ရန်ကုန်၊ ဧပြီ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျူးကျော်နေထိုင်သူများ၏ စာရင်းကောက်ယူမှုမှာ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း ရန်ကုန်တိုင်းအစိုးရထံမှ သိရသည်။

လက်ရှိတွင် ကျူးကျော်စာရင်းကို ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၁၃ မြို့နယ်တွင် ကောက်ခံခဲ့ရာ၌ အိမ်ထောင်စု ခုနစ်သောင်းကိုးထောင်ကျော် အထိရရှိထားပြီး ကောက်ယူမှု ၇၀ ဒသမ ၅၄ ရာခိုင်နှုန်း ကောက်ယူပြီးဖြစ်ကြောင်း ရန်ကုန်တိုင်း အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းက ပြောကြားသည်။

ဧပြီလ ၅ ရက်နေ့က ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် ကျူးကျော်စာရင်းကောက်ယူမှု အခြေအနေနှင့် ပတ်သက်၍ ကိုကိုးကျွန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၏ မေးမြန်းမှုကို နယ်လုံဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ကျူးကျော်စာရင်း ကောက်ယူမှုများတွင် တောင်ဒဂုံ၊ ဒဂုံဆိပ်ကမ်း၊ မြောက်ဥက္ကလာပ၊ သာကေတ၊ သန်လျင်နှင့် ကျောက်တန်း မြို့နယ်များတွင် ကောက်ယူမှု ပြီးစီးပြီးဖြစ်ကြောင်း လှိုင်သာယာ၊ ရွှေပြည်သာ၊ အလုံ၊ မရမ်းကုန်း အစရှိသည့် မြို့နယ်များတွင် ကောက်ယူရန် ကျန်ရှိနေသေးကြောင်း၊ စာရင်းများ အားလုံးကောက်ယူပြီး ပါက စိစစ်ရေးအဖွဲ့များဖွဲ့ကာ မှန်မမှန် ပြည်လည်စိစစ်ကာ စီးပွားဖြစ် ကျူးကျော်နှင့် အမှန်တကယ် ကျူးကျော်များကို ခွဲခြားရွေးထုတ်သွားမည်ဖြစ်ကြောင်း ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောကြားသည်။

"စီးပွားဖြစ် ကျူးကျော်သူတွေကိုတော့ ဥပဒေနှင့် အရေးယူသွားမှာဖြစ်ပြီး အမှန်တကယ် နေစရာမရှိတဲ့ ကျူးကျော်တွေကိုတော့ ကျွန်တော်တို့ ကျူးကျော်များ ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျူးကျော်စာရင်းကို မည်သည့် အချိန်မှာ နေရာချပေးမလဲဆိုတာတော့ ကျူးကျော်စာရင်း ကောက်ပြီးတဲ့အချိန်မှာမှ စီစဉ်ဆောင်ရွက်သွားမှာဖြစ်လို့ အချိန်အတိအကျ ပြောလို့မရသေးကြောင်း ပြောကြားလိုပါတယ်" ဟု ၎င်းကဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရက ကျူးကျော်စာရင်းကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်၍ မြို့နယ်တစ်ခုချင်းစီ စတင်ကောက်ခံခဲ့ခြင်းဖြစ်သည်။

ကျူးကျော်နေအိမ်များက ဝါးခနိုများနှင့် တည်ဆောက်ထားခြင်း တစ်အိမ်နှင့်တစ်အိမ် ပူးကပ်စွာ တည်ဆောက်ထားခြင်းများကြောင့် နွေရာသီတွင် မီးဘေးအန္တရာယ်များ စိုးရိမ်ရပြီး၊ မိလ္လာစနစ်များကလည်း ကူးစက်ရောဂါ ပိုမိုကူးစက်လွယ်သည့် အခြေအနေများ ဖြစ်ပွားနိုင်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းက ပြောကြားသည်။

"ဒီဟာတွေနဲ့ ပတ်သက်လို့ ကမ္ဘာလှည့် ခရီးသွားတွေတွေ့ သွားတဲ့အခါမှာလည်း ကျွန်တော်တို့ နိုင်ငံရဲ့ ပုံရိပ်က မကောင်းဘူး။ ဒါကြောင့် ကျူးကျော်တွေကို မည်သည့်အချိန်မှာ ခန့်မှန်းပြီး နေရာချမှာလဲ။ ဘယ်လို စနစ်မျိုးနဲ့ နေရာချမှာလဲ" ဟု ဦးတင်ဝင်းကဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင် အတွင်းကျူးကျော်နေထိုင်သူ လူဦးရေ လေးသိန်းကျော်အထိရှိကြောင်း တိုင်း အစိုးရအဖွဲ့က ခန့်မှန်းထားချက်အရ ခန့်မှန်းထားသည်။

■ J-08

**မျက်နှာဖုံး - ပြည်တွင်း ဒေါ်လာနှင့် ငွေပေးချေမှုများကို မှ အဆက်**

များကို ဗဟိုဘဏ်က အသိပေးအကြောင်းကြားထားသော်လည်း လုပ်ငန်းအချို့က ဒေါ်လာနှင့်သာ ဆက်လက်၍ငွေပေးချေသုံးစွဲနေသည်ကို တွေ့ရှိရသောကြောင့် ထိုသို့ လုပ်ဆောင်ရန် ပြင်ဆင်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အကြီးတန်း အရာရှိတစ်ဦးက ပြောကြားသည်။

"ပြည်တွင်းမှာ ဒေါ်လာစီးဆင်းမှုကို ကန့်သတ်တာမဟုတ်ဘူး။ ငွေပေးချေမှုတွေ မများအောင် ကန့်သတ်တာ။ ဒီအတိုင်း Visa Card၊ Master Card တွေနဲ့တော့ ငွေပေးချေလို့ရတယ်။ ငွေသားကိုင်ပြီး ငွေချေခွင့်မပြုတာပါ။ ဒါကို ဗဟိုဘဏ်က သတိပေးတာ အကြိမ်ကြိမ်ရှိနေပါပြီ။ အရေးယူတဲ့ကာလကို ဆက်သွားတော့မှာပါ" ဟု ၎င်းကပြောဆိုသည်။

ယခုနှစ် မတ်လအတွင်းက ပြည်တွင်းခရီးစဉ်များကို ဒေါ်လာနှင့်ပေးချေရန်ကြော်ငြာသည့် ခရီးသွားလုပ်ငန်းများကို ခေါ်ယူအသိပေးခဲ့ပြီး လက်ရှိတွင်လည်း ဒေါ်လာနှင့် ကျောင်းစရိတ်ကောက်ခံနေမှုများကိုလည်း ဆက်လက်ခေါ်ယူသတိပေးမည်ဖြစ်ကြောင်း ဗဟိုဘဏ်ထံမှ သိရသည်။

ဗဟိုဘဏ်က ဒေါ်လာနှင့် ငွေပေးချေခြင်းကို တင်းကျပ်လာသဖြင့် အချို့သောလုပ်ငန်းများမှာ ဒေါ်လာကိုပုံသေထားပြီး ကျပ်ငွေဖြင့် ဒေါ်လာငွေဈေးအတိုင်း ကောက်ခံနေခြင်းများလည်းရှိကြောင်း ပုဂ္ဂလိကဘဏ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နိုင်ငံခြားမှာဆိုရင် သူတို့နိုင်ငံရဲ့ ငွေကိုပဲ အဓိကထားတွက်ချက်တယ်။ ဒီမှာကနှုန်းကို ဒေါ်လာနဲ့သတ်မှတ်ပြီး ဒေါ်လာပေါက်ဈေးအတိုင်း ငွေကောက်ခံတယ်။ ဒါတွေကိုလည်း ဗဟိုဘဏ်က ကြပ်မတ်သင့်တယ်။ ညွှန်ကြားတဲ့အတိုင်း မလိုက်နာတာကို ဒီအတိုင်းလွှတ်ထားတာက ဗဟိုဘဏ်ရဲ့ အားနည်းချက်ပဲ" ဟု ၎င်းကမှတ်ချက်ပေးပြောဆိုသည်။

ပြည်တွင်း၌ ရောင်းချ၊ ဝယ်ယူသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် ကျသင့်ငွေကို နိုင်ငံခြားသုံးငွေဖြင့် ရယူ၊ ပေးချေခြင်းတို့ကြောင့် ပြည်တွင်းတွင် ဒေါ်လာကျယ်ပြန့်စွာ အသုံးပြုမှုဖြစ်ပေါ်လာ၍ ဒေါ်လာလိုအပ်ချက် မြင့်မားလာနိုင်ကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်ငြိမ်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကျပ်ငွေဖြင့်အသုံးပြုရန် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက ဗဟိုဘဏ်က အမိန့်ကြော်ငြာစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ယင်းပြဿနာများ၏ အကြောင်းအရင်းမှာ ကောက်ခံသည့်လုပ်ငန်းများ၏ အပြစ်မဟုတ်ဘဲ ဒေါ်လာနှင့် ငွေကောက်ခံနေသော ဟိုတယ်၊ လေကြောင်းလိုင်းနှင့် အချို့သောစားသောက်ဆိုင်များကို တိုက်ရိုက်ကိုင်တွယ်ရမည့်ကိစ္စဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများက ဒေါ်လာနှင့်ကောက်ခံနေသောကြောင့် ခရီးသွားလုပ်ငန်းများကလည်း ဒေါ်လာနှင့်သာ ငွေပေးချေနေရကြောင်း Radiant ခရီးသွားကုမ္ပဏီ ပိုင်ရှင် ဦးနောင်းနောင်းဟန်က ရှင်းလင်းပြောကြားသည်။

■ J-13

**မျက်နှာဖုံး - သာသနာရေးဝန်ကြီးဌာန၏ ကိုဆွေဝင်းအမှုကိစ္စနှင့် မှ အဆက်**

ပြောဆိုမှုကို အများပြည်သူ သိရှိစေရန် အသိပေးရန် တာဝန်ရှိသည့် သတင်းသမားတစ်ဦးအနေနှင့် ဝေဖန်ထောက်ပြခြင်းဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် သတင်းအချက်အလက်များပေါ် ဝေဖန်ခြင်းသာဖြစ်၍ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)၊ သာသနာ အကြည်အညို ပျက်စေမှု ပုဒ်မများဖြင့် တရားစွဲဆို၍ မရကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနက ကိုဆွေဝင်းထံ အကြောင်းကြားစာကို ဧပြီလ ၂ ရက်ရက်စွဲဖြင့် ပေးပို့ခဲ့ခြင်းဖြစ်သည်။

Myanmar Now အယ်ဒီတာချုပ် ကိုဆွေဝင်း၏ လူမှုကွန်ရက်စာမျက်နှာပေါ် ရေးသားချက်သည် ဦးဝီရသူအပေါ် အကြောင်းမဲ့သက်သက် ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ရည်ရွယ်ရေးသားခြင်းမဟုတ်ကြောင်း၊ ၎င်း၏ ဝေဖန်ထောက်ပြချက်မှာ သာမန်ထေရဝါဒ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်တစ်ဦးပင် စောင့်စည်းအပ်သော ဝစီဒုစရိုက် ၄ ပါးကို ဦးဝီရသူအနေနှင့် ကျူးလွန်နေသောကြောင့် ရဟန်းတစ်ပါးက မှတ်ချက်ပြုမိန့်ကြားချက်အပေါ် အခြေခံ၍ ရေးသား ခြင်းဖြစ်သည့်အတွက် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် ငြိစွန်းခြင်းမရှိကြောင်း ယင်းအကြောင်း ပြန်ကြားစာတွင် ဖော်ပြထားသည်။

ယင်းထုတ်ပြန်ချက်နှင့် ပတ်သက်၍ တရားလွှတ်တော်ရှေ့နေ ဦးကျော်ဟိုးက "သာသနာရေး ဝန်ကြီးဌာနအနေနဲ့ မှတ်ချက်က ပေးလို့ရပါတယ်၊ တရားစွဲ တဲ့အဖွဲ့အစည်းကို တင်ပြခွင့်ရှိပါတယ်၊ အဓိကကတော့ ကိုဆွေဝင်းဘက်က သက်သေပေါ့။ ဒါက သက်ဆိုင်သူကို သူရဲ့ ထင်မြင်ယူဆချက် အထောက်အထား တစ်ခုအနေနဲ့ပေးတာ ပေးတာပဲ၊ လက်ခံတာ မခံတာကတော့ တရားစွဲအဖွဲ့အစည်းပဲ။ တရားစွဲအဖွဲ့အစည်းက အခုလက်မခံရင်လည်း တရားရုံးမှာ ထပ်တင်ပြခွင့်ရှိတယ်" ပြောကြားသည်။

သာသနာရေးဝန်ကြီးဌာနအနေနှင့် ပြစ်မှုမြောက် မမြောက်ဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်း၊ ဦးတိုက်လျှောက်ထားသည့်အမှုတွင် တရားရုံးအနေနှင့် ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း စစ်ဆေးပါက ပလပ်နိုင်ကြောင်း၊ ရဲစခန်းတိုင်ကြားသည့် အမှုဖြစ်ပါက ရဲလုပ်ငန်းကုန်စင်အောင်လုပ်ပြီး ဥပဒေအကြံပေးတောင်းခံကာ တရားစွဲဆိုရန် ခိုင်လုံသော အထောက်အထားသက်သေမရှိပါက အမှုပိတ်သိမ်း၍ရကြောင်း တရားလွှတ်တော်ရှေ့နေ ဦးခင်ဇော် (မရမ်းကုန်း)ကရှင်းပြသည်။

"သာသနာရေးဝန်ကြီးဌာနက စာပို့ရုံနဲ့ အမှုပိတ်လို့မရဘူး၊ ရုံးစာအနေနဲ့ပို့တာ ပို့လို့ရတယ်၊ တိုင်စာလည်း တရားရုံးပို့လို့ရတယ်၊ အစီရင်ခံစာလည်း ပို့လို့ရတယ်၊ တရားရုံးက ပြစ်မှုကျူးလွန်ကြောင်းခိုင်လုံစွာ မပေါ်ပေါက်ရင် လွှတ်လို့ရတယ်၊ သာသနာရေးဝန်ကြီးဌာနက ပြစ်မှုနဲ့ငြိစွန်းမှုမရှိဘူးလို့ ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး၊ ငြိမငြိဆိုတာ တရားရုံးက ဆုံးဖြတ်လိမ့်မယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တရားစွဲဆိုခံရမှုနှင့် ပတ်သက်၍ တရားရုံးတွင် ဆုံးဖြတ်ပြီး တရားစွဲဆိုခံရခြင်းမရှိသေးသည့်အတွက် ယေဘုယျပေးပို့နိုင်ကြောင်း၊ တရားစွဲဆိုပြီးပါက ပြောပိုင်ခွင့်မရှိကြောင်း၊ သာသနာရေးဝန်ကြီး ဌာနအနေနှင့် အမှန်တရားကို ဖော်ထုတ်ရေးသားနေသည့် ကိုဆွေဝင်းအပေါ်မှတ်ချက်ပေးထောက်ခံရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေနှင့် ဦးဝီရသူအပေါ်တရားစွဲဆိုခြင်းမရှိသည်မှာ မေးခွန်းထုတ်စရာဖြစ်နေကြောင်း တရားလွှတ်တော် ဦးသိန်းသန်းဦးက သုံးသပ်ပြောကြားသည်။

"သာသနာရေးဝန်ကြီးက ခုလိုထုတ်ပြန်တာကို ကျွန်တော်တို့က ထောက်ခံပါတယ်။ ကြိုဆိုပါတယ်။ ကိုဆွေဝင်းကို စွဲထားတဲ့အမှုကလည်း တရားရုံးကိုမရောက်သေးဘူး၊ တရားရုံးရောက်သွားတဲ့ အချိန်မှာ ထုတ်ပြန်ရင်တော့ မရဘူးပေါ့ဗျာ။ သာသနာရေးနဲ့ သက်ဆိုင်တဲ့အတွက် သူ့သဘောထားကို ရှင်းရှင်းလင်းလင်း ဖော်ပြတာဖြစ်တယ်။ ကိုဆွေဝင်းအမှုရင်ဆိုင်ရာမှာတော့ ဒီထုတ်ပြန်ချက်က အထောက်အထားတစ်ခုဖြစ်မှာပါ။ တရားစီရင်ရေးမှာတော့ ဘာမှဖြစ်မှာမဟုတ်ပါဘူး၊ တရားရုံးကပဲ ဆုံးဖြတ်မှာပါ" ဟု ဦးသိန်းသန်းဦးကဆိုသည်။

ကိုဆွေဝင်းအပေါ် ကျောက်တံတားမြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုချက်သည် သာသနာ ညှိုးနွမ်းစေမှုပုဒ်မဖြင့်လျှောက်ထားတရားစွဲဆိုသည်ဟု ယူဆကြောင်း၊ ယင်းပုဒ်မဖြင့် တရားစွဲပါက ကိုဆွေဝင်း၏ ဦးဝီရသူ အပေါ် ပြောကြားချက်သည် သတင်းသမား တစ်ဦးအနေဖြင့် ဖြစ်ပေါ်နေသော သတင်းအချက်အလက်များအပေါ် အခြေခံ၍ သဘောရိုးဖြင့် ဝေဖန်ထောက်ပြခြင်းဖြစ်ပြီး သာသနာတော်နှင့်ပတ်သက်၍ ထည့်သွင်းဖော်ပြခြင်း၊ သုံးနှုန်းခြင်း၊ အလျှင်းမပါရှိသဖြင့် ရာဇသတ်ကြီး ပုဒ်မ ၂၉၅ -ကတွင် ဖော်ပြသည့် အချက်များနှင့် ငြိစွန်းခြင်းမရှိကြောင်း ယင်းအကြောင်းပြန်ကြားစာအရ သိရသည်။

"ဒီမြို့နယ်မှာ စွဲတဲ့အမှုက ဦးတိုက်လျှောက်ထားတဲ့အမှုပါ၊ တရားရုံးက ပုဒ်မ မတပ်ရသေးဘူး၊ ကိုဆွေဝင်းကို စစ်ဆေးပြီးမှ ပြန်လည်တင်ပြရမှာ၊ ရဲကတော့ လုပ်ထုံးလုပ်နည်းအတိုင်း စစ်ဆေး၊ စစ်ဆေးချက်တွေယူမယ်၊ ပြီး ရင် တင်ပြသွားမယ်၊ သာသနာရေးဝန်ကြီးဌာနက အကြောင်းပြန်ချက်ကိုတော့ ကိုဆွေဝင်း တင်ပြခဲ့ရင် လက်ခံ ပြီးပူးတွဲတင်ပြသွားမှာပါ" ဟု ကျောက်တံတားမြို့မရဲစခန်းမှူး ဒုရဲမှူး တိုးမြို့ကပြောကြားသည်။

Myanmar Now သတင်းထောက်ချုပ် ကိုဆွေဝင်းကို မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၇) ရဲစခန်းတွင် ဦးဝီရသူ၏ တပည့် ဦးကျော်မျိုးရွှေက ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်တွင်နေထိုင်သူ ကိုသက်မျိုးဦးက ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတား မြို့နယ်တရားရုံးတွင် ရာဇသတ်ကြီးပုဒ်မဖြင့် အရေးယူပေးပါရန် ဦးတိုက်လျှောက်ထားခြင်းဖြင့် လည်းကောင်း တိုင်ကြားထားသဖြင့် သာသနာရေးဝန်ကြီးဌာနသို့ တင်ပြတိုင်ကြားခဲ့ရာ သဘောထားမှတ်ချက် ပြန်လည်ပေးပို့ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ မန္တလေးက ရဲအုပ်ကျော်သူက ကျောက်တံတားရဲစခန်းမှာလာစစ်တယ်၊ သူ့ကိုလည်း သာသနာရေးဝန်ကြီးဌာနက အကြောင်းပြန်ကြားစာကို ရာဖွေပုံစံမှာ လက်မှတ်ထိုးအပ်ပေးခဲ့တယ်။ သာသနာရေး ဝန်ကြီးဌာနက ပြည်ထောင်စုအဆင့်အနေနဲ့ ပြန်ကြားထားတာဖြစ်တယ်။ အဲဒါကြောင့် ပြည်ထောင်စုအစိုးရရဲ့ သဘောထား တစ်ခုလို့ ယူဆရပါမယ်။ အဲတော့အဲဒီသဘောထားက ကိုဆွေဝင်းဟာ စွဲဆိုထားတဲ့ အမှုတွေနဲ့ ငြိစွန်းခြင်းမရှိဘူးလို့အတိအကျ ဖော်ပြထားတဲ့အတွက် ဒီအမှုမှာ ကိုဆွေဝင်းမှာ အားသာမှုတွေရှိလာတာပေါ့။ အင်မတန်အားကောင်းတဲ့ အထောက်အပံ့တွေရပါတယ်ခင်ဗျ။ အဓိကကတော့ သက်ဆိုင်ရာဌာနတွေ က မှတ်ချက်ပြန်ကျမှ တရားစွဲ၊ မစွဲ သိရမှာပါ" ဟု ကိုဆွေဝင်း၏ ဥပဒေအကြံပေး ဦးခင်မောင်မြင့်က ပြောကြားသည်။

ယင်းကြောင့် ပြန်ကြားစာတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် တရားစီရင်ရေးဌာန၊ တရားစွဲဌာနမဟုတ်သည့်အပြင် ဥပဒေ အကြောင်းအရ ကြားဝင်ဖြေရှင်းရန်နှင့် သဘောထားမှတ်ချက်ပေးရန် တာဝန် မရှိသော်လည်း စွပ်စွဲခံရသူ ကိုဆွေဝင်းအနေဖြင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းတင်ပြရာတွင် အထောက် အထားများဖြစ်စေရန် အကြောင်းပြန်ကြားခြင်းဖြစ်ကြောင်း အကြောင်းပြန်ကြားချက်အရ သိရသည်။

"ပြစ်မှုမြောက်တယ်၊မမြောက်ဘူး ဆိုတာက တရားရုံးက ဆုံးဖြတ်ရမှာဖြစ်ပါတယ်၊ တရားစီရင်ရေးတောင်မှ အောက်ရုံးကဆုံးဖြတ်ပေးမယ့် အထက်ရုံးက ပြောင်းချင် ပြောင်းသေးတာ။ ဒါကဝန်ကြီးဌာနရဲ့တစ်ဖက်သတ်အမြင်သာဖြစ်ပါတယ်။ ဥပဒေအရ ကိုက်ညီတယ်၊ မကိုက်ညီဘူးဆိုတာက ဥပဒေအရ ထုတ်ဖော် ခွင့်ပြောခွင့်မရှိပါဘူး၊ ၊ ဒီပြန်ကြားချက်မှာ ဝန်ကြီးဌာနရဲ့ရှုထောင့်အမြင်ဖြင့်သာ သုံးသပ်ခြင်းဖြစ် ပါတယ်လို့ ဒီစကားလုံးလေးပါရမှာဖြစ်ပါတယ်လို့ပြောချင်ပါတယ်" ဟု မဘာသ (ဗဟို )၏ ဥပဒေအကြံပေးရှေ့နေ ဦးအေးပိုင်က ပြောကြားသည်။

■J-16,M-04

**The Voice Daily စာဖတ်ပရိသတ်များသို့**

မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်ကာလအတွင်း The Voice Daily သတင်းစာကို
ဧပြီ ၉ ရက်နေ့မှ ဧပြီလ ၁၉ ရက်နေ့အထိ ထုတ်ဝေမှု ရပ်နားထားမည်ဖြစ်ပြီး
ဧပြီလ ၂၀ ရက်နေ့တွင် ပြန်လည် ထုတ်ဝေသွားမည် ဖြစ်ပါကြောင်း
စာဖတ်ပရိသတ်များကို လေးစားစွာ အသိပေးအပ်ပါသည်။


Ovaltine
အတာသင်္ကြန်ပွဲတော်မှာ လန်းဆန်းစေဖို့
အိုဗာတင်း ၄၀၀ ဂရမ် ဘူးကို ဝယ်ယူပြီး
အိုဗာတင်းအဖုံးလက်ဆောင်
လက်ဆောင် ရေဗူးအဖုံး
Ovaltine Malted Milk
COMPLETE NUTRITION
လက်ဆောင် ရေဗူးအဖုံး
Ovaltine
COMPLETE NUTRITION
ပစ္စည်းအရေအတွက်ကန့်သတ်ထားလို့ မြန်မြန် ဝယ်လိုက်နော်

# ဗိုလ်ချုပ်ပြတိုက်ကို ၂၀၁၈ ခုနှစ်ထိ ဝင်ကြေးအခမဲ့ဖြင့် လည်ပတ်ခွင့်ပြု

**ရန်ကုန်၊ ဧပြီ ၅**

နိုင်ငံသားများအနေနှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို ၂၀၁၈ ခုနှစ်ဘဏ္ဍာနှစ်ကုန်အထိ ဝင်ကြေးအခမဲ့ဖြင့် လည်ပတ်ခွင့်ပြုကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနထံမှ သိရသည်။

ပြတိုက်၏ဝင်ကြေးကောက်ခံမှုစနစ်ကို ၂၀၁၈ခုနှစ်ကုန်ဘဏ္ဍာနှစ်အထိ ပြည်တွင်း အခမဲ့နှင့် နိုင်ငံခြားသား ငါးထောင်ကျပ်နှုန်းဖြင့် ဆက်လက်ကောက်ခံရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက မတ်လ ၃၁ ရက်တွင် ညွှန်ကြားထားပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနထံမှ သိရသည်။

ပြတိုက်ဝင်ကြေးကို ပြည်တွင်းပြည်ပမှ မည်သည့်နိုင်ငံသားမဆို ကျပ်ငွေ ၃၀၀နှုန်းဖြင့် တစ်ပုံစံတည်း ကောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်မှ ၂၀၁၇ ခုနှစ် မတ်လအထိ နိုင်ငံခြားသားတစ်ဦးကို ကျပ်ငွေ ငါးထောင်နှုန်းသို့ တိုးမြှင့်ခဲ့သော်လည်း ပြည်တွင်းကိုမူ ဝင်ကြေး အခမဲ့သို့ပြောင်းလဲခဲ့ကြောင်း ဗိုလ်ချုပ်ပြတိုက်၏ဦးစီးအရာရှိ ဒေါ်သီသီသောင်းက ဆိုသည်။

"ဗိုလ်ချုပ်ပြတိုက်ကို ပြည်ပခရီးသွားတွေ ပိုမိုစိတ်ဝင်စားကြတယ်။ နိုင်ငံခြားသားတွေဆီက ရနေတဲ့ ဝင်ကြေးနှုန်းနဲ့ ပြတိုက်ပြုပြင်ထိန်းသိမ်းရေးစရိတ် ပြန်ကာမိတယ်။ ဒါကြောင့် ဝန်ကြီးဌာန ဒီအတိုင်းပဲ တစ်နှစ် ထပ်တိုးလိုက်တာပါ။ပြည်တွင်းကတော့ အခမဲ့ပဲပေါ့" ဟု ၎င်းကဆိုသည်။

ပြည်ပခရီးသွားများက ဗိုလ်ချုပ်ပြတိုက်ထံ ပိုမိုဝင်ရောက်လာနေခြင်းဖြစ်ပြီး တစ်လလျှင် နိုင်ငံခြားသားဦးရေ ၇၀၀ နှင့် ၁၀၀၀ ကြား ပုံမှန်လာရောက်လည်ပတ်လျက်ရှိကြောင်း အဆိုပါပြတိုက်ထံမှ သိရသည်။

"ပြတိုက်က အရင်လိုမဟုတ်ဘဲ ဗိုလ်ချုပ်အသုံးအဆောင်တွေနဲ့ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံတွေကို အသေးစိတ် လေ့လာကြည့်ရှုနိုင်အောင် စီစဉ်ပေးထားတယ်။ ဓာတ်ပုံရိုက်ချင်လည်း ရိုက်နိုင်တယ်။ ဘာမှ မကန့်သတ်ထားဘူး။ တစ်ခုပဲ ရှေးဟောင်းအသုံးအဆောင် ပစ္စည်းတွေ



ဓာတ်ပုံ-အောင်နိုင်

ဖြစ်တော့ ထိတွေ့ကိုင်တွယ်လို့တော့ မရဘူး" ဟု ဒေါ်သီသီသောင်းက ဆိုသည်။

ထို့အပြင် ပြည်တွင်းခရီးသွားကုမ္ပဏီများက ရန်ကုန်မြို့သို့ ရောက်ရှိသော နိုင်ငံခြားခရီးသွားများ လေ့လာရန် ဗိုလ်ချုပ်ပြတိုက်သို့ ခရီးစဉ်လမ်းကြောင်းအတွင်း ထည့်သွင်းရေးဆွဲလိုက်ပါပို့ဆောင်မှုများလည်း ရှိလာကြောင်း၊ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလ ၅ ရက်အထိ ပြတိုက်သို့ ပြည်ပခရီးသွားပမာဏ သုံးထောင့်ငါးရာခန့် ဝင်ရောက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးအမျိုးသားပြတိုက်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ဆိုသည်။

■ J- 17

# မကွေးတိုင်းတရားရုံးက ဦးပြုံးလွင်ကို တရားရှင်လွှတ်

**မကွေး၊ ဧပြီ ၅**

ဂန့်ဂေါမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်အပေါ် ပုဒ်မ ၅၀၀ ဖြင့် စွဲချက်တင်နိုင်ရေးအတွက် မြို့နယ်နှင့်ခရိုင်တရားရုံးများက ဦးလှဆွေကို အနိုင်ပေးခဲ့သော်လည်း ဧပြီလ ၄ ရက်နေ့တွင် မကွေးတိုင်းတရားရုံးက ဦးပြုံးလွင်ကို စွဲချက်မတင်ဘဲ တရားရှင်လွှတ်ပေးခဲ့ကြောင်း ဦးပြုံးလွင်၏ အကျိုးဆောင်တရားလွှတ်တော်ရှေ့နေ ဒေါ်မြတ်သူဇာလင်းက ပြောကြားသည်။

၂၀၁၂- ၂၀၁၃ ခုနှစ်ဝန်းကျင်က ဂန့်ဂေါမြို့နယ် မြောက်ခရမ်းကျေးရွာမှ တောင်သူအချို့သည် ၎င်းတို့၏ယာမြေများကို ဦးလှဆွေက သိမ်းယူခဲ့သည်ဟုဆိုကာ တိုင်ကြားခဲ့ရာ ယင်းအချိန်က အဆိုပါကျေးရွာ၏ လယ်ယာမြေ စီစစ်ရေးကော်မတီအဖွဲ့ဝင် ဦးပြုံးလွင်က တိုင်စာရေးပေးခဲ့ခြင်းနှင့် ပတ်သက်၍ ဦးလှဆွေ(ဘူးလက်)က အသရေပျက်အောင်ပြုသည်ဟုဆိုကာ တိုင်ကြားထားခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"မကွေးတိုင်းတရားရုံးက ဦးပြုံးလွင်ကို အနိုင်ပေးခဲ့တာပါ။ စွဲချက်မတင်ခင်မှာတင် တရားရှင်လွှတ်ပေးတယ်လို့ပြောရမှာပါ။ ဒီသတင်းအမှန်ပါ" ဟု တရားလွှတ်တော်ရှေ့နေ ဒေါ်မြတ်သူဇာလင်းက ထပ်ဆင့်အတည်ပြုပြောဆိုသည်။

လက်ရှိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်ကို တိုင်ကြားခဲ့သည့် ယခင်အမတ်ဟောင်း ဦးလှဆွေကို ဆက်သွယ်မေးမြန်းခဲ့ရာ ယင်းကိစ္စကို မသိရသေးကြောင်းသာ ပြန်လည်ဖြေကြားခဲ့သည်။

"မြို့နယ်နဲ့ ခရိုင်မှာတုန်းကတော့ ကျွန်တော်ကအနိုင်ရထားတာပဲ။ ဒါကြောင့် သူတို့ဘက်က တိုင်းအဆင့်တက်လျှောက်တာ။ ဘယ်နေ့က ဘယ်လိုဆုံးဖြတ်ခဲ့တယ်ဆိုတာကို ကျွန်တော်မသိရသေးတာ အမှန်ပါ" ဟု တိုင်ကြားခဲ့သူ ဦးလှဆွေက ပြောဆိုသည်။

ဦးလှဆွေ တိုင်ကြားထားသည့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သော အခြားအမှုများလည်းရှိနေသေးပြီး ဧပြီလ ၁၁ ရက်နေ့တွင် နေပြည်တော်၌ အပြီးသတ်အယူခံတစ်ခု ရှိနေသေးကြောင်း ဦးပြုံးလွင်က ပြောကြားသည်။

■ R-02

## မျက်နှာဖုံး - မကွေးအစိုးရဟောင်း ရန်ပုံငွေ အရှုပ်တော်ပုံ မှ အဆက်

မျက်နှာဖုံး - မကွေးအစိုးရဟောင်း ရန်ပုံငွေ အရှုပ်တော်ပုံ မှ အဆက်

စာရင်း မရှိဘဲ သုံးစွဲငွေ ( ၂ ဒသမ ၈ ) ဘီလီယံကို ပြန်လည်စိစစ်ပေးရန် ရှိမရှိ ကို မေးမြန်းခဲ့ရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ယင်းငွေကြေး ကိစ္စရပ်များအပေါ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ စာရင်းမရှိ သုံးစွဲခဲ့ကြောင်း ဖြေဆိုခဲ့သည်။

လွှတ်တော်၌ ပြည်ထောင်စုဝန်ကြီး ရှင်းလင်းပြီးနောက်မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် (ဟောင်း) ဦးဘုန်းမော်ရွှေ အပါအဝင် တိုင်းအစိုးရ အဖွဲ့ဝင်များကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ၌ပြည်ထဲရေးဝန်ကြီးဌာန (စသုံးလုံး) မှ စစ်ဆေးခဲ့ရာ ရေနံလက်ယက်တွင်း ရန်ပုံငွေ (၂ ဒသမ ၈) ဘီလီယံမဟုတ်ပဲ စုစုပေါင်း ရန်ပုံငွေ (၇ ဒသမ ၄၅၉ )ဘီလီယံ ကို တိုင်းအစိုးရအဖွဲ့ ဝန်ကြီးဟောင်းများမှ သုံးစွဲခဲ့ကြောင်း ပေါ်ပေါက်ခဲ့ရုံမက ယင်းရန်ပုံငွေ စုစုပေါင်းမှ ကျပ် သန်း ၁၇၀၀ ကို (၁ ဒသမ ၇ဘီလီယံ) ကို ကြံ့ခိုင်ရေးပါတီအတွက် သုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ စသုံးလုံး၏ အစီရင်ခံစာ၌ ရေနံလက်ယက်တွင်း ရန်ပုံငွေ (၇ ဒသမ ၄၅၉ )ဘီလီယံမှ ဒေသဖွံ့ဖြိုးရေးအတွက် သုံးစွဲငွေ (၄ ဒသမ ၁၈ ဘီလီယံ)၊ ရွှေသုခ အသေးစား ချေးငွေလုပ်ငန်း (၁ ဒသမ ၅၇) ဘီလီယံ၊ ကြံ့ခိုင်ရေးပါတီအတွက် သုံးစွဲငွေ(၁ ဒသမ ၇)ဘီလီယံသုံးစွဲခဲ့ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

ယင်းအစီရင်ခံစာအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးထံ တင်ပြထားကြောင်း တိုင်းအစိုးရအဖွဲ့မှ အတည်ပြုပြောဆိုခဲ့သည်။

"အသေးစိတ်တော့ ပြောလို့မရဘူး။ နောက်ပိုင်းမှ ထုတ်ပြန်ပေးမယ်" ဟု မကွေးတိုင်း ဒေသကြီး အစိုးရ အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ကြီး ဦးနေမျိုးကျော်က ပြောကြားသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို တာဝန်ယူဆောင်ရွက်ခဲ့သော ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ကြံ့ခိုင်ရေးပါတီ တိုင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည်။

အလားတူ တိုင်းဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အများစုသည် မကွေးတိုင်း ကြံ့ခိုင်ရေးပါတီ၏ခရိုင်နှင့် မြို့နယ်များတွင် အလုပ်အမှုဆောင်များအဖြစ် တာဝန်ယူလျက်ရှိသူများဖြစ်သည်။

"သုံးထားတဲ့ငွေတွေက ပြန်လျော်မှာလား၊ ဥပဒေအရ ဘာတွေဖြစ်လာမယ်ဆိုတာ စောင့်ကြည့်သွားမယ်" ဟု ပွင့်ဖြူမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းကဆိုသည်။

အဆိုပါ ရေနံလက်ယက်တွင်း ရန်ပုံငွေမှ ကြံ့ခိုင်ရေးပါတီမှ သုံးစွဲထားသော ကိစ္စရပ်အပေါ် ကြံ့ခိုင်ရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးပိုက်ထွေးထံ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာ ဖုန်းကိုင်သူက အစည်းအဝေး လုပ်နေကြောင်း ပြန်လည်ပြောဆိုခဲ့သည်။

■ J-08

The VOICE Daily

CARTOON




## စာဖတ်သူများသို့

The Voice Daily သတင်းစာတွင် ဖော်ပြနေသော အနိုင်ရ ပြည်ထောင်စုလွှတ်တော်အမတ်များ မိတ်ဆက်ကဏ္ဍတွင် ကျန်ရှိသည့် လွှတ်တော်အမတ် ၈ ဦးကို ဧပြီလ ၇ ရက်နေ့ထုတ် သတင်းစာတွင် ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါကြောင်း စာဖတ်သူများကို လေးစားစွာ အသိပေးအပ်ပါသည်။

# စဥ့်ကိုင်မှ ဒုရဲအုပ်တစ်ဦးကို အဂတိတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်

**မန္တလေး၊ ဧပြီ ၅**

စဥ့်ကိုင်မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်တစ်ဦးကိုမြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်ထားကြောင်း မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

စဥ့်ကိုင်မြို့နယ် ကျွဲနဖားကျေးရွာမှ တောင်သူတစ်ဦး လယ်ယာလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ခိုင်းနွားနှစ်ကောင် ဝယ်ယူမောင်းယူလာစဉ် ယင်းမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် စိုးမိုးအောင်က ငွေကျပ်နှစ်သိန်း တောင်းယူခဲ့သည်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် အမှုဖွင့်အရေးယူပေးရန် တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စဥ့်ကိုင်မြို့နယ် ကျွဲနဖားကျေးရွာမှ တောင်သူဦးဝင်းလွင်က ယင်းမြို့နယ် ဇော်ဂျီကျေးရွာနှင့် ကျောက်တန်းကျေးရွာတို့မှ ခိုင်းနွား အထီးနှစ်ကောင် ဝယ်ယူကာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် ၎င်းနေထိုင်ရာ ကျေးရွာသို့ မောင်းနှင်လာစဉ် မီးသွေးဘုတ်ကျေးရွာအုပ်စု ရဲရွာသစ်ကျေးရွာအနီးတွင် ဒုရဲအုပ်စိုးမိုးအောင်က ငွေတောင်းယူခဲ့ခြင်းဖြစ်ကြောင်း တိုင်းရဲတပ်ဖွဲ့မှူးရုံးထံ တင်ပြသည့်စဥ့်ကိုင်မြို့နယ်ရဲစခန်း၏ ကြေးနန်းတွင် ဖော်ပြထားသည်။

ယင်းသို့ငွေကြေးတောင်းယူမှုကို တောင်းယူခံရသူ ဦးဝင်းလွင်က မန္တလေးတိုင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ထံ တိုင်ကြားခဲ့ခြင်း ဖြစ်ပြီး ယင်းကော်မတီ စစ်ဆေးရေးအဖွဲ့က စစ်ဆေးရာတွင် ကျူးလွန်ကြောင်း ပေါ်ပေါက်ခဲ့သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ စစ်ဆေးရေးမှူး ဦးဇော်ထွန်းက တိုင်ကြားခဲ့ခြင်းဖြစ်သည်ဟု အဆိုပါကြေးနန်းအရ သိရသည်။

ဒုရဲအုပ် စိုးမိုးအောင်သည် လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးအနေနှင့် တာဝန်ထမ်းဆောင်နေစဉ် ရာထူးတာဝန်ကို အလွဲသုံးခဲ့သည့်အတွက် စဥ့်ကိုင်မြို့မရဲစခန်းက (ပ)၁၁၁/၂၀၁၇၊ ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ ဖြင့် အမှုဖွင့်ထားပြီး ၎င်းကို အိုးဘိုအကျဉ်းထောင်သို့ ပို့ဆောင်ထိန်းသိမ်းထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

**M-04**




မြန်မာနိုင်ငံရှိပုဂ္ဂလိက ဆေးရုံ ၃ ခုနှင့် မလေးရှား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာခရီးသွားကောင်စီတို့ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလက်မှတ်ရေးထိုးပွဲကို ဧပြီ ၅ ရက်နေ့၌ ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်စဉ်။

# ပုဂ္ဂလိကဆေးရုံသုံးရုံ မလေးရှားနှင့်ပေါင်း၍ ဝန်ဆောင်မှုပေးမည်

**ရန်ကုန်၊ ဧပြီ ၅**

မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဆေးရုံ ၃ ခုနှင့် မလေးရှားကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ခရီးသွားကောင်စီတို့ပူးပေါင်း၍ ကျန်းမာရေးစောင့် ရှောက်မှုဆိုင်ရာများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလေးရှားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ခရီးသွားကောင်စီမှ အမှုဆောင်အရာရှိချုပ် Ms. Sherene Azil ကပြောကြားသည်။

မလေးရှား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ခရီးသွားကောင်စီနှင့် ဥက္ကလာပအထူးကုဆေးရုံကြီး(OSC)၊ အောင်ရတနာဆေးရုံနှင့်KEMBANGAN UHC ဆေးရုံတို့ပူးပေါင်း၍ နှလုံးရောဂါ၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါ၊ ကင်ဆာရောဂါ၊ အရိုးအကြောအဆစ်ရောဂါများအတွက် မြန်မာနိုင်ငံ၌လိုအပ်မည့် ကုသမှုများနှင့် မျိုးပွားခြင်းနှင့်သက်ဆိုင်သော ကုသမှုများကို မြှင့်တင်ပေးခြင်းအားဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန်စီစဉ်နေကြောင်း ထုတ်ပြန်ချက်အရသိရသည်။

ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်မည့် လက်မှတ်ရေးထိုးပွဲကို ဧပြီ ၅ ရက်နေ့တွင် ဆီးဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့သည်။

■

**J-12**

# ကျေးရွာမှ ဖြုတ်ထားသည့် ပါတီဆိုင်းဘုတ်ကို ပါတီဗဟိုအဖွဲ့မှ ပြန်လည်စိုက်ထူ

**သံဖြူဇရပ်၊ ဧပြီ ၅**

ရေးမြို့နယ်၊ တောင်ပြင်ကျေးရွာတွင် ဧပြီလ ၁ ရက်နေ့တွင် ကျေးရွာအဆင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ အဖွဲ့ဝင်များ ရွာလုံးကျွတ်နီးပါး နုတ်ထွက်သည့်အတွက် ပါတီရုံးနှင့် ပါတီဆိုင်းဘုတ်ကို ဖြုတ်ချထားရာ ဧပြီလ ၅ ရက် နံနက်ပိုင်းတွင် ပါတီဗဟိုအဖွဲ့က လာရောက်ကာ ဆိုင်းဘုတ်ကို ပြန်လည်စိုက်ထူခဲ့ကြောင်း ယင်းပါတီထံမှ သိရသည်။

ပါတီဆိုင်းဘုတ်ပြန်လည် စိုက်ထူပွဲကို မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီမှ ဒုတိယ ဥက္ကဋ္ဌ နိုင်ချမ်းတိ၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမင်းနွယ်စိုး၊ တွဲဖက်အတွင်းရေးမှူး နိုင်စံတင်နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီများ လာရောက်ကာ ဆိုင်းဘုတ်တင်ခဲ့သည်။

"ကျွန်တော်တို့ပါတီက နိုင်ငံရေးလမ်းစဉ်ကို ဆက်လျှောက်မယ်လို့ ဆုံးဖြတ်ချက်ချထားတဲ့အတွက် ဒီရွာမှာပါတီကို ပြန်တည်ဆောက်ရမယ်၊ သူတို့ချလိုက်တဲ့ ပါတီရဲ့ အလံဆိုင်းဘုတ်တွေကို ပြန်ထူထောင်မယ်ဆိုပြီး ဒီအခမ်းအနားကိုလုပ်တာပါ"ဟု မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ အထွေထွေ အတွင်းရေးမှူး ဒေါက်တာမင်းနွယ်စိုးက ပြောကြားသည်။

ယင်းကျေးရွာပါတီအဖွဲ့ဝင် ၂၀၀ ကျော်တို့က ပါတီခေါင်းဆောင်များက ပါတီဗဟိုအလုပ်အမှုဆောင်တစ်ဦးကို ထုတ်ပယ်မှု၊ ပါတီပေါင်းစည်း ညှိနှိုင်းရေးအဖွဲ့ကို အသိအမှတ်မပြုမှု၊ မွန်လူထုနှင့် ပါတီဝင်တို့၏ အသံကို နားမထောင်မှု၊ ပါတီက ချမှတ်ထားသော ပါတီပေါင်းစည်း ညှိနှိုင်းရေးဆိုင်ရာ လမ်းပြမြေပုံကို ရုပ်သိမ်းလိုက်မှုအပေါ် မကျေနပ်သဖြင့် ပါတီမှ နုတ်ထွက်ပြီး ပါတီဆိုင်းဘုတ်နှင့် အလံများကို ဖြုတ်ချခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

"ကျွန်တော်တို့ အခုအချိန်မှာ ဘယ်ပါတီမှလည်း လုပ်တော့မှာမဟုတ်ဘူး၊ မွန်လူမျိုး၊ ညှိနှိုင်းရေးအဖွဲ့၊ မွန်လူငယ်တွေကနေ အသစ်ဖွဲ့မယ့် ပါတီတစ်ခု ဖြစ်လာမယ်၊ အဲဒီပါတီက တကယ်အင်အားကောင်းမယ်၊ပြည်သူအတွက်အမှန်တကယ်အကျိုးပြုမယ်ဆိုရင် ကျွန်တော်တို့ အဲဒီပါတီကို ထောက်ခံပြီး ပြန်လုပ်သွားမှာပါ၊ ပါတီက နုတ်ထွက်တာကို ပါတီဗဟိုကို နုတ်ထွက်စာမတင်ဘူး"ဟု ပါတီမှ နုတ်ထွက်လိုက်သည့် ကျေးရွာအဆင့် ပါတီဥက္ကဋ္ဌ နိုင်မွန်စိုက်က ပြောသည်။

ယင်းကဲ့သို့နုတ်ထွက်မှုနှင့် ပတ်သက်၍ တရားဝင်နုတ်ထွက်စာကို ပါတီဗဟိုထံ တင်ပြထားခြင်းမရှိသဖြင့် တရားဝင်နုတ်ထွက်တာကို မသိရှိကြောင်း ဒေါက်တာမင်းနွယ်စိုးက ပြောကြားသည်။

# ကျန်းမာရေးနှင့်အားကစား သုတေသနအတွက် ကျပ်သန်းတစ်ထောင် သုံးစွဲမည်

**နေပြည်တော်၊ ဧပြီ ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် သုတေသနအတွက် ယခုနှစ်တွင် ကျပ်ငွေ သန်းပေါင်းတစ်ထောင်ကို (၁ ဘီလီယံ) ကို သုံးစွဲခွင့်ရမည်ဟု ယင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

သုတေသနအတွက်ဘတ်ဂျက်သည် ကျန်းမာရေးသုတေသနအတွက်ပေးခြင်းဖြစ်သော်လည်း ဝန်ကြီးဌာနမှာ ဌာန ၂ ခုတွဲထားသဖြင့် အား/ကာဘက်မှ တင်လာလျှင် တင်သလောက်ပေးမည်ဖြစ်ကြောင်း သုတေသနနှင့်ပတ်သက်သော တောင်းခံမှုများကို သုတေသနကျင့်ဝတ်ကော်မတီကို တင်ပြဆုံးဖြတ်၍ဘဏ္ဍာရေးစည်းမျဉ်းအရပေါင်းပြီး လုပ်ပေးလိုရသည့် ကိစ္စများရှိသဖြင့် အားကစားနှင့် ယှဉ်သည့် သုတေသနကို အများကြီးလုပ်ပေးနိုင်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်တွင် ဝန်ကြီးဌာနဘတ်ဂျက်များတွင် ပညာရေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဘတ်ဂျက်သည်အများဆုံးဖြစ်ပြီး ကာကွယ်ရေးဘတ်ဂျက်မှာ တတိယနေရာတွင် သာရှိကြောင်း ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေက ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ယခုနှစ်ဘတ်ဂျက်သည် ကျန်းမာရေးအတွက်သုံးစွဲရန် တစ်ထီလီယံရရှိပြီး အားကစားဘတ်ဂျက်သည် ၂၀ ဘီလီယံသာရသည်ဟု ၎င်းဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

■

**T.L**



# EDITORIAL

# ပြဿနာရှိလျှင် အဖြေရှိသည်

အစိုးရသစ်အဖြစ် တာဝန်ယူပြီးနောက် နိုင်ငံအတွင်း အချိန်မရွေးထ၍ ပေါက်ကွဲနိုင်သည့် လောင်စာပုံ သို့မဟုတ် ယမ်းပုံကဲ့သို့ ပြဿနာဖြစ်ပေါ်နိုင်သော အခြေအနေများ ပေါ်ပေါက်လာခြင်းကို သတိကြီးကြီးထား၍ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်မည်ဖြစ်သည်။

ရခိုင်ပြည်နယ် အရေးကိစ္စများနှင့် ရှမ်းပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အချို့အကြား ဖြစ်ပွားနေသော တိုက်ပွဲများ၊ ဘာသာရေးဆက်နွယ်တင်းမာမှုများမှာလည်း အစိုးရသစ်ကို သွေးတိုးစမ်းနေသည့် စိန်ခေါ်မှုများဖြစ်သည်။

ထို့အပြင် မြေပေါ်၊ မြေအောက် သဘာဝသယံဇာတပစ္စည်းများကို ပြီးခဲ့သည့် ဆယ်စုနှစ် နှစ်ခုကျော်အတွင်း အဆင်အခြင်မဲ့၊ အထိန်းအကွပ်မဲ့၊ အရမ်းကာရော၊ လောဘတကြီး ထုတ်ယူသုံးစွဲခဲ့ခြင်း၏ အကျိုးဆက်အဖြစ် ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ လတ်တလော လေပြင်းနှင့် မိုးသီးများ ကျရောက်ခြင်းနှင့် စိုက်ခင်း၊ ဥယျာဉ်ခြံများ ပျက်စီးခြင်းတို့ကလည်း အထူးခေါင်းခဲစရာ ပြဿနာတစ်ရပ်အဖြစ် ရှိနေပေသည်။

ဆိုခဲ့ပါ ပြဿနာများအနက် ဘာသာရေးအခြေပြု တင်းမာမှုမှာ လတ်တလော အချိန်မဆိုင်းဖြေရှင်းရမည့် ပြဿနာဖြစ်ပြီး ပြည်တွင်းစစ်နှင့် သဘာဝဘေးအန္တရာယ်ပြဿနာတို့မှာမူ ရေရှည် အချိန်ယူ၍ ဖြေရှင်းရမည့် ပြဿနာများဖြစ်သည်။

ဘာသာရေးအရေခြုံထားသော ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုများသည် ယခင်ဦးသိန်းစိန် အစိုးရလက်ထက်တွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားခဲ့ခြင်းက နိုင်ငံတစ်ဝန်းရှိ နိုင်ငံသားလူနည်းစု ဘာသာခြားများအား စိုးရိမ်ကြောင့်ကြစိတ်နှင့် ပို၍ ၎င်းတို့ဘာသာ သီးခြားတံတိုင်းကာနေလိုစိတ်တို့ကို မီးထိုးပေးလိုက်သကဲ့သို့ ဖြစ်သွားခဲ့သည်။

အထူးသဖြင့် ဗုဒ္ဓဘာသာ အမည်ခံထားသော အဖွဲ့အစည်းအချို့နှင့် ရဟန်းအချို့၏ ဗုဒ္ဓအဆုံးအမနှင့် မလျော်ညီသော ဟောပြော၊ လှုပ်ရှားမှုများကို နိုင်ငံတော်အဆင့် သံဃာ့အဖွဲ့အစည်းများနှင့် ဩဇာကြီး၊ နာမည်ကျော် မထေရ်ကြီးများကပင် ဆောလျင်စွာ သတိပေးထိန်းသိမ်းမှုမရှိခဲ့သည့်အပြင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတို့ကဲ့သို့ သက်ဆိုင်ရာ အုပ်ချုပ်ရေးနယ်ပယ်ကပင် တမင် လွှတ်ပေးထားသကဲ့သို့ ဖြစ်ခဲ့ခြင်းက ပြဿနာများ ပိုကြီးထွားသွားစေခဲ့ကြောင်း ဝေဖန်ထောက်ပြမှုများ ရှိခဲ့သည်။

သို့သော် ယခင်အစိုးရလက်ထက်က အခြေအနေများနှင့် ပတ်သက်၍ မည်သို့ပင် မေးခွန်းထုတ်စရာများ ရှိနေစေကာမူ လက်ရှိဖြစ်ပေါ်နေသော ပြဿနာများကို လက်တွေ့ဦးဆောင်ဖြေရှင်းရမည်မှာ လက်ရှိအစိုးရနှင့် နယ်ပယ်အသီးသီးရှိ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးအပေါ် ဩဇာလွှမ်းမိုးနိုင်သူ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များဖြစ်သည်။

စင်စစ်အားဖြင့် ယနေ့ဖြစ်ပေါ်နေသော ပြဿနာများသည် သက်ဆိုင်ရာ နယ်ပယ်အလိုက် ရှိနေသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ယင်းတို့ ကို ဥပဒေနှင့်အညီ ထိန်းသိမ်းကြီးကြပ်ရမည့် အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများ၏ လျော့ရဲပေါ့ဆမှု၊ တာဝန်မဲ့မှုများကြောင့်ဟု ကောက်ချက်ဆွဲနိုင်သောကြောင့် ရှိနေသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ဥပဒေအတိုင်း ကိုင်တွယ်ထိန်းသိမ်းလျှင်ပင် ပြဿနာအချို့ပြေလည်နိုင်ကြောင်း အကြံပြုတိုက်တွန်းအပ်ပေသည်။

**အယ်ဒီတာ ( ၅ -၄ -၂၀၁၇ )**

**(လက်ရှိဖြစ်ပေါ်နေသော အခြေအနေနှင့် ကိုက်ညီနေသောကြောင့် ၂၅-၄- ၂၀၁၆ နေ့ထုတ် The Voice Daily သတင်းစာတွင် ဖော်ပြခဲ့ပြီးသော အယ်ဒီတာ့အာဘော်ကို အနည်းငယ်ပြင်ဆင်၍ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။)**

# ရခိုင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်စခန်းအချို့ ပိတ်သိမ်းရန်စီစဉ်

**ရန်ကုန်၊ ဧပြီ ၅**

ရခိုင်ပြည်နယ်အတွင်းရှိ ဒုက္ခသည် စခန်းအချို့ကို ပိတ်သိမ်းနိုင်ရန် ဧပြီလ ၅ ရက် ၌ပြုလုပ်သော ရခိုင်ပြည်နယ် တည်ငြိမ် အေးချမ်းရေးဆိုင်ရာ အစည်းအဝေး၌ ဆွေးနွေးခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက ပြောသည်။

ရခိုင်ပြည်နယ်ရှိ ကညင်တော၊ ကျောက်တစ်လုံး၊ ကြိမ်နီပြင် စခန်းအချို့ကို ပိတ်သိမ်းရန် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး၌ ဆွေးနွေးခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

ပြန်လည်နေရာချထားရေးတွင် အဆင်ပြေနိုင်မည့် မြေပြင်အခြေအနေနှင့် ဆက်စပ်ပြီး အကောင်အထည်ဖော်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လမ်းညွှန်ပြောကြားကြောင်း ဦးဇော်ဌေးကပြောသည်။

"အဓိကအားဖြင့် ကိုဖီအာနန်ရဲ့ အကြံပေးကော်မရှင် ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်တွေ အမြန်ဆုံး အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။ IDP Camp တွေ ပိတ်သိမ်းရေးအပြင် အခြား လုပ်ငန်းစဉ်တွေလည်း ရှိပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါဒုက္ခသည်စခန်းများ ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဦးဇော်ဌေးကဆိုသည်။

ဒုက္ခသည်စခန်းများ ပိတ်သိမ်းရန် ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှာ ကောင်းမွန်သောဆောင်ရွက်ချက် ဖြစ်ကြောင်း ရခိုင်ပြည်နယ် အကြံပေး ကော်မရှင်အဖွဲ့က ဆိုသည်။

"ပြည်ထောင်စုအစိုးရက ဆောင်ရွက်နိုင်တဲ့ ကိစ္စရပ်တွေကို တစ်ဆင့်ချင်း ဆောင်ရွက်ဖို့ အကြံပြုထားတယ်။ ယခု ဒုက္ခသည်စခန်းသုံးခု ပိတ်သိမ်းဖို့ ဆောင်ရွက်နေတာကို ကြိုဆိုတယ်" ဟု ရခိုင်ပြည်နယ် အကြံပေးကော်မရှင်အဖွဲ့ဝင် ဦးအေးလွင်ကပြောကြားသည်။

■ j-07

The VOICE Daily

CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo,
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

BUSINESS GUIDE

# ဈေးကွက်အတွင်း ဝင်ရောက်လာသည့် ပန်ကာနှင့် လေအေးစက်များ



ဓာတ်ပုံ- အောင်သီဟ

ပူပြင်းလှသည့် နွေရာသီအတွက် မိမိတို့၏နေအိမ်၊ ရုံးခန်းများအတွင်း အေးအေးချမ်းချမ်း နေထိုင်နိုင်ရန်အတွက် လိုအပ်သည့် ပန်ကာ၊ Air Cooler နှင့် အလွယ်တကူရွှေ့ပြောင်းနိုင်မည့် Air Conditioner (Portable) များကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ရန် The Voice က အမှတ်တံဆိပ်အချို့နှင့် ပစ္စည်းများကို စုစည်းဖော်ပြပေးလိုက်ပါသည်။

ယခုနှစ်များအတွင်း ရေငွေ့ရေမှုန်များထွက်နိုင် သော Misting Fan (ရေငွေ့ပန်ကာ) များနှင့် အဲယားကွန်းအသေးစားဟုခေါ်ဆိုနိုင်သည့် Air conditioner (Portable) ပစ္စည်းများသည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပြည်တွင်းဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက် လျက်ရှိသည်။

ဈေးနှုန်းအသင့်အတင့်ဖြင့် ကျပ်နှစ်သောင်းဝန်းကျင်မှ ကျပ်လေးသောင်းကျော်အထိရှိပြီး အမြင့်ငါးပေခန့်ရှိသော မတ်တတ်ပန်ကာနှင့် အမြင့် နှစ်ပေခန့်ရှိသော စားပွဲတင်ပန်ကာလေးများကို ဝယ်ယူနိုင်ပါသည်။ ပန်ကာများ၏ အားနည်းချက်မှာ ဒလက် များဖြင့်လည်ပတ်ပြီး လေထုတ်ပေးသောကြောင့် အချိန်ကြာမြင့်လာသည်နှင့်အမျှ လေပူများကိုသာ ထုတ်ပေးမည်ဖြစ်သည့်အတွက် ပန်ကာတွေဆီမှ အချိန်ကြာကြာ လေအေးကို ရရှိနိုင်မည်မဟုတ်ပါ။ ထို့ပြင် အသုံးပြုမှုကြာလာပြီး နောက်ပိုင်းတွင် ဖုန်နှင့် အညစ်အကြေးများ ရှိလာမည်ဖြစ်တဲ့အတွက် ဆေးကြောသန့်စင်ပေးရန် လိုအပ်မည်ဖြစ်သည်။

တိုက်ခန်းများအတွက်ဆိုလျှင် နံရံ၌ အသေ တပ်ဆင်ရသည့် အဲကွန်းလောက် ဈေးမကြီးဘဲ အခန်းအပြည့် အေးနေစေနိုင်မည့် မြင်းကောင်ရေ တစ်ကောင်ခွဲအားရှိပြီး ဈေးနှုန်းကျပ်နှစ်သိန်းကျော်နှင့် သုံးသိန်းကျော်ရှိသည့် Air Conditioner (Portable) များနှင့် Air Cooler များကို ဝယ်ယူ အသုံးပြုနိုင်သည်။ ယင်းပစ္စည်းများ၏ အားသာချက်မှာ အဲကွန်းအကြီးများကဲ့သို့ Indoor နှင့် Out Door ထားစရာမလိုအပ်သည့်အပြင် အပိုကုန်ကျစရိတ် တပ်ဆင်ခ ကျပ်တစ်သိန်းနီးပါးခန့် သက်သာနိုင်မည် ဖြစ်သကဲ့သို့ အလွယ်တကူ ရွှေ့နိုင်မည်ဖြစ်သည့်အတွက် လိုအပ်သလို အသုံးပြုနိုင်မှာဖြစ်ပါသည်။

လက်ရှိဈေးကွက်အတွင်း လူကြိုက်များနေသည့် ပန်ကာအမှတ်တံဆိပ်များနှင့် Air Cooler များမှာ -

**Hatari (Air Cooler)**

Hatari(Air Cooler) HT-AC10 R2 မှာ ထိုင်းနိုင်ငံထုတ် Rooler ဖြင့် လေအေးပေးခြင်းဖြစ်ပြီး ပြင်ပမှလေနှင့် ဖုန်မှုန့်များကို သန့်စင်ပေးနိုင်သည့် စနစ်ပါဝင်ပြီး အခန်းတွင်း လေးပေပတ်လည်အထိ ထိန်းထားပေးနိုင်ပြီး အေးမြစေနိုင်ပါသည်။ ထို့ပြင် Remote Operate စနစ်ဖြင့် ထိန်းချုပ်ထားနိုင်ပြီး အဆိုပါ Hatari(Air cooler)ကို တစ်နှစ်အာမခံ ပေးထားကာ ဈေးနှုန်း ၉၄၅၀၀ ကျပ် ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

**CHIGO (Portable Air Con)**

Chigo Portable Air Con CP-35 J 17 (1.5 HP) တရုတ်နိုင်ငံထုတ် လေအေးပေးစက်သည် လေလုံသည့် အခန်းအတွင်း စိမ့်ပြီး အေးမြစေသည့် အတွက် ရိုးရိုးသာမန် Air Cooler များထက် အခန်းတွင်းအပူရှိန်ကို Air Con အကြီး တပ်ဆင်ထားသကဲ့သို့ အေးမြစေနိုင်မှာဖြစ်သည်။ Air Con တွေ လို အသေတပ်ဆင်ထားရန်မလိုဘဲ ရွှေ့ပြောင်းရလွယ်ကူစေသည့် အားသာချက်ရှိသည်။ Sleep Mode Operation ပါဝင်ကာ Timer ပါဝင်သည့် အတွက် မိမိလိုအပ်သော အချိန်ကို သတ်မှတ်ထားနိုင် မည်ဖြစ်သည်။ Chigo Portable Air Con CP-35 J 17 လေအေးပေးစက်ကို သုံးနှစ်အာမခံ ပေးထားပြီး ဈေးနှုန်း ၃၂၄,၀၀၀ ဖြင့် ဝယ်ယူနိုင်သည်။

**Kangaroo (Misting Stand fan)/ KG-56S (Pro)**

ဗီယက်နမ်နိုင်ငံထုတ် Kangaroo (Misting Stand Fan) KG-56S (Pro) ရေငွေ့ပန်ကာသည် သာမန် Fan များတွင် မပါဝင်သည့် ရေသိုလှောင်ကန်တစ်ခုပါဝင်မည်ဖြစ်ပြီး မိမိထည့်လိုက်သောရေတွင် ဗက်တီးရီးယားများ ပါဝင်လာပါကလည်း သန့်စင်ပေးနိုင်သည့် Negative Lon စနစ်ဖြင့် လေကို သန့်စင်ပေးနိုင်ခြင်းကြောင့် ကျန်းမာရေးကို အထောက်အကူဖြစ်စေနိုင်သည်။ တစ်မိနစ်၌ လေအလျင် ၁၃၀၀ ကြိမ် ထွက်ရှိနိုင်မည်ဖြစ်ခြင်းကြောင့် ပြင်ပ၌ရှိသော အပူရှိန်လွှန်ကဲမှုကို ကာကွယ်ပေးထားနိုင်မည်ဖြစ်သည်။ ထို့အပြင် လျှပ်စစ်သုံးစွဲမှုကို ၃၀ ရာခိုင်နှုန်းချွေတာပေးပြီး အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်နိုင်ကာ Timer ပေးထားနိုင်ခြင်းကြောင့် အိပ်ချိန်များတွင် တစ်ညလုံး ဖွင့်မထားလိုသည့် မိသားစုများအတွက် အလွန်သင့်တော်ပါသည်။ Kangaroo Misting Fan လေးကို စိတ်ဝင်စားပြီး ဝယ်ယူလိုပါက ဈေးနှုန်း ၁၄၂၀၀၀ ကျပ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။

**Phoenix Table Fan**

ရာသီဥတုပူလောင်သည့် နွေရာသီရောက်ရှိလာပြီဖြစ်၍ ပြင်ပအပူချိန်ကို သက်သာစေရန် ပန်ကာများကို ကျန်သည့် ရာသီများထက် ပိုမိုဝယ်ယူလေ့ ရှိပြီး ရွေးချယ်စရာ များပြားလွန်းသည့်အတွက် ထပ်မံ ရွေးချယ်ပေးလိုက်ပါသည်။ Phoenix Table Fan သည် အေးမြသည့် လေအေးပေးစနစ်ပါဝင်ပြီး ကြာရှည် အသုံးခံသည့်အတွက် လူသုံးများလျက်ရှိသည်။ Phoenix Table Fan ကို သုံးနှစ်အာမခံပေးထားပြီး ဈေးနှုန်း ၃၂၀၀၀ ကျပ်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

**(ယခုဖော်ပြသည့် အချက်အလက်များကို Ocean Supercenter က ပံ့ပိုးထားခြင်းဖြစ်ပါသည်။)**

**J-01၊ J-05**

# အစိုးရအကူးအပြောင်းတွင် ဂရန်ချပေးသည့် မြေကော ၂၅၀ ခန့်ရှိဟု မန္တလေးတိုင်းဝန်ကြီးချုပ်ပြော

**မန္တလေး၊ ဧပြီ ၅**

အစိုးရအကူးအပြောင်းကာလ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ မတ်လ ၃၀ ရက်နေ့အတွင်း ထုတ်ပေးခဲ့သည့် မြေပေးမိန့်အရ ဧက ၂၅၀ ခန့်အထိ ရှိနေကြောင်း မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

ယင်းမြေများအနက် လူတစ်ဦးတည်းကို မြေကေအလွန်များစွာချထားပေးခြင်း လေးဦးအထိရှိပြီး မြေကွက်ပေါင်း ၇၂ ကွက်၊ မြေ ၁၆၆ ဒသမ ၈၁၄၂ ဧက ခွင့်ပြုပေးထားသည်ကို တွေ့ရကြောင်း၊ ယင်းအပြင် လူတစ်ဦးတည်းသို့ မြေကေအများအပြား ခွင့်ပြုပေးထားခြင်းမှာလည်း လူခုနစ်ဦးအထိရှိပြီး မြေကွက် ၁၆ ကွက်၊ မြေ ၄၀ ဒသမ ၃၃၁၄ ဧကရှိကြောင်း၊ လူတစ်ဦးချင်းသို့ မြေကွက်များ ခွင့်ပြုချထားပေးရာတွင် ၇၆ ဦးရှိပြီး မြေကွက် ၇၈ ကွက်၊ မြေ ၂၂ ဒသမ ၁၄၁၀ ဧက၊ အသင်းအဖွဲ့/ပါတီတစ်ခုခုသို့ မြေချထားပေးရာတွင် အဖွဲ့အစည်း/ပါတီ ၁၅ ခုသို့ မြေကွက် ၁၅ ကွက်၊ မြေ ၁၆ ဒသမ ၀၅၉၇ ဧက ခွင့်ပြုပေးထားသည်ကို တွေ့ရှိရကြောင်း ၎င်းကပြောဆိုသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် အစိုးရအဖွဲ့၏ အတည်ပြုစစ်ဆေးချက်များနှင့် ပတ်သက်၍ ဧပြီလ ၅ ရက်နေ့က ကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်တွင် ဒေါက်တာဇော်မြင့်မောင်က ရှင်းလင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ကပြုလုပ်သည့် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆) တွင် အတည်ပြုခဲ့သည့် ချမ်းမြသာစည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်အောင်မိုး၏ 'အစိုးရအကူးအပြောင်းကာလများတွင် မန္တလေးတိုင်းအတွင်း၌ အများပြည်သူနှင့် သက်ဆိုင်သည့် ဧရိယာကျယ်ဝန်းသော မြေကွက်များ၊ ပလပ်မြေများ၊ လူပုဂ္ဂိုလ်အမည်များဖြင့် မြေနေရာချထား ပေးနေမှုများအားပြန်လည်စိစစ်၍ အများပြည်သူ အကျိုးအတွက် စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်ရေး တိုက်တွန်းကြောင်း' အဆိုကို တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး ခေါင်းဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့က ဩဂုတ်လ ၃ ရက်မှစတင်ကာ သုံးလကြာ စုံစမ်းစစ်ဆေးခဲ့ရကြောင်း အဆိုပါအဖွဲ့ထံမှ သိရှိရသည်။

မြေနေရာ ရယူထားသူများသည် မည်သူမည်ဝါဖြစ်ကြောင်း ဝန်ကြီးချုပ်က မပြောဆိုသော်လည်း ယခင်အစိုးရအဖွဲ့အကြီးအကဲ၏ ဆွေမျိုးသားချင်းများ ပါဝင်နေကြောင်း အဆိုတင်သွင်းခဲ့သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့(၁) ခေါင်းဆောင် ဦးမြင့်အောင်မိုးက ပြောကြားသည်။

အများပြည်သူနှင့် သက်ဆိုင်သော မြေများကို ပုဂ္ဂလိကတစ်ဦးတစ်ယောက်အမည်ဖြင့် ဂရန်ပြောင်းလဲ ထုတ်ပေးထားခြင်းအပေါ် မြေကွက်များပြန်လည် သိမ်းယူ၍ ပေးသွင်းခဲ့သော မြေကွက်တန်ဖိုးကို ပြန်အမ်းသင့်ကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မှတ်ချက်ပြုသည်။

"ဆက်လက် ဆောင်ရွက်မယ်။ ဆောင်ရွက်တဲ့အခါကျတော့ ဆင်ခြင်တုံတရားနဲ့ဆောင်ရွက်ရမှာပေါ့။ စိစစ်ရေးအဖွဲ့ကတော့ သူတို့ တွေ့ရှိချက်ကို ချထားပြီးပြီပေါ့နော်။ အများပြည်သူနဲ့ သက်ဆိုင်တဲ့ဟာတွေကတော့ ဥပဒေကြောင်းအရ လုပ်ရမယ့်ဟာတွေလည်း ရှိတာပေါ့နော်။ တစ်ယောက်တည်းက အများပြည်သူနဲ့ဆိုင်တဲ့ နေရာတွေ အများကြီးရသွားတာကတော့ ဥပဒေကြောင်းက ကြည့်ကြည့်၊ လူမှုရေးရှုထောင့်ကကြည့်ကြည့် မကောင်းဘူးပေါ့နော်" ဟု ၎င်းက မီဒီယာများသို့ ပြောဆိုသည်။

စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မန္တလေးမြို့ပေါ် (ချမ်းအေးသာစံ၊ ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်း) တွင် မြေကေပေါင်း ၅၀၀ ကျော်ကို လူပုဂ္ဂိုလ် ၂၄၀ ကျော်ကို ချထားပေးခဲ့ပြီး လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ဖြင့် ပုသိမ်ကြီး၊ အမရပူရနှင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်းမှ မြေကေ ၁၁၂၀ ကျော်ကို လူပုဂ္ဂိုလ် ၁၆၇ ဦးအား ချထားပေးခဲ့သည်ဟု စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အဆိုအရ သိရသည်။

"တချို့နေရာတွေ ကျွန်တော်ကိုယ်တိုင် လိုက်ကြည့်တယ်။ ဒါတွေဟာ ဘာလို့ဆိုတော့ ဒွိဟဖြစ်စရာနေရာတွေ ဖြစ်လို့၊ တချို့က တော်တော်များများကို ရသွားတာ။ အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေကိုသိမ်းပြီးတော့ ပြန်အမ်းလိုက်ပါ။ ဆိုလိုချင်တာကတော့ မနစ်နာအောင်၊ win-win ပေါ်လစီပါပဲ" ဟု ဒေါက်တာဇော်မြင့်မောင်က ထပ်လောင်းပြောဆိုသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (MCDC) ဧရိယာနယ်နိမိတ်အတွင်း၌ မြို့မြေကွက်ချထားခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို မြို့မြေယာစီမံခန့်ခွဲရေးကော်မတီမှ ဆောင်ရွက်လျက်ရှိပြီး မြေကွက်ချပေးခြင်းအမိန့်များသည် MCDC က ချထားပေးခြင်း မဟုတ်ဘဲ မြို့မြေယာစီမံခန့်ခွဲရေးကော်မတီမှ တစ်ဦးတစ်ယောက်သဘောဖြင့် မြေပေးမိန့်ထုတ်ပေးသည်ဟု သံသယရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က သုံးသပ်ထားသည်။

■

**LC**

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး ငွေပေးသွင်းမှုများ MPU စနစ်ဖြင့် ပေးချေနိုင်မည်

**ရန်ကုန်၊ ဧပြီ ၅**

ပင်လယ်ရေကြောင်း ပို့ကုန် သွင်းကုန် လုပ်ငန်းများအပါအဝင် နယ်စပ်ကုန်သွယ်ရေးဇုန်များတွင် MPU (Myanmar Payment Union) စနစ်ဖြင့် ၂၀၁၇ ခုနှစ် မေလမှစတင်ကာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနှင့် ကုန်သွယ်မှုဆိုင်ရာ ငွေကြေးပေးသွင်းမှုများအတွက် ၂၀၀၇ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံသားများဘဏ်နှင့်ချိတ်ဆက်ကာ e-Payment (အီလက်ထရွန်နစ်ငွေပေးချေမှု) စနစ်ဖြင့် ပင်လယ်ရေကြောင်း ပို့ကုန် သွင်းကုန်လုပ်ငန်းနှင့် ဆက်စပ်ငွေစာရင်းခေါင်းစဉ်အချို့ကိုသာ လက်ခံဆောင်ရွက်ပေးခဲ့ပြီး ယခုနှစ်မေလမှစကာ နယ်စပ်ကုန်သွယ်မှုဆိုင်ရာ ငွေကြေးပေးသွင်းမှုများတွင်ပါ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

"နယ်စပ်တွေမှာပါ MPU စနစ်နဲ့ ပေးချေလို့ရပြီဆိုတော့ ကောင်းပါတယ်။ ပြည်ပဘဏ်တွေနဲ့ပါ အပြိုင်အဆိုင်ဖြစ်လာတာပေါ့။ ကုန်သွယ်မှု လုပ်ရတာတွေလည်း ပိုပြီးလွယ်ကူလျင်မြန်လာမယ်။ ပြီးတော့ ပြည်တွင်းဘဏ်တွေမှာလည်း ငွေလည်ပတ်မှုတွေ အားကောင်းလာမယ်။ ဒီလိုလုပ်တာကို ကွန်တော်တို့လုပ်ငန်းရှင်တွေ ကြိုဆိုပါတယ်" ဟု ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားသည်။

အဆိုပါစနစ်ဖြင့် နေပြည်တော်ရုံးချုပ်၊ ရန်ကုန်ပို့ကုန် သွင်းကုန်ရုံး၊ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်တို့တွင် စတင်အသုံးပြုနိုင်မည်ဖြစ်ပြီး လက်ရှိတွင် MPU စနစ်ပါဝင်သည့် ဘဏ် ၂၃ ခု၏ မည်သည့် ATM ကတ်များမှမဆို POS (ငွေပေးချေလက်ခံစက်) စနစ်ဖြင့် လည်းကောင်း၊ Myanmar Tradenet Website မှ e-Commerce စနစ်ဖြင့်လည်းကောင်း ပေးသွင်းနိုင်တော့မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။

■ J-11

## ဧပြီလ ၅ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 16000 | 16000 | 16500 | +500 | 483 | 7,863,000 |
| MTSH | 4100 | 4000 | 4000 | -100 | 12,068 | 48,272,000 |
| MCB | 9000 | 9000 | 9000 | - | 254 | 2,286,000 |
| FPB | 30000 | 30000 | 29500 | -500 | 1826 | 54,017,000 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — **Source: KBZ Bank**

| 5.4.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၃၅၂ | ၁၄၃၉ | ၉၆၅ |
| ရောင်းဈေး(ကျပ်) | ၁၃၅၉ | ၁၄၅၂ | ၉၇၄ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 5.4.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၉၀၁,၀၀၀ (ဖွင့်) | ၉၀၀,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၅၆ (ဖွင့်) | ၁၂၅၄ (ပိတ်) |

# မိုဘိုင်းလ်ဖုန်းဆင်းမ်ကတ်မှတ်ပုံတင်ခြင်း အချိန်သုံးလ ထပ်တိုး

**ရန်ကုန်၊ ဧပြီ ၅**

မိုဘိုင်းလ်ဖုန်းဆင်းမ်ကတ်များ မှတ်ပုံတင်ရမည့် နောက်ဆုံးရက် မတ်လ ၃၁ ရက်နေ့ ကျော်လွန်သွားပြီဖြစ်သော်လည်း ယခုအခါ အချိန်သုံးလ ထပ်မံ၍ တိုးပေးလိုက်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

ထို့ကြောင့် ယခုအထိ မှတ်ပုံမတင်ရသေးသည့် မိုဘိုင်းလ်ဆင်းမ်ကတ်များသည် ၂၀၁၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ နောက်ဆုံးထား မှတ်ပုံတင်နိုင်မည်ဖြစ်ပြီး ယင်းကာလပြီးဆုံးပါက မှတ်ပုံတင်ထားခြင်း မရှိသော ဆင်းမ်ကတ်များကို အပြီးတိုင်ရပ်စဲမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

သို့သော် လက်ရှိအချိန်တွင် မတ်လ ၃၁ ရက်နေ့အထိ မှတ်ပုံတင်ထားခြင်းမရှိသော ဆင်းမ်ကတ်များကို အခြားမိုဘိုင်းလ်ဖုန်းများသို့ ခေါ်ဆိုခြင်းများနှင့် စာတိုပေးပို့ခြင်းများကို ယာယီဖြတ်တောက်ထားပြီး အခြား မိုဘိုင်းလ်ဖုန်းများက ခေါ်ဆိုခြင်းကိုသာ ခွင့်ပြုထားကြောင်း၊ ဆင်းမ်ကတ် မှတ်ပုံတင်ခြင်းများ ပြန်လည်လုပ်ဆောင်ပါက ယခင်အတိုင်း ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"ကာလကို ထပ်တိုးပေးဖို့ ဝန်ကြီးဌာနက ညွှန်ကြားထားတာပါ။ ဒီသုံးလတာကာလအတွင်းမှာ မှတ်ပုံမတင်ရင်တော့ အဲဒီကတ်တွေကို အပြီးပိတ်သွားမှာပါ" ဟု ၎င်းကရှင်းပြသည်။

သို့သော်လည်း ယခုအချိန်အထိ မှတ်ပုံတင်ထားခြင်းမရှိသေးသည့် ဆင်းမ်ကတ်အချို့မှာ ဖုန်းခေါ်ဆိုခြင်း၊ စာတိုပေးပို့ခြင်းများ ပြုလုပ်နိုင်သေးကြောင်း ဖုန်းအသုံးပြုသူအချို့ထံမှ သိရသည်။

လတ်တလော ဆင်းမ်ကတ်မှတ်ပုံတင်ရန်ကျန်ရှိသော ဆင်းမ်ကတ်အရေအတွက်မှာ ၁၀ ရာခိုင်နှုန်းခန့်သာ ရှိတော့ကြောင်း ဆက်သွယ်ရေးအော်ပရေတာများထံမှ သိရသည်။

■ J-01



ဓာတ်ပုံ- ပြည့်ဖြိုးလင်း

ပုပ္ပားဒေသရှိ ပိုဇိုလန်စက်ရုံ

# ပိုဇိုလန်ထုတ်ယူခြင်းမရှိသည့် လယ်ယာမြေများ ပြန်ပေးရန်တောင်းဆို

**ရန်ကုန်၊ ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတိုက်နယ်ခွဲငါးရံ့ကုန်းကွင်းရှိ လယ်ယာမြေများကို ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရန် သိမ်းယူခဲ့ရာတွင် ပိုဇိုလန်ထုတ်ယူသုံးစွဲခြင်းမရှိသေးသည့် မြေဧက ၉၆ ဒသမ ၉၁ ဧကကိုပြန်ပေးရန် တောင်သူများက တောင်းဆိုထားကြောင်း ပုပ္ပားတောင်ချစ်သူများအသင်းထံမှ သိရသည်။

တောင်သူများလုပ်ကိုင်နေသည့် ယာမြေဧက ၁၈၄ ဒသမ ၄၂ ဧက ကို လွန်ခဲ့သည့် ၂၀၀၃ ခုနှစ်က ရေအားလျှပ်စစ် အကောင်အထည်ဖော် တည်ဆောက်သည့်ဝန်ကြီးဌာနက သိမ်းယူခဲ့ခြင်းဖြစ်ပြီး၊ ရေအားလျှပ်စစ်အတွက် ပိုဇိုလန်ထုတ်ယူအသုံးပြုသည့် မြေဧကမှာ ၈၇ ဒသမ ၅၁ ဧက ဖြစ်ရာ ကျန်မြေဧက ၉၆ ဒသမ ၉၁ ဧကမှာ ပိုဇိုလန်ထုတ်ယူသုံးစွဲထားခြင်း မရှိသေးသည့်အတွက် တောင်းဆိုခြင်းဖြစ်ကြောင်း ယင်းအသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းသို့တောင်းဆိုမှုနှင့် ပတ်သက်၍ လက်ရှိတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဒေသခံများ ဆွေးနွေးထားပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

မီးတောင်ပေါက်ကွဲရာမှထွက်ရှိလာသည့် သဘာဝချော်ပြာများ အမြောက်အမြားထွက်ရှိရာ ပုပ္ပားဒေသတွင် အဆိုပါပိုဇိုလန်စက်ရုံကို တည်ဆောက်ထားပြီး ပိုဇိုလန်များကိုထုတ်ယူ၍ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၌ ဘိလပ်မြေလိုအပ်ချက်ကို အစားထိုးသုံးစွဲခြင်းလည်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်းက ယင်းပိုဇိုလန်စက်ရုံမှ မြေအောက်ရှိ ပိုဇိုလန်များကိုတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအပြင် စက်ရုံလည်ပတ်စဉ်အတွင်း ထွက်ရှိသည့်အငွေ့နှင့် ဖုန်မှုန့်များကြောင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်သည့်အတွက် ဒေသခံများက ယင်းစက်ရုံရပ်ဆိုင်းရန် ကန့်ကွက်ခဲ့ကြသည်။

ယင်းသို့ကန့်ကွက်မှုများနှင့် အခြေအနေအရပ်ရပ်တို့ကြောင့် လက်ရှိတွင် အဆိုပါစက်ရုံလုပ်ငန်းလည်ပတ်မှုကို ရပ်ဆိုင်းထားသည်။

■ E-03

# ၉၅ မော်ဒယ်လ်အောက်ယာဉ် အပ်ရမည့်ရက် နီးသော်လည်း ထက်ဝက်ခန့် အပ်ရန်ကျန်

**ရန်ကုန်၊ ဧပြီ ၅**

၁၉၉၅ ခုနှစ်အောက်ယာဉ်များ အနေနှင့် ယခုလကုန်အပြီး အပ်နှံရမည်ဟု သတ်မှတ်ခဲ့သော်လည်း အပ်နှံရမည့် ယာဉ်အို၊ ယာဉ်ဟောင်းများ ထက်ဝက်ခန့်ကျန်ရှိနေသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(မြင်သာ)ထံမှ သိရသည်။

“တိုင်းအစိုးရအဖွဲ့က ခွင့်ပြုထားပြီးဖြစ်တဲ့ ယာဉ်စီးရေက ၂၄၀၀ ကျော်ရှိတယ်။ အခုချိန်အထိ အိုဟောင်းအပ်နှံပြီး လူစီးစလစ်လဲတာ ၁၁၀၀ ကျော်ပဲ ရှိသေးတယ်” ဟု ကညန(မြင်သာ)မှတာဝန်ရှိသူ တစ်ဦးက ဆိုသည်။

ခရီးသည်တင်ယာဉ်များ အိုဟောင်း အပ်နှံ၍ လူစီးစလစ်ထုတ်ယူခြင်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ဘီအမ် ၂၁၈ စီး၊ စီးတီးဘတ်စ် ၃၈၈ စီး၊ ဒိုင်နာ ၅၂၂ စီးနှင့် မီနီဘတ်စ်ယာဉ် ၆၅ စီး လူစီးစလစ် ထုတ်ယူပြီးဖြစ်ကြောင်း ကညန(မြင်သာ)ထံမှ သိရသည်။

ထို့အပြင် YBS တံဆိပ်တပ်ယာဉ်များဖြင့် ဇန်နဝါရီလ ၁၆ ရက်က ပြောင်းလဲပြေးဆွဲချိန်တွင် ၁၉၉၅ ခုနှစ်အောက် မော်ဒယ်လ်ယာဉ်များကို သုံးလပြေးဆွဲခွင့်ပြုခဲ့ပြီး ဧပြီလထိသာ ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိ YBS ယာဉ်လိုင်း ၈၀ တွင် ပြေးဆွဲနေသည့် ယာဉ်စီးရေ ၄၀၀၀ ၌ ၁၉၉၅ ခုနှစ်အောက်မော်ဒယ်လ်ယာဉ် ၁၀၀၀ ကျော် ပြေးဆွဲလျက်ရှိပြီး အဆိုပါယာဉ်များကို လအကန့်အသတ်ဖြင့် ပြေးဆွဲခွင့်ပြုခဲ့ရာ မကြာခင်ရက်ပိုင်းအတွင်း သက်တမ်းပြည့်တော့မည် ဖြစ်သော်လည်း ဆက်လက်ပြေးဆွဲခွင့် ပြု၊မပြုကို အတိအကျ မပြောနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်းက ပြောကြားသည်။

ရန်ကုန်မြို့အတွင်း ယာဉ်အိုယာဉ်ဟောင်းယာဉ် ၂၄၉၃ စီးရှိပြီး နှစ် ၂၀ ကျော်သက်တမ်းရှိ စီးတီးဘတ်စ်ယာဉ် ၁၄၀၀ စီး၊ မီနီဘတ်စ်ယာဉ် ၂၇၀ စီး၊ ဘီအမ်ယာဉ် ၄၂၇ စီး၊ ဒိုင်နာယာဉ် ၄၀၀ စီးရှိကြောင်း YRTA ထံမှ သိရသည်။■**J-06**

## NEWS IN BRIEF

### ငြိမ်းချမ်းရေးအတွက် စီးပွားရေးဆွေးနွေးပွဲများ မြို့ကြီးငါးမြို့တွင် ထပ်လုပ်မည်

**ရန်ကုန်၊ ဧပြီ ၅**

အစိုးရနှင့် လုပ်ငန်းရှင်များပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ရှိ မြို့ကြီးများတွင် 'Business for Peace' ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများဟူသည့် ဆွေးနွေးပွဲများကို ထပ်မံကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ထံမှ သိရသည်။

အဆိုပါဆွေးနွေးပွဲများကို ထားဝယ်မြို့၊ မော်လမြိုင်မြို့၊ ဘားအံမြို့၊ လွိုင်ကော်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။

'Business for Peace' ၏ ပထမဆုံးဆွေးနွေးပွဲကို ဧပြီလ ၄ ရက်နေ့က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ပြုလုပ်ခဲ့ပြီး ငြိမ်းချမ်းရေးရရှိရန်အတွက် လုပ်ငန်းရှင်တစ်သောင်းကျော်က လက်မှတ်ရေးထိုးရန် သဘောတူညီမှုရရှိခဲ့သည်။**J-11**

### အိမ်ရာအရောင်းပွဲတော် ပြုလုပ်မည်

**ရန်ကုန်၊ ဧပြီ ၅**

ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ Golden Valley Cluster House တွင် ဧပြီလ ၇ ရက်နှင့် ၈ ရက်နေ့တို့၌ အိမ်ရာအရောင်းပွဲတော် ပြုလုပ်မည်ဖြစ်ကြောင်း အွန်လိုင်းအိမ်၊ ခြံ၊ မြေ ဝက်ဘ်ဆိုက် iMyanmarHouse.com ထံမှ သိရသည်။

အဆိုပါပွဲတွင် ရန်ကုန်မြို့ ဗဟန်း၊ ကျောက်တံတား၊ စမ်းချောင်း၊ ဗိုလ်တထောင်၊ ကမာရွတ်၊ တာမွေ၊ ဒဂုံနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့ရှိ အိမ်ရာစီမံကိန်း ကိုးခုမှ အိမ်ရာများကို ကျပ်သိန်း ၃၀၀ မှ ၃၀၀၀ အထိ ဈေးနှုန်းများဖြင့် ရောင်းချမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။ ■ **J-11**

# ရန်ကုန်မြစ်ကူးတံတားပေါ် တန်ပို ဖြတ်သန်းခွင့် မပြု

**ရန်ကုန်၊ ဧပြီ ၅**



ဓာတ်ပုံ - The Voice

**လှိုင်သာယာမြို့နယ်နှင့်ဆက်သွယ်ထားသည့် ဘုရင့်နောင်တံတား အမှတ် (၂)**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ကူးတံတားများပေါ် ကုန်တင်ယာဉ်များအားလုံး သတ်မှတ်ထားသည့် တန်ချိန်ထက် ပိုမိုတင်ဆောင်ပါက တံတားအသုံးပြုခွင့်၊ ဖြတ်သန်းခွင့်ပေးမည် မဟုတ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနထံမှ သိရှိရသည်။

တံတားများ၏ကြံ့ခိုင်ရေးအတွက် သတ်မှတ်ထားသည့်တန်(ဝန်)ထက် ပိုမိုတင်ဆောင်သည့်ယာဉ်များကို ယခင်က ဒဏ်ကြေးဖြင့် ဖြတ်သန်းခွင့်ပေးခဲ့ပြီး ယခုမှစတင်ကာ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်ပါက ဖြတ်သန်းခွင့် ပေးမည်မဟုတ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးကပြောကြားသည်။

“ဒီလကစပြီး သတ်မှတ်တန်ချိန် တင်ဆောင်လာတဲ့ တန်ပိုယာဉ်တွေကို ဒဏ်ကြေးနဲ့လည်း ဖြတ်သန်းခွင့် လုံးဝမပေးဘူး။ ခွင့်ပြုတန်ချိန် အပြောင်းအလဲရှိရင်လည်း သက်ဆိုင်ရာတံတားဂိတ်မှာ ကြေညာပေးပါမယ်” ဟု ၎င်းကဆိုသည်။

လက်ရှိ ရန်ကုန်တိုင်းရှိ မြစ်ကူးတံတားများကို ခွင့်ပြုတန်ချိန် (ယာဉ်+ကုန်)သတ်မှတ်ချက်အရ သန်လျင်တံတားအမှတ်(၁)ခံနိုင်အား ၁၂ တန်၊ မဟာဗန္ဓုလတံတား ၃၆ တန်၊ ဘုရင့်နောင်တံတားအမှတ်(၁) ၁၂ တန်၊ ဘုရင့်နောင်တံတားအမှတ်(၂) ၅၀ ဒသမ ၅ တန်၊ အောင်ဇေယျကြိုးတံတား ၁၂ တန်၊ ရွှေပြည်သာတံတား ၅၀ ဒသမ ၅ တန်၊ ပန်းလှိုင်တံတား ၅၀ တန်၊ ဒဂုံတံတား ၅၀ ဒသမ ၅ တန်နှင့် တွံတေးတံတား ၅၀ ဒသမ ၅ တန်ထိ တင်ခွင့်ပြုထားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းရှိ တံတားကိုးစင်းကိုလည်း ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ တံတားဖြတ်သန်းခများ ကောက်ခံခြင်း မပြုတော့ဘဲ မော်တော်ယာဉ်အားလုံးကို အခမဲ့ဖြတ်သန်းသွားလာခွင့်ပြုခဲ့ကြောင်း အဆိုပါဌာနထံမှ သိရသည်။

လက်ရှိ ရန်ကုန်မြို့တွင် တည်ဆောက်ထားသော မြစ်ကူးတံတားများ၏ ခံနိုင်ဝန်ကို စစ်ဆေးတွက်ချက်ပြီး အချို့မြစ်ကူးတံတားများကို ပြုပြင်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

■ **J-10**




The VOICE Daily
Thursday, April 6, 2017
MANDALAY VOICE

# လမ်းဘေးလျှပ်စစ်မီးတိုင်များတွင် LED မီးလုံး ၁၀၀၀ ကျော် တပ်ဆင်ရန်ခွင့်ပြု

**မန္တလေး၊ ဧပြီ ၅**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်မီးထွန်းထားခြင်းမရှိသော လမ်းမီးတိုင်များတွင် LED မီးလုံး ၁၁၀၀ တပ်ဆင်ရန် ခွင့်ပြုထားပြီးဖြစ်ကြောင်း မန္တလေးမြို့တော်ဝန်ဒေါက်တာရဲလွင်က ပြောကြားသည်။

ယင်းသို့တပ်ဆင်ရာ၌ အောင်မြေသာစံမြို့နယ်တွင် လေးနေရာ၊ ချမ်းအေးသာစံမြို့နယ်တွင် လေးနေရာ၊ မဟာအောင်မြေမြို့နယ်တွင် ခြောက်နေရာ၊ ချမ်းမြသာစည်မြို့နယ်တွင် သုံးနေရာ၊ ပြည်ကြီးတံခွန်မြို့နယ်တွင် လေးနေရာ၊ အမရပူရမြို့နယ်တွင်နှစ်နေရာဖြစ်ပြီး LED မီးလုံး ၁၁၀၀ တပ်ဆင်ရန်ခွင့်ပြုထားသည်ဟု ၎င်းကပြောဆိုသည်။

မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်ခြောက်ခုအတွင်း လျှပ်စစ်မီးမရှိသောလမ်းများ၌ လုယက်သူများက အမှောင်ထုကိုအားပြု၍ လုယက်မှုများ ပြုလုပ်နေသည့်အတွက် လျှပ်စစ်မီးထွန်းထားခြင်းမရှိသော လမ်းများရှိ လမ်းမီးတိုင်များတွင် လျှပ်စစ်မီး ထွန်းညှိတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်း၍ ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်အောင်မိုး၏ မေးမြန်းမှုအပေါ် ဒေါက်တာရဲလွင်က ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"မန္တလေးမြို့တော်စည်ပင်အနေနဲ့ လမ်းမီးတိုင်တွေကို LED မီးလုံးတွေနဲ့ အစားထိုး တပ်ဆင်မှုတွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစပြီး တပ်ဆင်နေပါတယ်။ ကျုံးတောင်ဘက်ခြမ်းနဲ့ အရှေ့ဘက်ခြမ်း လမ်းလယ်ကျွန်းတွေမှာလည်း လျှပ်စစ်ကော်ပိုရေးရှင်းက မီးလုံးတွေ တပ်ဆင်နေတယ်။ မြို့ပေါ်လမ်းမီးတိုင်တွေ မီးလုံးကျွမ်းသွားတဲ့ဟာတွေကိုလည်း လျှပ်စစ်မီးပြင်တဲ့ယာဉ်တွေသုံးပြီး မိုဘိုင်းလ် Team ပုံစံနဲ့ ပြင်နေပါတယ်။ လျှပ်စစ်မီးလင်းရေးလုပ်ငန်းတွေက ဘတ်ဂျက်ခွင့်ပြုမှုပေါ်မူတည် ဆောင်ရွက်နေရတာ" ဟု ဒေါက်တာရဲလွင်က ရှင်းပြသည်။

မဟာအောင်မြေမြို့နယ် အရှေ့ပိုင်းနှင့် အနောက်ပိုင်း၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်း၊ ၇၃ လမ်းနှင့် ၆၈ လမ်းကြား၊ သဇင်လမ်း (အား/ကာသိပ္ပံဘေး)၊ ၄၄ လမ်းနှင့် ၄၉ လမ်း၊ ယုဇနလမ်း၊ မနော်ဟရီလမ်းမှ ပြင်ဦးလွင်မြို့ သံလမ်းအထိ ပြည်ကြီးတံခွန်မြို့နယ်ရှိ နံ့သာလမ်း၊ တောင်သမန်အင်းပတ်လမ်းစသည့်နေရာများတွင် လမ်းမီးတိုင်မရှိခြင်းနှင့် မီးတိုင်ရှိသော်လည်း မီးမလင်းခြင်း တို့ကြောင့် အမှောင်ထုကို အခြေပြု၍ ခိုး၊ ဆိုး၊ လုယက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း မန္တလေးမြို့ခံများထံမှသိရသည်။

"အခုမန္တလေးမြို့ပေါ်က ပြည်သူလူထုအနေနဲ့ ည (၉) နာရီကျော်ရင် အပြင်မထွက်ရဲဘူးဖြစ်နေတယ်။ ခိုး၊ ဆိုး၊ လုယက်မှုတွေနဲ့ ကြုံရမှာ ကြောက်နေကြတယ်။ ခိုး၊ ဆိုး၊ လုယက်မှုတွေ အဓိကဖြစ်တာက မီးမရှိတဲ့နေရာတွေပါပဲ။ မန္တလေးမှာ လျှပ်စစ်မီးတိုင်ရှိပြီး မီးလင်းတာရှိသလို၊ မီးမလင်းတဲ့နေရာတွေလည်းရှိတယ်။ တချို့နေရာတွေမှာဆို မီးတိုင်တောင်မရှိဘူး။ လုယက်ချင်သူတွေက အမှောင်ထုကိုအားပြုပြီး လုပ်နေကြတာ။ ပြီးရင် ခြေရာဖျောက်သွားကြတယ်။ ဒါကြောင့် မြို့ပေါ်နေရာတိုင်းမှာမီးလင်းဖို့က အရေးကြီးတဲ့အပိုင်းတစ်ခု ဖြစ်နေတယ်" ဟု ချမ်းမြသာစည်မြို့နယ်မဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက ပြောကြားသည်။

မန္တလေးကျုံးပတ်လမ်းနှင့် မန္တလေးမြို့တော်တွင် နေထိုင်သူများ လုံခြုံစိတ်ချစွာသွားလာနိုင်ရေးအတွက် လှည့်ကင်း၊ ရပ်ကင်းများ နေ့စဉ် ဆောင်ရွက်နေသည့်အပြင် ပြည်သူလူထုအားလည်း အသိပညာပေးခြင်းများ၊ ညပိုင်းသွားလာသည့် ယာဉ်များတွင် တုတ်၊ ဓား လက်နက် ကိုင်ဆောင်မှု ရှိမရှိ စစ်ဆေးခြင်းများ ပြုလုပ်နေပြီး၊ မတ်လ ၃၀ ရက်နေ့ကစ၍ လုံခြုံရေးဆောင်ရွက်နေကြောင်း၊ ရဲတပ်ဖွဲ့ဝင်များကိုလည်း သေနတ်များထုတ်ပေးထားကြောင်း မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။ ■ M-04



ဓာတ်ပုံ-မျိုးစက်စမ်း

ပုဂံဒေသရှုခင်းများကြည့်ရှုနိုင်မည့် နန်းမြင့်မျှော်စင်

# ပုဂံရှုခင်းများ နန်းမြင့်မျှော်စင်ပေါ်မှ အခမဲ့ကြည့်ရှုခွင့်ပြု

**မန္တလေး၊ ဧပြီ ၅**

ထူးကုမ္ပဏီအုပ်စုပိုင် နန်းမြင့် မျှော်စင်ပေါ်မှ ပုဂံဒေသ နေထွက်ချိန်နေဝင်ချိန် ရှုခင်းများကို အခမဲ့ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ သိရသည်။

နန်းမြင့် မျှော်စင် တတိယထပ် (အမြင့် ၄၂ ပေ) မှာ ရှုခင်းများကိုကြည့်ရှုနိုင်ပြီဖြစ်ကြောင်း၊ ပုဂံဒေသရှုခင်းများကြည့်ရှုနိုင်ရန် နေရာသစ်များလည်း ဖော်ထုတ်လျက်ရှိကြောင်း၊ နေရာသစ်များ ဖော်ထုတ်မပြီးခင် အချိန်အထိ နေထွက်ချိန်၊ နေဝင်ချိန် ရှုခင်းများကို နန်းမြင့်မျှော်စင်ပေါ်မှ ကြည့်ရှုနိုင်ရန် ထူးကုမ္ပဏီသို့ အကူအညီတောင်းခံထားခြင်းဖြစ်ကြောင်း ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

နန်းမြင့်မျှော်စင် တတိယထပ်မှနေ၍ ပုဂံဒေသ နေထွက်ချိန်နေဝင်ချိန် ရှုခင်းများကို ပြည်တွင်း၊ ပြည်ပ ခရီးသွားများအား အခမဲ့ ကြည့်ရှုခွင့်ပေးထားကြောင်း ထူးကုမ္ပဏီက ကြေညာထားသည်။

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ငလျင်ကြောင့် ဘုရားစေတီများ မပျက်စီးခင်က ရွှေဆံတော်၊ ပြာသာဒ်ကြီး၊ ဗူးလည်သီး၊ တောင်ဂူနီ၊ မြောက်ဂူနီ၊ သစ္စဝတီ၊ ပုဂံမျှော်စသည့် ဘုရားများပေါ်မှ ပုဂံဒေသရှုမျှော်ခင်းများ ကြည့်ရှုခွင့်ပြုထားခဲ့ရာမှ ငလျင်လှုပ်ပြီးနောက်တွင် ရွှေဆံတော်၊ ပြာသာဒ်ကြီး၊ တောင်ဂူနီဘုရားများပေါ်မှသာ ကြည့်ရှုရန် ခွင့်ပြုထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှတ်တမ်းများအရ သိရသည်။

ရှုမျှော်ခင်းများကြည့်ရှုနိုင်ရန်အတွက် နေရာသစ်အဖြစ် ကိုမောက်ကန်ပေါင်ပေါ်မှ ကြည့်ရှုနိုင်ရန် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ နောက်ဆုံးပတ်က ခွင့်ပြုခဲ့ကြောင်း၊ နေရာသစ်သုံးနေရာ ထပ်မံပြုလုပ်နိုင်ရန် ဆောင်ရွက်နေကြောင်း၊ နန်းမြင့်မျှော်စင်ပေါ်မှ ရှုမျှော်ခင်းများ ကြည့်ရှုနိုင်ရန် မတ်လတတိယပတ်အတွင်းက စတင်ခွင့်ပြုခဲ့ကြောင်း၊ လူဦးရေ ၅၀၀ ကျော် တစ်ပြိုင်တည်း ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ နေထွက်ချိန်၊ နေဝင်ချိန်များကိုသာ အချိန်ပိုင်းဖြင့် ကြည့်ရှုခွင့်ပေးထားပြီး ဇွန်လအထိ ကြည့်ရှုခွင့်ပေးထားကြောင်း ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ထပ်လောင်းပြောဆိုသည်။ ■ M-05

# မန္တလေးစည်ပင် ယာဉ်ရပ်နားစခန်း ဂိတ်ဝင်ကြေး နှစ်ဆကျော်တိုးမြှင့်

**မန္တလေး၊ ဧပြီ ၅**

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ယာဉ်ရပ်နားစခန်းခြောက်ခုတွင် ကောက်ခံလျက်ရှိသော ဂိတ်ဝင်ကြေးများကို ယခင်ထက် နှစ်ဆကျော် တိုးမြှင့်ကောက်ခံလျက်ရှိကြောင်း အဆိုပါဂိတ်များထံမှ သိရသည်။

ယာဉ်ရပ်နားစခန်းခြောက်ခုရှိ ဂိတ်ဝင်ကြေးများအပြင် ပံ့ကျဈေး ၊ အိမ်သာနှင့် ရေချိုးရုံများတွင်လည်း ယမန်နှစ်ကထက် တိုးမြှင့် ကောက်ခံလျက်ရှိကြောင်း၊ ယင်းသို့တိုးမြှင့်ကောက်ခံခြင်းကို ဧပြီလ ၁ ရက်နေ့က စတင်ခဲ့ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

"မဖြစ်မနေကောက်ခံရမယ့်အခြေအနေကြောင့် တိုးမြှင့်ကောက်ခံရခြင်းဖြစ်ပါတယ်။ ဒါကို နားလည်ပေးပါလို့ ပြောပါရစေ။ သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံဖို့လည်း ညွှန်ကြားထားပြီးသားပါ။ သတ်မှတ်နှုန်းထားအတိုင်း မကောက်ဘူးဆိုရင် အချိန်မရွေး တိုင်နိုင်ပါတယ်၊ တိုင်ကြားပေးဖို့လည်း တောင်းဆိုပါတယ်" ဟု မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဇောအောင်က ပြောကြားသည်။

ပြင်ဆင်ကောက်ခံသည့် နှုန်းထားများမှာ ယခင်နှုန်းထားများထက် အဆမတန် တိုးမြှင့်ကောက်ခံခြင်းမျိုးမဟုတ်ဘဲ ခေတ်နှင့် လျော်ညီသည့် နှုန်းထားသစ်များဖြင့် ပြင်ဆင်ကောက်ခံခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ပြင်ဆင်ကောက်ခံသည့် နှုန်းထားသစ်များကို ထုတ်ပြန်ကြေညာထားပြီး ဖြစ်သော်လည်း အမှန်တကယ်ကောက်ခံသည့်နှုန်းများမှာ ကြေညာထားသည့်နှုန်းထက် တိုးမြှင့်ကောက်ခံလျက်ရှိကြောင်း ဧပြီလ ၃ ရက်နေ့က ကျွဲဆည်ကန်ကားကြီးကွင်းသို့ ဩဇည်ပို့ပေးခဲ့သည့် ချမ်းအေးသာစံမြို့နယ်မှ ဦးတူးက ပြောကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချမ်းမြရွှေပြည်၊ ပြည်ကြီးမျက်ရှင်၊ ပြည်ကြီးမင်္ဂလာ၊ သီရိမန္တလာ၊ မဟာအောင်မြေနှင့် ဒေါနဘွားယာဉ်ရပ်နားစခန်းတို့တွင် ယခင်က ဆိုင်ကယ်ဝင်ကြေး ၅၀ ကျပ်သာရှိခဲ့ရာမှ ယခု ၁၀၀ ကျပ်၊ သုံးတန်အောက်ယာဉ်များအနေနှင့် ယခင်က ၁၅၀ ကျပ်၊ ယခု ၃၅၀ ကျပ်၊ သုံးတန်မှ ငါးတန်ကြားယာဉ်များကို ယခင် ၂၀၀ ကျပ်မှ ယခု ၅၀၀ ကျပ်၊ ငါးတန်အထက်ယာဉ်များကို ယခင် ၄၅၀ ကျပ်မှ ယခု ၁၁၅၀ ကျပ်၊ ၁၀ ဘီးနှင့် ၁၂ ဘီး ယာဉ်များကို ယခင် ၉၀၀ ကျပ်မှ ယခု ၁၅၀၀ ကျပ်၊ ၂၂ ဘီးယာဉ်ကို ယခင် ၁၅၀၀ ကျပ်မှ ယခု ၂၀၀၀ ကျပ်သို့ပြောင်းလဲကောက်ခံလျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပံ့ကျဈေးကောက်ခွန်ကိုလည်း ယခင် ၅၀ ကျပ်မှ ၁၅၀ ကျပ်၊ ၁၀၀ ကျပ်မှ ၂၅၀ ကျပ်၊ ၂၀၀ ကျပ်မှ ၅၀၀ ကျပ်၊ ၄၀၀ ကျပ်မှ ၁၂၅၀ ကျပ်သို့ လည်းကောင်း၊ အိမ်သာအသုံးပြုမှုအတွက် ယခင် ၃၀ ကျပ်မှ ယခု ၁၀၀ ကျပ်နှင့် ရေချိုးခအဖြစ် ယခင် ၂၀၀ ကျပ်မှ ယခု ၃၀၀ ကျပ်သို့ လည်းကောင်း နှုန်းထား ပြင်ဆင်ကောက်ခံလျက်ရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

■ M-03



ဓာတ်ပုံ-နေလင်း

မနောရမ္မကွင်းတွင် ပြုလုပ်မည့် လူငယ်သင်္ကြန်မဏ္ဍပ် တည်ဆောက်နေမှုကို တွေ့ရစဉ်

# လူငယ်သင်္ကြန် အစိုးရဘတ်ဂျက် အသုံးမပြုဟုဆို

**မန္တလေး၊ ဧပြီ ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မီက လူငယ်များအတွက် ရည်ရွယ်စီစဉ်ပေးထားသည့် လူငယ်သင်္ကြန်ပွဲတော်အတွက် အထွေထွေ ကုန်ကျစရိတ်များကို အစိုးရဘတ်ဂျက် အသုံးမပြုဟု အဆိုပါကော်မတီဝင် ဦးရဲမြတ်သူက ပြောကြားသည်။

ယင်းလူငယ်သင်္ကြန်ပွဲတော်ကိုမဟာအောင်မြေမြို့နယ် ၆၂ လမ်းရှိ မနောရမ္မကွင်းတွင် ပြုလုပ်မည်ဖြစ်ပြီး ကုမ္ပဏီများက စပွန်ဆာပေးထားသည်။

"ဒီနှစ်သင်္ကြန် အသုံးစရိတ်တွေကို တော်တော်ကြီးလျှော့ချထားပါတယ်၊ အဲဒီကပိုတဲ့ ငွေတွေကို မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့နေရာတွေမှာ ပြန်အသုံးချမှာပေါ့။ လူငယ်သင်္ကြန်ပွဲတော်အတွက် စပွန်ဆာပေးတဲ့ ကုမ္ပဏီတွေများတယ်။ ဒီတော့ သူတို့ငွေတွေနဲ့ပဲ အားလုံးလုပ်မယ်။ အစိုးရဘဏ္ဍာငွေ လုံးဝအသုံးပြုမှာမဟုတ်ပါဘူး" ဟု ဦးရဲမြတ်သူက ရှင်းပြသည်။

ပြည်သူများအတွက် ထည့်သွင်းစဉ်းစားပေးပြီး သင်္ကြန်ပွဲတော်ကျင်းပခြင်းကို ကြိုဆိုရမည်ဖြစ်ကြောင်း၊ လူငယ်သင်္ကြန်ပွဲတော် လူစည်ကားမည် ဖြစ်သောကြောင့် လုံခြုံရေးပိုင်းကို စနစ်တကျစီစဉ်ထားသင့်ကြောင်း ချမ်းအေးသာစံမြို့နယ်ဒေသခံ ဦးမောင်မောင်လတ်က ပြောကြားသည်။

စည်ပင်ဘဏ္ဍာငွေများသည်ဒေသခံပြည်သူတို့အခွန်ဆောင်ထားသော ဘဏ္ဍာငွေအများစုဖြစ်သောကြောင့် အဆိုပါပြည်သူ့ဘဏ္ဍာများကို ထိခိုက်မခံဘဲ လူငယ်သင်္ကြန်ပွဲတော်တွင် ဒေသခံပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ဦးရဲမြတ်သူက ထပ်လောင်းပြောဆိုသည်။

ယင်းလူငယ်သင်္ကြန်မဏ္ဍပ်တွင် ဖျော်ဖြေရေးမဏ္ဍပ်တစ်ခုအတွက်သာ ဆောက်လုပ်ထားပြီး ရေပက်ကစားမည် မဟုတ်သော်လည်း ကွင်းအတွင်း ရေပန်းများ တပ်ဆင်ထားမည်ဖြစ်ကာ လုံခြုံရေးအတွက်လည်း ပြင်ပလုံခြုံရေးများ ငှားရမ်းထားကြောင်း၊ ဖျော်ဖြေရေးအနေနှင့် ဂျီလတ်၊ ဝေလ၊ ထွန်းအိန္ဒြာဗိုလ်နှင့် လူငယ်ကြိုက် တေးသံရှင်များက ဖျော်ဖြေပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။ ■

M-03

# မန္တလေး စိတ်ကျန်းမာရေးဆေးရုံ လူနာ ၂၀၀ ခန့် ကုသပေးရန် ပြင်ဆင်

**မန္တလေး၊ ဧပြီ ၅**

မန္တလေး စိတ်ကျန်းမာရေးဆေးရုံကြီးအနေနှင့် မေလဆန်းပိုင်းမှစတင်ကာ အတွင်းလူနာ ၂၀၀ ခန့်ကို လက်ခံကုသပေးနိုင်ရန် ပြင်ဆင်နေကြောင်း အဆိုပါဆေးရုံကြီးထံမှ သိရသည်။

လက်ရှိဆေးရုံသည် ခုတင် ၂၀၀ ဆံ့ဆေးရုံဖြစ်သောကြောင့် လူနာများကို တိုးချဲ့ကုသနိုင်ရန် ခုတင် ၁၀၀ ဆံ့ တိုးချဲ့အဆောင်သစ် တည်ဆောက်နေပြီး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ မကြာမီဖွင့်လှစ်မည်ဖြစ်ကြောင်း မန္တလေးစိတ်ကျန်းမာရေးဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဌေးက ပြောကြားသည်။

စိတ်ကျန်းမာရေးဆေးရုံသို့ လာရောက်ကုသသူ ပိုမိုများပြားလာသဖြင့် အဆောင်သစ်ကို တိုးချဲ့ဆောက်လုပ်ရခြင်းဖြစ်သည်ဟု ၎င်းကပြောဆိုသည်။

စိတ်ရောဂါဖြစ်နေကြောင်း အသိအမှတ်ပြုမခံရဘဲ စနစ်တကျကုသမှုများ မပြုလုပ်ခဲ့ကြကြောင်း၊ လက်ရှိခေတ်ကာလများတွင် ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဆေးရုံတက်ကုသရန် ပိုမိုနားလည်လာခြင်း၊ လူမှုကူညီရေးအသင်းများက ချိတ်ဆက်ကူညီပေးခြင်းများ ပြုလုပ်လာကြကြောင်းလည်း ၎င်းကရှင်းပြသည်။

အဆိုပါဆေးရုံသည် မန္တလေးတိုင်းအတွင်းနှင့် အထက်မြန်မာပြည် မြို့ရွာများမှ စိတ်ကျန်းမာရေးအားနည်းနေသူများ လာရောက် ကုသမှုခံယူကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ရန်ကုန်တိုင်းအတွင်းရှိ ရွာသာကြီးစိတ်ကျန်းမာရေးဆေးရုံနှင့် မန္တလေးတိုင်းတွင် ထုံးဘို- မြစ်ငယ်လမ်းခွဲရှိ စိတ်ကျန်းမာရေး ဆေးရုံတို့သာ ရှိသည်။ ■

M-05

# သက်ငယ်မုဒိမ်းမှုလျှော့နည်းရေး အခြေခံပညာကျောင်းများတွင် အသိပညာပေးမည်

**မန္တလေး၊ ဧပြီ ၅**

မန္တလေးတိုင်းအတွင်း သက်ငယ်မုဒိမ်းမှုများ လျှော့နည်းပပျောက်ရေးအတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစတင်ကာ အခြေခံပညာသင်ကျောင်းများတွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဝန်ကြီးချုပ်က ပြောကြားသည်။

"သက်ငယ်မုဒိမ်းတွေကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ ကျောင်းတွေမှာ ပို့ချပေးရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ကော်မတီတွေဖွဲ့စည်းဖို့ ဆောင်ရွက်နေပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ကစပြီး ပို့ချပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု ၎င်းကပြောဆိုသည်။

ဧပြီလ ၅ ရက်နေကကျင်းပသည့် ဒုတိယအကြိမ် မန္တလေးတိုင်းလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားလိုက်ခြင်းဖြစ်သည်။

သက်ငယ်မုဒိမ်းများကြိုတင် ကာကွယ်ရေးကော်မတီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥပဒေအရာရှိ၊ တရားရေးဦးစီးမှူး၊ ရဲတပ်ဖွဲ့မှူး၊ ကျန်းမာရေးမှူး၊ ပြန်ဆက်ဦးစီးမှူး၊ အမျိုးသမီးရေးရာအတွင်းရေးမှူး၊ မိခင်နှင့်ကလေးဥက္ကဋ္ဌ၊ ပညာရေးမှူးများ ပါဝင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအဆိုအရ သိရသည်။

တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အောင်မြေသာစံမြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မှ တိုင်းလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဦးက 'သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ ပညာပေးအစီအစဉ်များကို အခြေခံပညာမူလတန်းမှစ၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်' အဆို တင်သွင်းအောင်မြင်ခဲ့သည်။

ယင်းအဆို အောင်မြင်ခဲ့သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်း၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ကော်မတီများဖွဲ့စည်းထားကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

ယင်းကော်မတီများအနေနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်နိုင်မည့် ပို့ချမှု (Lecture Notes) များ ပြုစုရေးအဖွဲ့တစ်ခု ဖွဲ့စည်းမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်ကပြောကြားသည်။ ■ M-04

# တရားရုံးမှုခင်းဆိုင်ရာများ လေ့လာဆန်းစစ်ရေး အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းရန်စီစဉ်

**မန္တလေး၊ ဧပြီ ၅**

မန္တလေးတိုင်းအတွင်းရှိ တရားရုံးများ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပိုမိုထိန်းကွပ်ကြီးကြပ်ပေးရန် တရားရုံး မှုခင်းဆိုင်ရာများ လေ့လာဆန်းစစ်ရေးအဖွဲ့ကို အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

ယင်းသို့ ဖွဲ့စည်းရန် မတ်လ ၂၃ ရက်နေ့က ပြုလုပ်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်ဟု ၎င်းက ပြောဆိုသည်။

အငြိမ်းစားခရိုင်တရားသူကြီးတစ်ဦး အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်မည်ဖြစ်ပြီး တိုင်းဒေသကြီးဥပဒေအရာရှိ (ငြိမ်း)၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး (ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ၊ တိုင်းလွှတ်တော်ကိုယ်စားလှယ်၊ အရပ်ဘက်အဖွဲ့များမှ ဂုဏ်သိက္ခာရှိပုဂ္ဂိုလ်တစ်ဦး၊ မြို့မိမြို့ဖတစ်ဦး၊ ဥပဒေပညာရှင်နှင့် အမျိုးသမီးရေးရာ လုပ်ရှားသူတို့ဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း ဒေါက်တာဇော်မြင့်မောင်က ရှင်းပြသည်။

"ဖွဲ့စည်းသွားမယ်လို့ပဲ သိရပါသေးတယ်။ ဘာတွေ လုပ်ရမယ်ဆိုတာမဖွဲ့ရသေးတော့ ညွှန်ကြားချက် မရှိသေးပါဘူး" ဟု ယင်းအဖွဲ့တွင် ပါဝင်မည့် ငါန်းဇွန်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အထက်တန်းရှေ့နေ ဒေါ်သဲစုဝေက ပြောကြားသည်။

ယင်းကဲ့သို့ ဖွဲ့စည်းနိုင်ရန်အတွက် တိုင်းဒေသကြီးဥပဒေချုပ်ထံမှ အကြံပြုချက်ရယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် တရားရုံးများကို အဆင့်ဆင့်စောင့်ကြပ်ကြည့်ရှုရန် လိုအပ်သောကြောင့် တရားလွှတ်တော် တရားသူကြီးချုပ်ထံ အစိုးရအဖွဲ့က မတ်လ ၁၄ ရက်နေ့တွင် အကြောင်းကြားခဲ့ကြောင်း ဒေါက်တာဇော်မြင့်မောင်က ထပ်လောင်းပြောဆိုသည်။

ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့တွင်) ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ် မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်က မန္တလေးတိုင်းအတွင်းရှိ တရားရုံးများကို တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပိုမိုထိန်းကွပ်ကြီးကြပ်ပေးရန် တိုက်တွန်းသည့်အဆို တင်သွင်းခဲ့ပြီး လွှတ်တော်ကအတည်ပြုခဲ့သည်။ ■ LC

# BOOK GUIDE

## သာခု လူဝါးဝတယ်

### သာခု




ဤစာအုပ်သည် စာရေးဆရာ 'သာခု' ၏ စာစုဖြစ်သည်။ တိုတိုတုတ်တုတ်နှင့် စာစုတွေက ခေတ်အကြောင်း၊ စနစ်အကြောင်း၊ လူတွေအကြောင်းကို ကောင်းစွာထင်ဟပ်နိုင်ခဲ့သည်။

ဆရာသာခုသည် လူထူးတစ်ယောက်ဖြစ်သည်။ သာခုဝါဒဟု ပြောရမည်လား၊ သာခုသဘောတရားဟု ဆိုရမည်လား မသိ။ သူ့စာစုနှင့် သူ့စိတ်ဓာတ်ကို အထင်ဟပ်ဆုံး ဖြစ်စေနိုင်မည့် အမြင်လေးကို စာအုပ်ကျောဖုံးတွင် ထည့်ပေးထားသည်။

"မဟုတ်မခံစိတ်ရှိသူဟာ၊ ရန်သူပေါတယ်။ မှန်ရာကို ဒဲ့ဒိုးပြောလို့ အမုန်းခံရတယ်ဆိုရင် အဲဒါ သာခုအဖို့ အရသာပဲ" ဟု ဖော်ပြထားသည်။

သာခုစာများသည် သာခုဘဝကို ထင်ဟပ်နေသည်။ အမည်ရင်းမှာ ဦးဖေသန်း၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် သခင်ဖေသန်း၊ စာပေလောကတွင် သာခု၊ ရုပ်ရှင်လောကတွင် ဒါရိုက်တာ သာခုဟူ၍ ခေတ်တစ်ခေတ်တွင် အစားထိုးမရနိုင်လောက်သည့် အတွေးအမြင်များဖြင့် အနုပညာကို ဖော်ထုတ်တင်ပြနိုင်စွမ်းရှိသူ၊ ထူးခြားဆန်းကြယ်သည့် အမြင်များဖြင့် အတွေးအခေါ်များကို တင်ပြခဲ့သူဖြစ်သည်။

ငယ်စဉ်က ဆင်းရဲသောကြောင့် ကျောင်းမနေနိုင်ရှာပေ။ ကြိုးစားရုန်းကန်ရင်း တက္ကသိုလ်တက်ပြန်တော့လည်း ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်တွင် ကျောင်းကထွက်ခဲ့သည်။ သခင်ဘွဲ့ခံပြီး တို့ဗမာအစည်းအရုံးတွင် အတွင်းရေးမှူး တာဝန်ထမ်းဆောင်သည်။ ၁၃၀၀ ပြည့် ရေနံမြေသပိတ်တွင် အသေခံဗိုလ်အဖြစ် ချီတက်ခဲ့သည်။ နောက်ပိုင်း နိုင်ငံရေးကထွက်ပြီး ပူတူတူးပေါင်ဒါထုတ်သည်။ ဘဝမျိုးစုံတွင် ကျင်လည်ခဲ့ပြီး ဘတ်စ်ကားမောင်းသည်။ မြင်းလှည်းမောင်းသည်။ စာအုပ်ထုတ်သည်။ ပုံနှိပ်စက်ထောင်သည်။ ပဒေသာမဂ္ဂဇင်းထုတ်သည်။ လုပ်သမျှ အောင်မြင်သည်ဟုပြောရမည်။ ၁၉၅၉ ခုနှစ်တွင် ရုပ်ရှင်နယ်ကိုကူးပြီး ကကြီးရေက ဇာတ်ကားကို ပထမဆုံး ရိုက်ကူးထုတ်လုပ်သည်။ အကောင်းဆုံးဒါရိုက်တာဆုကို ရရှိသည်။ ၁၉၆၀ ပြည့်နှစ်တွင် အငိုလွယ်သည်ဇာတ်ကားဖြင့် ဒုတိယအကြိမ် ဒါရိုက်တာဆု ထပ်မံရရှိသည်။ ရုပ်ရှင်ဇာတ်ကား ၁၀ ကားခန့် ရိုက်ကူးခဲ့သည်။ သူ၏ငယ်ဘဝအစစ်အမှန် ၉၀ ရာခိုင်နှုန်းကို 'အတာ' ဆိုသည့်ဝတ္ထုထဲတွင် ရေးသားဖော်ထုတ်ထားကြောင်း သာခုကဝန်ခံခဲ့သည်။ ၁၉၉၁ ခုနှစ် အသက် ၇၃ နှစ်အရွယ်တွင် အဆုတ်ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

'သာခုလူဝါးဝတယ်' စာအုပ်တွင် စာစုပေါင်း (၃၉ ပုဒ်) ပါဝင်သည်။ စာအပုဒ်တိုင်း ခနိုးခနဲ့နှင့် ကလိတိတိ ရိတိတိလေးတွေ တို့ဆိတ်ထားသည်။ သူလူဝါးဝခဲ့သူတွေကလည်း နှယ်နှယ်ရရတွေမဟုတ်။ ရယ်စရာမြူးစရာ လူဝါးဝခဲ့ပုံလေးတွေကို ဖတ်ရ သည်။ သူလူဝါးဝ ခံလိုက်ရသည့် အကြောင်းတွေလည်း ပါသည်။ သူ၏ ငယ်စဉ် ဘဝ၊ နိုင်ငံရေးသမားဘဝ၊ သူကျင်လည်ခဲ့ရသော ပါလီမန် ဒီမိုကရေစီခေတ်၊ ဆိုရှယ်လစ်ခေတ် သူ့ဘဝသူ့အတွေ့အကြုံတွေကို လက်စွမ်းပြထားသည့် စာစုများဖြစ်သောကြောင့် စိတ်ဝင်စားစရာကောင်းလှသည်။

သာခုနိုင်ငံရေးကို အဘယ်ကြောင့် စိတ်ကုန်သွားခဲ့ရကြောင်းကို 'ဝက်အူလှည့်ရွေးကောက်ပွဲ' တွင် ဖော်ပြထားသည်။ မြူရွေးကောက်ပွဲဝင်ရန် ရိုးသားစွာ ကြိုးစားရှာသော သာခုကို နိုင်ငံရေးသမားဟောင်းကြီးများက ဝိုင်းဝန်းပြီး ပညာပြလိုက်ပုံကို ပီပြင်စွာထုတ်ဖော်ထားသည်။ ဦးသိမ်းမောင်နှင့် အပြိုင်တွေ့ကြပြီး နောက်ဆုံးတွင် ရွေးကောက်ပွဲကို ရှုံးခဲ့ရသည်။ နိုင်သော်လည်း အဘယ်ကြောင့် ရှုံးခဲ့ရကြောင်းကို ဦးသိမ်းမောင်က နောက်မှ ပြန်ရှင်းပြသဖြင့် သိလိုက်ရသည်။ ယုတ်မာပက်စက်လွန်းလှသော နိုင်ငံရေးဘဝကို မဝင်ချင်ပါနှင့်ဆိုခြင်းကို ဦးသိမ်းမောင်က -

"မလုပ်နဲ့တော့ ကိုသာခု။ ခင်ဗျားကို စေတနာ ဆန္ဒမဲ့ အားကိုးနဲ့သာလုပ်ရင် သူတို့ခေတ်မှာ တစ်သက်လုံး မနိုင်ဘူး" ဟု ဝက်အူလှည့်အားကိုးနှင့် မဲပုံးဖောက်ယုတ်မာပုံများကို ရေးသားထားသည်။

သူနှင့်တွေ့ဆုံကြုံခဲ့ရသည့် နိုင်ငံရေးသမားတွေကလည်း နှယ်နှယ်ရရတွေမဟုတ်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်လွင်၊ ဂဠုန်ဦးစော၊ ဦးပု၊ သခင်လှကျော်၊ ဦးသိမ်းမောင်တို့ အကြောင်းလေးတွေကို သာခုက တို့ဆိတ်ပြထားသည်။

သာခုသည် စက်ပစ္စည်းတွေကို တီထွင်လုပ်တတ်သည်။ ပေါင်ဒါကိုအသံချဲ့စက်နှင့် ရှေးဦးစွာရောင်းခဲ့သူဖြစ်သည်။ အသံချဲ့စက်တစ်လုံးကို ပထမဆုံး ရန်ကုန်တွင် လိုက်ဖွင့်ရင်း စီးပွားရှာသည်။ ထိုခေတ်ငွေဖြင့် ကားရော အသံချဲ့စက်ပါလိုက်လျှင် ၁၅၀ ကျပ်မှ ၂၀၀ ကျပ်အထိရတတ်သည်။

"ကွက်သစ်မင်္ဂလာဆောင်၊ ရှင်ပြု၊ အသုဘတို့ပါ အသံချဲ့စက်သုံးလာသည်မှာ သာခုအသံချဲ့စက်ကစခဲ့ခြင်း ဖြစ်သည်" ဟု (သခင်လွင်) စာစုတွင် ဖော်ပြထားသည်။ ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ချင်း-ဗမာညီလာခံသို့ အသံချဲ့စက်လိုက်ဖွင့်ပေးရင်း ရဲဘော်တစ်ဦးနှင့် ပြဿနာတက်ခဲ့ရပုံလေးတွေကိုလည်း စိတ်လှုပ်ရှားစရာ ရေးပြတတ်သည်။

'ခေဘိုထိုင်' စာစုထဲတွင် ရန်ကုန်မြို့မှ ဂျပန်ခေတ် ဗဟန်းဈေးအကြောင်း ရေးပြထားသည်။ မှောင်ခိုဈေးကွက် လိုရာရနိုင်သည့် ထိုဈေးကို ကားမောင်းလာစဉ် ဂျပန်စစ်ဗိုလ်တစ်ဦးကို သူ့ကားနှင့် တိုက်မိခဲ့ရာက ကံကောင်းလို့မသေ ရွှေဂုံတိုင်နှင့် ခေဘိုထိုင်နားကြားမှာပြီး လွတ်ခဲ့ရပုံအကြောင်း ဟာသနှောကာ ရေးထားသည်။

'ဂဠုန်ဦးစော' စာစုတွင် ၁၉ နှစ်သားလေး မောင်ဖေသန်းနှင့် နန်းရင်းဝန်ဂဠုန်ဦးစောတို့တွေ့ဆုံခဲ့ရပုံ၊ ဦးစောက မောင်ဖေသန်းကို ကောင်းကောင်း ပညာပေးပုံများကို ဖော်ပြထားသည်။ ဤအခန်းသည် သာခုက လူဝါးဝခြင်း မဟုတ်။ သာခုသည် ဂဠုန်ဦးစော၏ လူဝါးဝခြင်းကို ခံလိုက်ရပုံအကြောင်းကို ဖော်ပြထားသည်။ ဂဠုန်ဦးစောက သူ့ကို အမြဲဆန့်ကျင်နေသည့် လူငယ်တစ်ဦးကို

"တစ်နေ့နေ့မှာ နိုင်ငံရေးစိတ် ကုန်ခန်းချင်လာရင် ကျုပ်နဲ့လာတွေ့ပါ။ နောက်တစ်ချက်ကတော့ နိုင်ငံရေးစိတ်ဓာတ် လျော့မသွားအောင် အမြဲမာန်တင်းထားပါ ဟုတ်လား" ဟုစည်းရုံးလိုက်သည်။ ဦးစော၏ ကျလောက် အောင်ပြောတတ်သည့် စကားကို သူမနစ်မျောသွားသည်မှာ ကံကောင်းလှသည်။ အကယ်၍သာ ဦးစောကို ကြည်ညိုလိုက်ပြီး သူ့ထံခစားလိုက်မိလျှင် သူရေးထားသည်က မတွေးဝံ့စရာပင်။

သာခုသည် ရုပ်ရှင်ပညာကို ဒါရိုက်တာအဖြစ် ရိုက်စဉ်ကလည်း ထူးချွန်သည်။ သူ့ဒုတိယ အကယ်ဒမီရသည့် အငိုလွယ်သည်ဇာတ်ကားသည် ရှုတတ်သည့် သူဌေးသမီးသည်၊ အနူမကြီး၏ သားနှင့်ညားခဲ့ရပုံကို ဇာတ်လမ်းလှည့်ကွက်လေးဖြင့် ရိုက်ပြထားသည်။ မထင်မှတ်သည့် ထောက်ကွက်လေးတွေက သူ့ကို အကယ်ဒမီဆုရရှိ သွားစေခဲ့ခြင်းဖြစ်သည်။

သာခုသည် ကွယ်လွန်သွားပြီဖြစ်သော်လည်း သူ့အနုပညာ၊ သူ့စာပေ၊ သူ့ရုပ်ရှင်တွေက ခေတ်လွန်တွေ ဖြစ်နေကြောင်း ဖတ်ကြည့်ခံစားကြည့်မှ သိနိုင်သည်။ စာကို တိုတိုတိတိနှင့် ဖွဲ့နိုင်သလို၊ ရုပ်ရှင်ကိုလည်း ပရိသတ်ရင်ထဲသို့ ဒက်ခနဲမှန် အောင်ပစ်နိုင်သည့်သာခုကား နာမည်ဘယ်တော့မှ မသေနိုင်သော အနုပညာရှင် လူ့ခွစာတစ်ဦးသာ။ ■ **စာကြမ်းပိုး**

## ကုသိုလ်လမ်းညွှန်

ဒီနေ့တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့လမ်းညွှန် နေကျအတိုင်း ညွှန်ပေးချင်တာကတော့ ကျန်းမာရေးကုသိုလ်ပြုနိုင်ဖို့ပါ။ မိုးကုတ်မြို့ လီဆူးလူမျိုး လီကွမ်ရစ်ဆိုတဲ့ ကလေးလေးက မွေးရာပါ ခြေထောက်ခွင်နေတာမို့ တစ်ပတ်တစ်ကြိမ်ကျောက်ပတ်တီးစည်းပေးနေရတာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ ကျောက်ပတ်တီးစည်းပေးတာက ရောဂါဝေဒနာကိုမသိသာတာကြောင့် မန္တလေးခုတင် ၅၀၀ ဆေးရုံမှာခွဲစိတ်ကုသရမှာဖြစ်ပါတယ်။ မိဘတွေကလည်း ကြုံရာကျပန်းလုပ်ကိုင်စားသောက်ရတာမို့ ခွဲစိတ်ဖို့ငွေကြေး အခက်အခဲဖြစ်နေတာပါ။ မိုးကုတ်မြို့ကလီဆူးလူမျိုး လီကွမ်ရစ်လေးအတွက် တတ်အားသရွေ့လှူဒါန်းချင်ရင်တော့ မန္တလေးခုတင် ၅၀၀ ဆေးရုံ၊ တစ်ဆင့်လှူဒါန်းချင်ရင် ကိုဝမ်း ဖုန်း ၀၉-၄၅၆၅၆၇၈၇၈ ကိုဆက်သွယ် စုံစမ်းလှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### ရေစိုခံ၊ တစ်နေ့လုံး အသုံးပြုနိုင်မယ့် မျက်ရစ်ဖော် 3D Fiber

မျက်လုံးကို မျက်ရစ်ပေါ်ပေါ်လေးနဲ့ မျက်ဝန်းလှလှလေးဖြစ်ချင်တဲ့သူတွေအတွက် အခုညွှန်ပေးချင်တာက မျက်ရစ်ဖော်ပေးမယ့် 3D Fiber ပစ္စည်းဖြစ်ပါတယ်။ ဒီပစ္စည်းကိုအသုံးပြုချင်ရင် မျက်ရစ်နားမှာကြိုးလေးဆွဲပြီး ကပ်ပေးရမှာဖြစ်ပြီး ကြိုးရှည်နေရင်လည်းညှပ်ပေးဖို့အတွက် ကတ်ကြေးပါတစ်ခါတည်းထည့်ပေးထားတာ ဖြစ်ပါတယ်။ တစ်ခါကပ်ထားတာနဲ့ တစ်နေ့လုံးကြာရှည်ခံနိုင်မှာဖြစ်ပြီး ရေစိုတာခံနိုင်ပါတယ်လို့ ရောင်းချသူကဆိုပါ တယ်။ ဂျပန်နိုင်ငံထုတ်ဖြစ်ပြီး ဈေးနှုန်းက အစုံ ၂၀၀ ပါတဲ့တစ်ဘူးကို ကျပ် ၁၄,၀၀၀ ဖြစ်ပြီး ခွဲယူချင်တဲ့သူတွေအတွက် ခွဲရောင်းပေးမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်းပစ္စည်းမှာယူသူတွေကို အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမှာဖြစ်ပြီး နယ်ကမှာယူသူတွေကို တစ်ဆင့်ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင် ဖုန်း ၀၉-၄၅၀၇၀၀၁၀၀ နဲ့ ၄၅၀၇၀၀၆၀၀ တို့ကိုဆက်သွယ် စုံစမ်းနိုင်ပါတယ်။ ■






**နေ** မီးဖိုကို အသုံးပြုဖို့အတွက် ဒါတွေကို ဦးစွာနားလည်ထားဖို့လိုပါမယ်။

## ရောင်ခြည်ဆပွား၊ အပူများ (Reflection)

နေရောင်ခြည်မှ အပူဓာတ်ရရှိပါတယ်။ ဒါပေမဲ့ ဒီနေရောင်ခြည် တစ်ခုတည်းနဲ့ ချက်ပြုတ်စားသောက်နိုင်လောက်တဲ့ အပူချိန် မရောက်နိုင်သေးပါဘူး။ အဲဒါကြောင့် အပူပိုမိုရရှိအောင် ကြည့်မှန် ဒါမှမဟုတ် တခြားအလင်းရောင်ပြန်နိုင်တဲ့ အလူမီနီယံပြားအပါး (Aluminum Foil) ကို သုံးပြီး အပူဓာတ်ကို ပိုမိုရရှိအောင် ပြုလုပ်ပေးရမှာပါ။ ဥပမာ- နေရောင်ခြည်အောက်မှာ ရပ်နေတုန်း မှန်သုံးချပ်နဲ့ မျက်နှာကိုထပ်ထိုးရင် ပိုပြီးပူသွားသလိုပေ့ါ။




## ဆပွားနေရောင်ခြည်ရယူရန် ပုံစံ

### ဆေးမည်းရောင်သုတ်၊ အပူစုတ် ( Heat Absorbtion)

နေရောင်ခြည်က တောက်ပပြီး ပြောင်လက်သောအရာဝတ္ထုကို ထိုးမိရင် အလင်းပြန်ပြီး မှောင်မည်းကြမ်းတမ်းတဲ့ အရာဝတ္ထုကို ထိုးမိရင် အလင်းမပြန်ဘဲ အပူကိုစုတ်ယူထားတဲ့ သဘောတရား ရှိပါတယ်။ ဥပမာ- နွေအခါမှာ ကတ္တရာလမ်းတွေ အရည်ပျော်တဲ့သဘောပေ့ါ။ အဖြူရောင် ဖြစ်တဲ့ ရင်ပြင်တော်ပေါ်မှာတော့ ဖိနပ်မပါလည်း လမ်းလျှောက်လို့ ရတယ်လေ။

### လေလုံအိတ်ထဲ၊ အပူကဲ (Greenhouse Effect)

အပြင်ကအေးနေတဲ့ လေထုဟာ ပူနေတဲ့အရာဝတ္ထုကို အပူချိန် လျော့အောင် အမြဲပြောင်းလဲစေပါတယ်။ အဲဒီလိုမဖြစ်ဖို့ လေဟာနယ်တစ်ခု ဖြစ်အောင် ပလတ်စတစ်အကြည် လေလုံအိတ်နဲ့ကာထားပေးတဲ့သဘောတရား၊ နွေရာသီမှာ မှန်ဖွင့်ထားတဲ့ကားအတွင်းထက် မှန်အလုံပိတ်ထားတဲ့ ကားအတွင်းပိုင်းက အပူချိန်များစွာပိုမြင့်ပါတယ်။





**အထက်မှာပြထားတဲ့ ပုံ ၂ ပုံက နေရောင်ခြည်မီးဖိုရဲ့ပုံနဲ့ ပြုလုပ်ဖို့အတွက် ပေးထားတဲ့ ပုံစံတွေ ဖြစ်ပါတယ်။**

## ပြုလုပ်နည်း

အထက်ပုံမှာ ပြထားတဲ့အတိုင်း စက္ကူကတ်ထူပြား (သတ္တုပြား) ပေါ်မှာ ကော်သုတ်ပြီး ရောင်ပြန်ပြားဖြစ်တဲ့ အလူမီနီယံအပါးလွှာ (Aluminum Foil) ကို ကပ်ရပါမယ်။ ဒီကတ်ပြားက နေရောင်ခြည်ပွားစေဖို့ လုပ်ထားတာပါ။ နေရောင်ခြည်ကို ၅ ဆပွားပေးထားပါတယ်။ အနောက်တည့်တည့်၊ ဘယ်ဘက်၊ ညာဘက်၊ အောက်ဘက်နဲ့ အရှေ့ဘက်တွေမှာပါ။ ဘယ်ဘက်၊ ညာဘက်၊ အောက်ဘက်နဲ့အရှေ့ဘက်တွေကို အပြားကြီးကြီး ထားပေးတာက နေဟာ အရှေ့ဘက်က အနောက်ဘက်ကို ရွှေ့လျားတဲ့အခါမှာ နေမီးဖိုကို လိုက်ပြီးရွှေ့ပေး(ချိန်ပေး)စရာ မလိုအောင် လုပ်ပေးထားတာပါ။




ထမင်းအိုးကို အပူစုပ်ယူမှုကောင်းဖို့ အမည်းရောင်ဆေးသုတ်ထားပေးပါတယ်။ အိုးကို အမည်းရောင်ဖြစ်အောင် တစ်နည်းနည်းနဲ့ လုပ်ပေးရပါမယ်။ သုတ်ဆေး၊ မှုတ်ဆေးကိုအသုံးပြုရင် ခဲဓာတ်မပါတဲ့ဆေးကိုသာ ဝယ်ယူဖို့ သတိပေးအပ်ပါတယ်။ နောက်ဆုံး လိုအပ်ချက်က အိုးက ရရှိထားတဲ့ အပူဓာတ်လျော့မသွားအောင် ပလတ်စတစ်အိတ်အကြည် အိတ် (Polypropylene SBအိတ်) အတွင်းသို့ထည့်ပြီး အဝကိုလေလုံအောင် ပိတ်ထားပေးရပါမယ်။ အိတ်အကြည်အစား ဖန်ပုလင်း၊ မှန်ပုံး၊ ပလတ်စတစ်အကြည်ဘူးနဲ့ အခြားနည်းတွေကို တီထွင်အသုံးပြုနိုင်ပါတယ်။

စက္ကူကတ်ထူပြားကို ၂၈ လမ်း၊ အနော်ရထာလမ်းနဲ့ ဗိုလ်ချုပ်လမ်းကြား(ရန်ကုန်)၊ အလူမီနီယံအပါးလွှာပြားကို ဆူပါမားကက်တွေမှာ ဝယ်ယူနိုင်ပါတယ်။

ပစ္စည်းစုံရင် တစ်ရက်အတွင်း ပြီးအောင်ပြုလုပ်နိုင်ပါတယ်။

## အလွယ်ကူဆုံးစမ်းသပ်တဲ့နည်း

ဒါက ကြက်ဥကို ရေလုံးဝမပါဘဲ ချက်ပြုတ်နည်းဖြစ်ပါတယ်။

၁။ ကိုကာကိုလာသတ္တုဘူးလွတ် တစ်ဘူးရဲ့အဖုံးကို ကြက်ဥဝင်နိုင်အောင်၊ ဖွင့်ထားသောဘက်က အဝကျယ်ဖြစ်အောင် လုပ်ပါ။ နို့ဆီဘူးလွတ်တစ်ခုရဲ့အဖုံးလွတ်တစ်ချပ်ရှာပါ။ ကိုကာကိုလာဘူးလွတ်နဲ့ နို့ဆီဘူးအဖုံးလွတ်ကို နေထိမည့် အပြင်ဘက် အပိုင်းကိုသာ ဆေးအမည်းရောင်သုတ်ပါမယ်။ အတွင်းပိုင်းမလိုပါ။ (ဆေးမည်းရောင်သုတ်၊ အပူစုပ်)

၂။ ကိုကာကိုလာ ပလတ်စတစ်ဘူးအဖြူရောင်အကြည် (လီတာဘူး )တစ်လုံးရဲ့အောက်ခြေနားက ကပ်ပြီး ဓား ဒါမှမဟုတ် ကတ်ကြေးနဲ့ မျက်နှာပြင်ညီအောင် သေချာစွာ ဖြတ်ပါမယ်။ တစ်ဖက်ပွင့်အဖုံးပါတဲ့ ပုလင်းအကြည် ဖြစ်နေပါမယ်။ လေလုံအိတ်အစား အကြည်ဘူးကို အသုံးပြုခြင်းဖြစ်ပါတယ်။ (လေလုံအိတ်ထဲ၊ အပူကဲ)

၃။ အပေါ်မှာပြထားတဲ့အတိုင်း ပြုလုပ်ထားတဲ့ ရောင်ပြန်ကတ်ပြား ဒါမှမဟုတ် အလားတူ ပြုလုပ်ထားတဲ့ ရောင်ပြန်ကတ်ပြားကို အသုံးပြုရပါမယ်။ (ရောင်ခြည်ဆပွား၊ အပူများ)

အမည်းရောင် ကိုကာကိုလာဘူး အထဲကို ကြက်ဥမကွဲအောင် ဘူးကိုစောင်းပြီး ထည့်ပေးပါ။ တစ်လုံးဖြစ်ဖြစ်၊ နှစ်လုံးဖြစ်ဖြစ်ပေ့ါ၊ ဒီဘူးကို လေလုံအောင် အမည်းရောင် နို့ဆီဘူးလွတ်အဖုံးဖြင့် ဖုံးပါမယ်။ လေနည်းနည်း မလုံလည်းရပါတယ်။ ဒါကိုညှပ်ထားတဲ့ အလူမီနီယံကတ်ပြားရဲ့ အလယ်မှာ ပုံထဲကပြထားတဲ့အတိုင်း ထားပါမယ်။ ပြီးရင်တော့ အဖုံးပါတဲ့ သတ္တုဘူးအပေါ်ကို တစ်ဖက်ပွင့် ကိုကာကိုလာဘူးအကြည်နဲ့ အလယ်ဗဟို (Center) ကျအောင်အုပ်ပြီး နေရောင်ခြည် အများဆုံးရနိုင်တဲ့ ပုံစံမှာထားပါမယ်။ အမြန်ဆုံး နာရီဝက်နဲ့ အကြာဆုံး ၁ နာရီအကြား ရေမလိုတဲ့ ကြက်ဥပြုတ်အကျက် အရောင်လှလှလေးကို စားနိုင်ပါပြီ။ ချက်ပြီး စားကြည့် တကယ်မိ။ ကြက်ဥမြုပ်ရဲ့ ရေထည့်ပြုတ်ရင် ပုံမှန်အတိုင်း အဖြူရောင်ရမှာပါ။

## ခက်ခဲမှုအဆင့် ၃

အထူးသတိပြုဖို့က အမည်းရောင်ဘူးဟာ အငွေ့မထွက်ဘဲ တကယ်ပူပါတယ်။ လက်အိတ်နဲ့ကိုင်ပါ။ ဒါမှမဟုတ် အဝတ်တစ်ခုခု အသုံးပြုပြီးကိုင်ပါ။

နေရိပ်မှာ ခဏကြာထားပြီးမှ ကြက်ဥကိုထုတ်ပါ။ ဒါမှမဟုတ် ရေပေါ်ရင် ကြက်ဥပေါ် ရေလောင်းပြီး အေးမှ ထုတ်ယူပါ။ ကြက်ဥပြုတ်စားပြီး နောက်တစ်နေ့မှ ဒီသတ္တုဘူးရဲ့တစ်ဝက်ကျော်လောက်အထိ အသားတစ်မျိုးမျိုးကို ကြက်သွန်၊ ငရုတ်သီး၊ ဆီ စသည်ဖြင့် ထည့်ပြီး ၁ နာရီခွဲနှင့် ၂ နာရီကြားထားပြီး ချက်ကြည့်ပါ။ နူးအိပြီး အရသာရှိတဲ့ ဟင်းတစ်ခွက်ရပါမယ်။ နောက်ထပ်တစ်နေ့မှာ ဆန်ကို ဒီဘူးရဲ့တစ်စိတ်လောက်ထည့်ပြီး ရေခန်းစမ်းချက်ပါ။ ဘာပဲလုပ်လုပ် စာအုပ်နဲ့ ဘောပင်ကိုင်ပါ။ ဥပမာ- တစ်နာရီအကြာမှာ ကြက်ဥပြုတ် ကျက်ပြီဆိုပါစို့။ နေအခြေအနေနဲ့ အခြားအခြေအနေကို စာအုပ်နဲ့မှတ်ပါ။ နောက်နေ့ နေပိုပြင်းတဲ့နေ့ဆိုရင် ၄၅ မိနစ်ပေ့ါ။ နေအားနည်းရင် နာရီတိုးပေ့ါ။ ဟပ်ဘွိုင် စားချင်ရင်နာရီလျှော့၊ အားလုံးကိုမှတ်ပါ။

(ရောင်ခြည်ဆပွား၊ အပူများ)၊ (ဆေးမည်းရောင်သုတ်၊ အပူစုပ်)၊ (လေလုံအိတ်ထဲ၊ အပူကဲ) အခြေခံနည်းတွေကိုသုံးပြီး ဆန်နို့ဆီဘူး တစ်လုံးဆံ့အိုးတစ်လုံးကိုယူပြီး ရေခန်းစမ်းသပ်ချက်ကြည့်ပါ။ ရေနည်းရင် အမြန်ကျက်ပါတယ်။ နောက်ဆိုရင် မုဆိုးကို စိုင်သင်ပေးသလို သင်လည်း အားလုံးနားလည်သွားမှာပါ။

ပုံစံတွေကို ကိုယ့်စိတ်တိုင်းကျ ဉာဏ်ရှိသလို ပုံစံပြောင်းပြီး စမ်းသပ်ပြုလုပ်နိုင်ပါတယ်။ တစ်ထွာပြရင် မြန်မာတွေ တစ်လံထက်မကတောင် မြင်တတ်ပါတယ်။ အုပ်စုဖွဲ့လုပ်ရင် ပိုကောင်းပါတယ်။ တစ်ယောက်တည်းဆိုလည်း ဖြစ်တာပါပဲ။

ချက်ပြုတ်ရန် အကောင်းဆုံးအချိန်ကတော့ တိမ်ကင်းစင်ပြီး မိုးကောင်းကင်ပြာနေတဲ့အချိန် ဖြစ်ပါတယ်။ သာမန်အားဖြင့် မနက် ၁၀ နာရီကနေ မွန်းလွဲ ၂ နာရီအတွင်း အကောင်းဆုံးဖြစ်ပါတယ်။ သင် စတင်စမ်းတဲ့နေ့က တိမ်ထူတဲ့နေ့ ဖြစ်တတ်ပါတယ်။

မေတ္တာရပ်ခံလိုတာကတော့ သင်တတ်မြောက်ပြီးသွားလို့ရှိရင် နောက် ၂ယောက်ကို သင်ပေးစေလိုပါတယ်။ နောက် ၂ယောက်ကလည်း တစ်ယောက်ကို ၂ ယောက်စီ သင်ပေးဖို့ပါပဲ။ ဒါမှ သစ်တောသစ်ပင် ပြုန်းတီးမှုမှ အမြန်သက်သာမှာပါ။

ပိုပြီးစိတ်ဝင်စားရင် သေတ္တာပုံစံ နေရောင်ခြည်သုံးမီးဖို (Solar Oven) (ခက်ခဲမှုအဆင့် ၇-၈)

ပါလာဘိုလာပုံစံမီးဖို (Parabolic type solar cooker) (ခက်ခဲမှုအပိုင်း ၁၀ အဆင့်)တွေကို အင်တာနက်မှာ ရှာဖွေလေ့လာနိုင်ပါတယ်။

နေမီးဖိုရဲ့အားသာချက်က စောင့်ကြည့်ဖို့မလိုဘူး။ မီးလုံးဝမလောင်နိုင်ဘူး။ မီးခိုးမထွက်ဘူး။ မီတာခ မကုန်ဘူး။ ဘေးအန္တရာယ်လည်း ကင်းပါတယ်။

## နေမီးဖိုသုံးခြင်း၏အကျိုး

တောထဲတောင်ထဲ သွားရောက်ထင်းခုတ်ရတဲ့အတွက် အချိန်ကုန်လူပန်းမှုဒုက္ခ၊ မြွေဘေး၊ သားရဲတိရစ္ဆာန်ဘေး၊ ဆူးငြှောင့်ခလုတ်ဘေး၊ လူသားအချင်းချင်း အဓမ္မအနိုင်ကျင့်မှုဘေးတွေက ကင်းလွတ်စေပါတယ်။ လျှပ်စစ်မီးဖိုကြောင့် မကြာခဏ မီးလောင်မှုဘေး၊ သစ်တောပြုန်းတီးမှုဘေးတွေက ကင်းလွတ်စေပါတယ်။ နောက်ပြီး လျှပ်စစ်မီးသုံးစွဲမှုကို အထိုက်အလျောက် သက်သာစေပါတယ်။ ဈေးတက်တော့မယ့် လျှပ်စစ်ဓာတ်အားဖိုးလည်း သက်သာစေပါတယ်။

နေမီးဖိုရဲ့အားနည်းချက်ကတော့ ချက်ပြုတ်ရာမှာ အချိန်ပိုကြာပါတယ်။ တိမ်ထူထပ်က ချက်မရတဲ့ (ခါတိုင်းလိုပဲချက်ပေ့ါ)၊ ၃-နာရီလောက် တစ်ဆက်တည်း နေရဲ့အပူကို ရနိုင်ပါရင် ကောင်းကောင်းချက်ပြုတ်နိုင်ပါတယ်။ ဘာပဲပြောပြော ထင်းရှာရတာထက် အများကြီးသက်သာပါတယ်။ ဈေးတက်မည့် မီတာခလည်း မပေးရတော့ဘူးပေ့ါ။ စမ်းကြည့်လေ၊ (research and development) သုတေသနနဲ့ တိုးတက်အောင် လုပ်ရတာ ပျော်စရာကောင်းပါတယ်။

http://solarcooking.wikia.com/wiki/CooKit

http://solarcooking.org/plans/

http://www.solarcooker-at-cantinawest.com/solarcookingfaq.html

(အပေါ်ကဝက်ဘ်ဆိုက်တွေကို သေချာစွာလေ့လာပြီးရင်တော့ ကျွမ်းကျင်အဆင့် ၆ ရောက်ပါပြီ)

သိလိုသောအချက်တွေကို အင်တာနက်မှာဖြစ်ဖြစ်၊ စာရေးသူကို ဖြစ်ဖြစ် မေးမြန်းသိရှိနိုင်ပါတယ်။

မှတ်ချက်- ပုံစံ သုံးမျိုးလုံးကို လက်တွေ့စမ်းသပ်ပြီးမှ ဤဆောင်းပါး ရေးခြင်းဖြစ်ပါတယ်။

**မြင့်လွင် (ကယ်လီဖိုးနီးယား၊ ယူအက်အေ)**
**myinttlwin@gmail.com**

Vol.4/ No.303 မှ အဆက်

### စိန်ခေါ်မှုများနှင့် ရလဒ်အခြေပြုပညာရေးအား ချဉ်းကပ်ခြင်း

စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲကြိုးပမ်းရယူရာတွင် အားလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွ ဝိုင်းဝန်းကြရမည်။ တာဝန်ရှိသူများကလည်း တာဝန်သိစိတ်ဖြင့် ပွင့်လင်းမြင်သာစွာ ဖွင့်ချဆွေးနွေး အကြံဉာဏ်များ ရယူကြရမည်။ ပုံစံပြ အစည်းအဝေးများသည် လက်တွေ့မကျ။ ရည်မှန်းချက်တူခရီးကို ဘယ်နည်းနှင့်သွားသင့်ကြောင်း သူ့အတွေ့အကြုံ၊ ကိုယ့်အတွေ့အကြုံဖလှယ်နိုင်မည့် အစီအမံများကို ကျယ်ကျယ်ပြန့်ပြန့် ရုပ်လုံးဖော်ထားသင့်သည်။ အပေါ်မှ အောက်သို့ မဟုတ်ပါ။ အပေါ်အုပ်ချုပ်ရေးသည် အောက်၏ စွမ်းဆောင်ရည်၊ အကြံဉာဏ် 'အား' များကို ဖီးရိုးသတ်မှတ်လိုက်ခြင်းပင်ဖြစ်သည်။ ပညာနယ်ပယ်တွင် မဖြစ်သင့်ပေ။ အောက်၏အကြံပြုချက် တင်ပြချက်များအား ထည့်သွင်းစဉ်းစားလျက် အပေါ်သည် ရည်မှန်းချက်ကို ဖော်ဆောင်ရခြင်းဖြစ်သည်။ အောက်လူမပါလျှင် အပေါ်လူ ဗလာဖြစ်သည်။ အောက်လူများသည် အကောင်အထည်ဖော်သူများ ဖြစ်သည်။ အပေါ်လူသည် အောက်လူတို့၏ ပါဝင်ဆောင်ရွက်မှု 'အား' များကိုစုစည်းခြင်းနှင့် ရည်မှန်းချက်တည့်မတ်စေလျက် အချိန်မီရောက်ရှိရေး လှုံ့ဆော်စည်းရုံးသူဖြစ်သည်။ အပေါ်လူသည် ရည်မှန်းချက်ချသူသာဖြစ်သည်။

စိန်ခေါ်မှုများနှင့်ရလဒ်အခြေပြု ပညာရေးအား ချဉ်းကပ်ခြင်းသည် စာရေးသူ၏ ပုဂ္ဂလတင်ပြချက်များသာဖြစ်သည်။ ပညာအရည်အသွေး ဖော်ဆောင်မှုသည် မြန်မာ့အနာဂတ်အတွက် အရေးကြီးထဲမှ အရေးကြီးတစ်ခုအဖြစ် ခံယူထားသည်။ အစီအမံရှိရမည်။ အချိန်ဇယား တိတိကျကျရှိရမည်။ ဆောင်ရွက်ရန်များအပေါ်မှ အောက်ခြေအဆုံး ပညာရေးဝန်ထမ်းများသာမကဘဲ ပြည်သူတစ်ရပ်လုံး ပြေးလမ်းသိနေစေသင့်သည်။ တာဝန်ရှိသူတို့က တာဝန်သိစိတ်ဖြင့် သူ့အကန့် ကိုယ့်အကန့် လွတ်လပ်စွာ ပုံဖော်ပြ

**တက္ကသိုလ်၏ဂုဏ်ကို မြှင့်တင်လိုသော အိမ်ရှင်စိတ်တို့ဖြင့် ပြည့်လျှံနေရမည်။ ဤနေရာတွင် ရာထူးတိုး၊ အပြောင်းအရွှေ့များကြောင့် တက္ကသိုလ်အချို့ အရည်အသွေးတည်ဆောက်သူ အမာခံများ လျော့နည်းခြင်းအပေါ် အပြစ်ဆိုလာကြသည်။**

ရမည်။ လွတ်လပ်သောတွေးခေါ်ကြံဆမှုနှင့် လွတ်လပ်သော ယှဉ်ပြိုင်နေမှု ယန္တရားကို ဖန်တီးတည်ဆောက်နိုင်ရန် လိုအပ်နေသည်။

မြန်မာနိုင်ငံတက္ကသိုလ်များ၏ ရလဒ်အခြေပြုပညာရေးအလုပ်စဉ်ဖြစ်သော အရည်အသွေးတည်ဆောက်မှုဆိုင်ရာလုပ်ငန်းများအတွက် ယေဘုယျကျသည့် ရင်ဆိုင်ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို အနှစ်ချုပ်လျက် အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

(က) အခြေခံအဆောက်အအုံ (Infarastructure)

(ခ) သင်ထောက်ကူပစ္စည်းများ (Facilities)

(ဂ) ဆရာ/ဆရာမများစွမ်းဆောင်ရည် (Teachers- Capacity Building)

(ဃ) အရည်အသွေးအာမခံမှုအလုပ်စဉ် (Quality Assurance)

(င) စဉ်ဆက်မပြတ်သင်ယူမှုနှင့် ရလဒ်အခြေပြုပညာရေး (Continuous learning and Outcome based Education)

ဖော်ပြပါအဓိကလုပ်ငန်း ၅ ရပ်သည် မြန်မာနိုင်ငံအဆင့်မြင့်ပညာကဏ္ဍ၊ တက္ကသိုလ်အားလုံးအတွက် ရင်ဆိုင်ကျော်လွှားကြရတော့မည့် စိန်ခေါ်မှုများ ဖြစ်နေသည်။

### အခြေခံအဆောက်အဦ လိုအပ်ချက်များအတွက် ဖြေရှင်းခြင်း

(က) နှစ်စဉ်ပညာရေးဘတ်ဂျက် တိုးမြှင့်ပေးခြင်း

(ခ) တက္ကသိုလ်တစ်ခုချင်း၏ စီမံကိန်းများအား စနစ်တကျ စိစစ်ခြင်း၊ ဦးစားပေးအလိုက် ခွင့်ပြုပေးခြင်း(တက္ကသိုလ်များ စီမံကိန်းစိစစ်ရေးအဖွဲ့ဖွဲ့စည်းလျက် အရည်အသွေး စံများပေါ်တွင် အခြေခံစိစ်ဆေးခြင်း၊ တစ်ပြည်လုံးလွှမ်းခြုံသော လိုအပ်ချက်များအရ နိုင်ငံတော်ပညာရေးဘတ်ဂျက်တွင် နှစ်အလိုက်လျာထားထည့်သွင်းနိုင်ရန် တင်ပြပေးခြင်း အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် ကိုက်ညီဆောင်ရွက်ခြင်း)

(ဂ) ဇလုတ်တိုက် ဘတ်ဂျက်၊ ဇလုတ်တိုက်အဆောက်အအုံဒီဇိုင်းနှင့် ကသုတ်ကရိုက် ဘဏ္ဍာနှစ်ကုန်နီးမှ ခွင့်ပြုမိန့် ချပေးခြင်းများမဖြစ်ရန် စီမံသင့်သည်။ တက္ကသိုလ်လိုအပ်ချက်အရ ဦးစားပေးခြင်းသည် တက္ကသိုလ်များအတွက် 'အား' ကို ဖြစ်စေသည်။

### သင်ထောက်ကူလက်တွေ့ပစ္စည်းလိုအပ်ချက်များအပေါ် ဖြေရှင်းခြင်း

(က) ပညာရပ်နယ်ပယ် တူညီသောတက္ကသိုလ်များအား စနစ်တကျ



ပေါင်းစည်းဖွဲ့စည်းခြင်း (အထူးသဖြင့် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ)

(ခ) အထူးပြုဘာသာရပ်များအလိုက် အင်စတီကျူးရှင်းများအဖြစ် စုစည်းခြင်း (ပြောင်းလဲစေခြင်း)၊ မေဂျာများစုပေါင်းသင်ကြားခြင်း မဟုတ်ဘဲ တစ်မေဂျာ တစ်ကျောင်းစနစ်ထားရှိခြင်း၊ သက်မွေးနည်းပညာတက္ကသိုလ်များအတွက် ပို၍သင့်လျော်ပါသည်။ (ဥပမာ- Institute of Mechanica Engineering)

ဤပြုပြင်ပြောင်းလဲခြင်းတွင် Professional Development ပိုမိုအားကောင်းလာခြင်း၊ သင်ထောက်ကူ ပစ္စည်းများစုစည်းလာနိုင်သဖြင့် ဆရာ/ကျောင်းသား လက်တွေ့စွမ်းဆောင်ရည် တိုးတက်လာနိုင်ခြင်းနှင့် လူ့စွမ်းအား ပိုလျှံလာနိုင်သဖြင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိထိရောက်ရောက် တိုးချဲ့လုပ်ကိုင်လာနိုင်မည် ဖြစ်ပါသည်။

ဤနေရာတွင် ဒေသစွဲ၊ နေရာစွဲရှိသူများအတွက် အဆင်ပြေနိုင်ရန် ခက်ခဲလာပေလိမ့်မည်။ စာရေးသူကား ပညာရေးရှုထောင့်သက်သက် အရည်အသွေး တည်ဆောက်ရယူလိုချင်သူသက်သက်အနေနှင့် အကြံပြုခြင်း ဖြစ်ပါသည်။

### ဆရာ ဆရာမများ စွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်း

(က) ပြည်တွင်းနှင့် ပြည်ပတက္ကသိုလ်ကြီးများမှ အထူးပြုဘာသာရပ်အလိုက် ကျွမ်းကျင်သော အတွေ့အကြုံရှိ ပါမောက္ခကြီးများအား ဖိတ်ကြားလျက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ပြည်တွင်းတွင် အငြိမ်းစားယူထားသော အတွေ့အကြုံရင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများကိုလည်း ဖိတ်ကြားသင့်ပါသည်။

(ခ) ပညာတော်သင်များစေလွှတ်ခြင်း၊ မိမိတာဝန်ထမ်းဆောင်နေသည့် ပညာရပ်နယ်ပယ်အလိုက် စေလွှတ်ခြင်း၊ သင်ယူပြီးပညာရပ်များကို မိမိဌာန၌ ပြန်လည်အသုံးချနိုင်သည့် အစီအစဉ်များချမှတ်ထားခြင်း၊ အရည်အသွေး အခြေပြုပညာသင်ဆု ရွေးချယ်ရေးမူများ ချမှတ်ထားခြင်း၊ အလှည့်ကျစေလွှတ်ခြင်းမဟုတ်ဘဲ သက်ဆိုင်သည့်ပညာရှင်၊ ပညာရပ်အပေါ် ပညာရပ်ဖွံ့ဖြိုးမှုအရ ဦးစားပေးခြင်း၊

(ဂ) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအားပေးခြင်း၊ သုတေသနရန်ပုံငွေများ ထူထောင်ပေးခြင်း၊ ထူးချွန်သူများအတွက် ထိုက်တန်သည့် ဂုဏ်ပြုအစီအစဉ်များ တီထွင်ပေးအပ်ခြင်း၊

(ဃ) တက္ကသိုလ်၏ ပူးပေါင်းဆောင်ရွက်နိုင်မှုများအား လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးခြင်း၊ ယင်းသို့ဆောင်ရွက်နိုင်မည့် လမ်းညွှန်ချက် (Guideline) များ ချမှတ်ပေးထားခြင်း၊

(င) ပညာရပ်ဆိုင်ရာ Seminor များ၊ Conference များကို တက္ကသိုလ်အဆင့်၊ ဒေသအဆင့်၊ အမျိုးသားအဆင့် ကျင်းပပေးခြင်း၊

(စ)ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၏ လူမှုဘဝလုံခြုံရေး အစီအစဉ်များ ချမှတ်ပေးထားခြင်း၊

### အရည်အသွေးအာမခံမှုစနစ် ထူထောင်ခြင်းနှင့် တက္ကသိုလ်များအတွက် လိုအပ်ချက်

ကနဦး ရေးသားဖော်ပြချက်များတွင်ပါရှိသည့်အတိုင်း တက္ကသိုလ်တိုင်းအတွက် အရည်အသွေးအာမခံမှုစနစ် ထူထောင်ခြင်းသည် သင်ယူသူကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်မှ မလွှဲမသွေတာဝန်ယူဆောင်ရွက်ပေးရမည့် အရေးကြီးသောလုပ်ငန်းစဉ်ကြီး တစ်ရပ်ဖြစ်ပေသည်။ ပြည်သူ့တက္ကသိုလ်တွင် ပြည်သူ့သားသမီးများ လာရောက်ပညာဆည်းပူးနေခြင်းဖြစ်ရာ တက္ကသိုလ်၌ တာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်း ဆရာ ဆရာမ ပညာရေးဝန်ထမ်းများသည် ပြည်သူ့ရင်နှစ်သည်းခြာဖြစ်သော အနာဂတ်လူငယ် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးအရည်အသွေး အာမခံမှုကို ဖော်ဆောင်ပေးရန် တာဝန်ရှိသည်။ တာဝန်ရှိမှု၊ တာဝန်ခံမှုများနှင့် တာဝန်ယူမှုရှိသော ပညာရေးဝန်ဆောင်မှုဖြစ်ရန် အလေးထားသင့်လှပေသည်။ အရည်အသွေးအာမခံမှုအလုပ်စဉ်သည် တက္ကသိုလ်တစ်ခုချင်းအလိုက် ဆောင်ရွက်ရသော အလုပ်စဉ်ဖြစ်ရာ တက္ကသိုလ်မှ တာဝန်ယူလျက်ရှိသော ပါမောက္ခချုပ်မှစ၍ ပါမောက္ခများ၊ ကထိက၊ နည်းပြ၊ သရုပ်ပြ၊ ဓာတ်ခွဲကျွမ်းကျင်၊ သုတေသနလက်ထောက်၊ စီမံခန့်ခွဲရေးဝန်ထမ်းများပါမကျန် စုပေါင်းညီညာအကောင်အထည်ဖော်ကြရန် ဖြစ်သည်။

ဤသို့ဆိုလျှင် တက္ကသိုလ်တိုင်း၌ တာဝန်ယူအမှုထမ်းနေကြသော ဆရာ ဆရာမ၊ ပညာရေး ဝန်ထမ်းတိုင်းသည် အရည်အသွေးလုပ်ငန်းစဉ်အား ကျေညက်စွာ နားလည်ထားပြီလား။ အကောင်အထည်ဖော်နိုင်မည့် သင်ကြား သင်ယူ လေ့ကျင့် စီမံစွမ်းရည်စွမ်းအားများ အဆင်သင့်ပိုင်ဆိုင်နေကြပြီလား မေးခွန်းထုတ်စရာဖြစ်လာသည်။ အဆင်သင့်မဖြစ်သေးပါဟု ရဲရဲထောက်ပြချင်ပါသည်။ အဘယ့်ကြောင့်နည်း။

နှစ်ပေါင်းများစွာဖြတ်သန်းလာခဲ့သော ပညာရေးရေစီးကြောင်းသည် အလှည့်အပြောင်းဖြစ်သော နိုင်ငံတကာပညာရေး အလေ့အကျင့်တစ်ခုစီသို့ တမုဟုတ်ချင်း ပြောင်းလဲစီးဆင်းရန် ခက်ခဲပေလိမ့်မည်။ ရေစီးကြောင်းအဟောင်းအတွင်း မျောပါလာခဲ့သော ပညာရေးလမ်းဟောင်းအောက်တွင် ရုတ်တရက်အသွင်ပြောင်းခြင်းသည် ဆရာ ဆရာမများအတွက် စိန်ခေါ်ကျော်လွှားရမည့် ကိစ္စတစ်ရပ်ဖြစ်နေခြင်းပင်။ အားလုံးတော့မဟုတ်။ မိမိကိုယ်တိုင် သင်ယူလေ့လာနိုင်မှု အားကောင်းသော နိုင်ငံတကာပညာရေးလောကအတွင်း ပညာသင်ယူလာခဲ့ကြသော ဆရာ ဆရာမများ ရှိနေသည်။ သူတို့၏အားများဖြင့် စိန်ခေါ်မှုအတွက် စုပေါင်းရင်ဆိုင် နိုင်ပေလိမ့်မည်။ ဖွဲ့စည်းထားသောအမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုကော်မတီသည် ဤအကန့်တွင် စနစ်တကျ ပုံစံချအကောင်အထည်ဖော်နိုင်ရန် ဦးဆောင်လမ်းပြနိုင်ပေမည်။ လမ်းညွှန်ချက်များချခြင်းနှင့်အတူ အကောင်အထည်ဖော်ရန် လိုအပ်သည်ကို ပံ့ပိုးပေးနိုင်သောကူညီပေးနိုင်သော ကော်မတီတစ်ရပ်ဖြစ်ရန်လိုသည်။

အကောင်အထည်ဖော်မည့် တက္ကသိုလ်တိုင်းတွင် အရည်အသွေး အာမခံမှုစနစ် ထူထောင် နိုင်မည့် ခိုင်မာအားကောင်းသောအဖွဲ့များ (Team Work) များ ဖွဲ့စည်းနိုင်ရမည်။ လေ့ကျင့်နိုင်ရမည်။ လက်တွေ့အကောင်အထည် ဖော်နိုင်ကြရမည်။ အားနည်းချက်များကို ရှာဖွေလျက် အလျင်အမြန် ပြောင်းလဲနိုင်ရမည်။ (Team Work) များသည် အသင်းစိတ်အပြည့်ရှိရမည်။ တက္ကသိုလ်၏ဂုဏ်ကို မြှင့်တင်လိုသော အိမ်ရှင်စိတ်တို့ဖြင့် ပြည့်လျှံနေရမည်။ ဤနေရာတွင် ရာထူးတိုး၊ အပြောင်းအရွှေ့များကြောင့် တက္ကသိုလ် အချို့အရည်အသွေးတည်ဆောက်သူ အမာခံများ လျော့နည်းခြင်းအပေါ် အပြစ်ဆိုလာကြသည်။

အပြစ်ဆိုထိုက်သည်ဟုထင်သည်။ ဥပမာဆိုရသော် တက္ကသိုလ်များသည် ဘောလုံးသင်းတစ်သင်းနှင့် ဆင်တူသည်။ မိမိတက္ကသိုလ်များ အသင်းအုပ်စုတက် ကွာတားဖိုင်နယ်တက်ရန် လေ့ကျင့်ပျိုးထောင်နေသည်။ လေ့ကျင့်၍ကောင်းဆဲ အသင်းသားအချို့ အခြားအသင်းသို့ ပြောင်းသည်။ အခြားအသင်းမှ အသင်းသားများရောက်လာသည်။ ကိုယ့်အသင်း၏အသင်းသားက ရှေ့တန်းတိုက်စစ်မှူး၊ ဂိုးသွင်းစွမ်းရည်ရှိသည်။ ပြောင်းလာသည့်အသင်းသားက တစ်ဖက်အသင်းမှ အရန်လူဖြစ်နေသည်။ ဤတက္ကသိုလ်အတွက် ဘယ်လိုအရည်အသွေးတည်ဆောက်မည်နည်း။ အသင်းသားတိုင်း ခြေရည်ကောင်းကြသည်မဟုတ်။

အမျိုးသားပညာဥပဒေ၊ ပုဒ်(၂၆)အား အကောင်အထည်ဖော်သည်ဆိုဦးစို့။ အသင်းသား မငြိမ်သရွေ့ အရည်အသွေးတည်ဆောက်မှုအတွက် အခက်အခဲကြုံနေရပေဦးမည်။ ဆရာ ဆရာမ ဝန်ထမ်းများသည် အချိန်အကန့်အသတ် တစ်ခုအောက်တွင် တက္ကသိုလ်များပြောင်းရွှေ့တာဝန်ထမ်းဆောင်နေရခြင်းသည် အဆိုပါဆရာ ဆရာမဝန်ထမ်းများအတွက် အိမ်ခြေရာခြေ အတည်မရှိ ပင်စင်ယူသည်အထိဟု ဆိုရမည်။ အိမ်ခြေ ရာခြေ အတည်မရှိမှုသည် ဧည့်သည်စိတ်ကို တွန်းပို့ခြင်း ဖြစ်သည်။ အိမ်ရှင်စိတ်နှင့် ဧည့်သည်စိတ်သည် ကွာခြားလှသည်။

အိမ်ရှင်စိတ်ဖြစ်အောင် ဘာလုပ်ကြမည်နည်း။ အိမ်ပိုင်ပေးရန်ပင်ဖြစ်သည်။ ဆိုရှယ်လစ် ပညာရေးသည် ဘုံပညာရေးဖြစ်သည်။ ဒီမိုကရေစီပညာရေးသည် ယှဉ်ပြိုင်နိုင်စွမ်းကို အားပေးသောပညာရေးဖြစ်သည်။ မြန်မာ့ဘုံစနစ်သည် ကျရှုံးခဲ့ပြီးပြီ။ အသွင်သစ် ဒီမိုကရေစီအစိုးရအောက်တွင် ဒီမိုကရေစီပညာရေးကိုဖော်ဆောင်ရန် အမျိုးသားပညာရေး ဥပဒေသစ်ကြီးကို ပြဋ္ဌာန်းပြီးဖြစ်ရာ ပြည်သူများ သဘောပေါက်ထားပြီးဖြစ်သည်။ အချိန်တို့သည် စဉ်းစားနေချိန်မှာပင် နေ့ဝင်ရက်များစွာ ကျော်ဖြတ်သွားခဲ့ပြီ။ လူငယ်တို့၏ပညာရေးခရီးကား ပိတ်ဆို့ထား၍ မရ။ စီးဆင်းမြဲစီးဆင်းနေဆဲပင်။ အရည်အသွေးအာမခံချက်ရှိသော ပညာရေး အသီးအပွင့်များ ဖြစ်ထွန်းရေးအတွက် လုပ်စရာရှိသည်များကို ရှာဖွေကြံဆလုပ်ကိုင်ကြရမည်။

ချုပ်၍ဆိုရသော် စာရေးသူ၏အကြံပြုချက်မှာ-

(က) ပုဒ်မ(၂၆)အရ လွတ်လပ်စွာသင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာ

**စာမျက်နှာ 23 သို့**

# ယခုနှစ် ကိုယ်ပိုင်ကျောင်း လျှောက်ထားမှု စည်းကမ်းတင်းကျပ်

**ရန်ကုန်၊ ဧပြီ ၅**

ယခင်နှစ်များက ကိုယ်ပိုင်ကျောင်းဖွင့်ခွင့်ပြုရာတွင် အဆောက်အအုံပိုင်ဆိုင်မှု၊ ငှားရမ်းမှု စနစ်များ ပုံစံမကျခြင်းကြောင့် စာသင်နှစ်မပြည့်မီ ကျောင်းအချို့ပိတ်သိမ်းလိုက်သည့်ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည့်အတွက် လာမည့်ပညာသင်နှစ် ကိုယ်ပိုင်ကျောင်းဖွင့်ရန် လျှောက် ထားသည့် ကျောင်းများကို ယခုအခါစည်းကမ်းတင်းကျပ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးထံမှ သိရှိရသည်။

လာမည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ရန် ဖွင့်လှစ်ခွင့် လျှောက်ထားသည့် ကိုယ်ပိုင်ကျောင်း ၄၀ခန့်ရှိပြီး အဆောက်အအုံ ပိုင်ဆိုင်မှုနှင့် နှစ်ရှည်ငှားရမ်းပါက ငှားရမ်းမှုနှစ်အလိုက် မှန်၊ မမှန်ကို အသေးစိတ်စိစစ် ကြပ်မတ်နေကြောင်း ရန်ကုန် တိုင်းဒေသကြီး ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး (စီမံ) ဒေါက်တာအောင်ကိုကိုက ပြောကြားသည်။

လတ်တလောဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ကျောင်းများသည် မှတ်ပုံတင်သက်တမ်းအရ စမ်းသပ်အဆင့်ကို တစ်နှစ်၊ ယာယီအဆင့်ကို မှတ်ပုံတင်သက်တမ်း ၂ နှစ်လျှင် တစ်ကြိမ် သက်တမ်းတိုးစေပြီး၊ အမြဲတမ်းပုံစံဖြင့် ကျောင်းများကို ခွင့်ပြုမထားကြောင်း၊ စည်းကမ်းတင်းကျပ်ရာတွင် ပညာသင်နှစ်မကုန်ဘဲ ကျောင်းများမရပ်နားစေရန် အာမခံချက်ပေးရန် အချက်လည်းပါဝင်ကြောင်း အဆိုပါရုံးထံမှ သိရှိရသည်။

"ပညာသင်နှစ်မကုန်ဘဲ ကျောင်းတွေမရပ်နားဖို့ အာမခံချက်ပေးဖို့လည်း အဓိကပါတယ်၊ နောက်ဆို ကျောင်းသားကလေးတွေ ဟိုမရောက် ဒီမရောက်နဲ့ အရမ်းနစ်နာနေတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး တာဝန်ရှိသူတစ်ဦးကဆိုသည်။

လာမည့်ပညာသင်နှစ် ဖွင့်ခွင့်ပြုရန် လျှောက်ထားသည့် ကိုယ်ပိုင်ကျောင်း များကို လတ်တလောတွင် စိစစ်ဆဲဖြစ်ပြီး မည်မျှဖွင့်ခွင့်ပြုမည်ကို ပြောကြားရန် မဖြစ်နိုင်သေးကြောင်း၊ လာမည့် မေလအတွင်း ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးထံမှ သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်က အထက်တန်းအဆင့်သင် ကိုယ်ပိုင်ကျောင်း ၁၂၃ ကျောင်း၊ အလယ်တန်းအဆင့်သင် ကိုယ်ပိုင်ကျောင်း ကိုးကျောင်းနှင့် မူလတန်းအဆင့်သင်ကျောင်း ၂၈ ကျောင်းတို့ကို ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း၊ တစ်နိုင်ငံလုံး တွင် ကိုယ်ပိုင်ကျောင်း ၅၈၅ ကျောင်း ရှိကြောင်း အခြေခံပညာဦးစီးဌာနမှ သိရသည်။ ■ J-17



ဓာတ်ပုံ - မြင့်မိုးညို

# အဖြစ်အပျက်ဇာတ်လမ်း တင်ဆက်ခြင်းသင်တန်း မန္တလေးမြို့တွင် ပထမဆုံးအကြိမ်ဖွင့်မည်

**ရန်ကုန်၊ ဧပြီ ၅**

ရုပ်ရှင်ဗီဒီယိုအသုံးပြု အဖြစ်အပျက်ဇာတ်လမ်း တင်ဆက်ခြင်းသင်တန်းကို မန္တလေးမြို့တွင် ပထမဆုံးအကြိမ် မေလ ၈ ရက်မှ ၁၈ ရက်အထိ The Link 78 Hotel Mandalay တွင် အခမဲ့ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ လျှောက်လွှာများကို http://bit.ly/2n6UgZR မှ တစ်ဆင့် ဒေါင်းလုပ်ရယူပြီး ဧပြီလ ၁၉ ရက်နောက်ဆုံးလျှောက်ထားနိုင်ကြောင်း ဗြိတိသျှကောင်စီစာကြည့်တိုက်ထံမှ သိရှိရသည်။

အဖြစ်အပျက်များကို ထိရောက်သည့်ဗီဒီယို အဖြစ်ပြောင်းလဲပြီး အသိပညာမြှင့်တင်ရန်၊ လူထု၏ အတွေးအမြင်များကို လွှမ်းမိုးရန်၊ ဟောပြောချက်များ၊ ရုပ်ရှင်ပြသခြင်း၊ နည်းပညာဆိုင်ရာလေ့ကျင့်မှုများ (DSLR Camera များနှင့် ရိုက်ကူးခြင်း၊ Adobe Premiere Pro CC အသုံးပြု၍ Edit ပြုလုပ်ခြင်းများ) ပါဝင်မည်ဖြစ်ပြီး လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို ရိုက်ကူးထုတ်လုပ်နိုင်ရန် ရည်ရွယ်သည်။

အဆိုပါသင်တန်းသို့ ကျောင်းသားများ၊ ဝန်ထမ်းများအပြင် တိုင်းရင်းသားလူနည်းစု လူ့အဖွဲ့အစည်းများမှ တက်သစ်စလူငယ်ရုပ်ရှင် အနုပညာရှင်များ လျှောက်ထားနိုင်ပြီး ဆွေးနွေးပွဲကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့်ပြုလုပ်မည်ဖြစ်သည်။

လိုအပ်ချက်မှာ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု အသင့်အတင့်ရှိရန်၊ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရာတွင် အတွေ့အကြုံအနည်းငယ်ရှိသူ၊ လက်ပ်တော့၊ ဗီဒီယိုကင်မရာ၊ DSLR ကင်မရာယူဆောင်လာရန် လိုအပ်သည်။

လျှောက်လွှာများကိုဒေါ်သင်းအောင်ထူး အီးမေးလ် thinaung.htoo@mm.britishcouncil.org (သို့) ဦးအေးကြူ၊ မန္တလေးဗြိတိသျှ ကောင်စီရုံး လမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား၊ မန္တလေးမြို့သို့ ပြန်လည်ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို Arts Programme Team ဖုန်း ၀၁-၃၇၀၈၃၀၊ ၃၇၀၉၃၃၊ ၃၇၀၉၄၄ လိုင်းခွဲ ၃၃၃၃ (သို့) ၃၄၄၃ သို့ဆက်သွယ် စုံစမ်းနိုင်မည်ဖြစ်ကြောင်း ယင်းကောင်စီထံမှ သိရှိရသည်။ ■







# ငရဲနှင့် ဝိညာဉ်

အိုကလာဟိုးမားတက္ကသိုလ်၊ ဓာတုအင်ဂျင်နီယာဌာနမှ ဒေါက်တာရှင်းဘော့က နောက်ဆုံးအတန်းတင်စာမေးပွဲအတွက် မေးခွန်းတစ်ခုကို မေးသည်။ သူကကျောင်းသားများကို မေးခွန်းတစ်ခုသာ မေးသည်။

သူမေးသော မေးခွန်းမှာ 'အရှိန်၊ အပူချိန်နှင့် ထုထည်တို့၏ လွဲပြောင်းပုံအကြောင်း' သင်ခန်းစာခေါင်းစဉ်ထဲကဖြစ်သည်။ သူ့မေးခွန်းက ရှင်းပါသည်။

'ငရဲဘုံသည် အပူထုတ်သည့်နေရာလော၊ အပူစုပ်သည့်နေရာလော ကြောင်းကျိုးပြဖြေဆိုပါ' တစ်ခုတည်းသာ ဖြစ်သည်။

ကျောင်းသားအများစုသည် Boyle ၏ဥပဒေသကို အခြေခံပြီး ရေးသားဖြေဆိုကြသည်။ အားလုံးထဲတွင် တစ်ဦးတည်းသာ ထူးခြားစွာ ဖြေဆိုထားသည်။

ပထမဦးဆုံး ကျွန်တော်တို့ ယူဆချက်တစ်ခုကို ထုတ်ကြည့်ရန်လိုပါသည်။ ဝိညာဉ်ဆိုသည်မှာ ရှိ၊ မရှိကိုဖြစ်သည်။ ဝိညာဉ်ရှိသည်ဆိုမှ ထုထည်ကို တွက်ဆနိုင်မည်။ ဝိညာဉ်ရှိလျှင် ယင်းတို့သည် ထုထည်ထဲတွင် ပါဝင် ပေါင်းစပ်နေရပေလိမ့်မည်။ သို့မှသာ ဝိညာဉ်သည် ငရဲဘုံတွင် မည်သည့်အရှိန်နှုန်းဖြင့် ရွေ့လျားနေကြောင်း တိုင်းတာနိုင်မည်။ ကျွန်တော်တို့သည် ဝိညာဉ်၏ ရွေ့လျားနေသောအရှိန်ကို ဦးစွာတွက်ချက်နိုင်ရမည်။

ဝိညာဉ်သည် ရွေ့လျားနိုင်စွမ်းရှိလျှင် ငရဲဘုံက ဖောက်ထွက်နိုင်ရမည်။ သူတို့ ရုန်းမထွက်နိုင်သောကြောင့် ဝိညာဉ်ကို ယနေ့တိုင် မတွေ့ရခြင်းဖြစ်မည်။ ထို့ကြောင့် ဝိညာဉ်ရှိသည်ဆိုလျှင် ထိုဝိညာဉ်သည် ငရဲဘုံထဲတွင် ရုန်းမထွက်နိုင်သည့် အနေအထားများဖြင့် ရှိနေရမည်။

နောက်တစ်ချက်စဉ်းစားရန်မှာ ဝိညာဉ်တို့၏ ငရဲဘုံသို့ ဝင်ရောက်ပုံဖြစ်သည်။ ဤနေရာတွင်လည်း စဉ်းစားစရာ တစ်ခုဖြစ်လာသည်။ ကမ္ဘာပေါ်တွင် ဘာသာပေါင်းစုံရှိနေသောကြောင့် ဝိညာဉ်ပေါင်းစုံသည် တစ်နေရာတည်းတွင် လာရောက်ပေါင်းဆုံနိုင်ခြင်းရှိ၊ မရှိဆိုသည့် ကိစ္စဖြစ်သည်။

အချို့သော ဘာသာများက ဘာသာမတူလျှင်၊ မိမိတို့ဘာသာဝင်မဟုတ်လျှင် ငရဲဘုံသို့ သွားရမည်ဟု ပြောကြသည်။ ဘာသာတရား အမျိုးမျိုးကွဲသည်။ အချို့ဘာသာမရှိသူများလည်း ရှိနေသည်။ အချို့ဘာသာ နှစ်မျိုးကိုးကွယ်သူများလည်း ရှိကြသည်။ သေဆုံးသူတိုင်း၏ ဝိညာဉ်သည် ငရဲသို့ရောက်၊ မရောက်ဆန်းစစ်ရမည်။ ငရဲသို့ရောက်လာသည့် အရေအတွက်ကလည်း တိုးမြှင့်နေမည်မှာ သေချာသည်။

နောက်ဆုံး သုံးသပ်ရမည်မှာ ငရဲတွင် ဝိညာဉ်အရေအတွက်သည် တိုးပြီးရင်း တိုးနေမည်မှာ သေချာသည်။ Boyle ၏ ဥပဒေသအရ တွက်ဆရမည်ဆိုလျှင် ငရဲဘုံတွင် ရှိနေမည့် အပူချိန်နှင့် ဖိအားသည် အတူတူ၊ တစ်သမတ်တည်း ဖြစ်နေပေလိမ့်မည်။ ဝိညာဉ်တို့၏ ထုထည်ပမာဏနှင့် အရေအတွက်သည် တည်ငြိမ်မှုရှိမှ တွက်ဆ၍ရမည်။ ထို့ကြောင့် တွက်ဆစရာ နှစ်ခုဖြစ်လာသည်။

၁။ ငရဲဘုံသည် ဝိညာဉ်များ အဆက်မပြတ် ဝင်နေပါက အရှိန်သည်နှေးသွားပြီး အပူချိန်က မြင့်မားနေကာ၊ ဖိအားတွေ အမြဲတက်နေပေလိမ့်မည်။

၂။ ငရဲဘုံသည် ဝိညာဉ်တွေ မပြတ်ဝင်နေသော်လည်း ရွေ့လျားနှုန်းက မြန်နေလျှင် အပူချိန်နှင့် ဖိအားက ကျဆင်းသွားပြီး နောက်ဆုံး အေးခဲသည့်နေရာကြီးတစ်ခုဖြစ်သွားနိုင်သည်။

ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်၊ ဟုတ်သည်၊ မဟုတ်သည်အပထား စာစစ်နေသော ပါမောက္ခကြီးက ထူးခြားသော ထိုစာဖြေသူကျောင်းသား၏ အဖြေလွှာပေါ်တွင် A ဟုရေးချလိုက်တော့သည်။ သူ့ကျောင်းဆရာဘဝတွင် ယခုလို ကျောင်းသားတစ်ဦးက ကြောင်းကျိုးခိုင်လုံစွာ မဖော်ပြနိုင်ခဲ့သောကြောင့် ဖြစ်သည်။ ■ **E01** **(The Hell and Souls)**




# အိန္ဒိယနိုင်ငံ တက္ကသိုလ်များတွင်

## အရည်အသွေးပြည့်ဝသည့် ဆရာများရှားပါး

အိန္ဒိယနိုင်ငံ ပညာရေးစနစ်ကြောင့် အဆင့်မြင့်ပညာရေးကဏ္ဍတွင် အရည်အသွေးပြည့်ဝသည့် ဆရာများရှားပါးလာကြောင်း Art of Living အဖွဲ့ဝင် ဝါရင့်ဆရာတစ်ဦးဖြစ်သူ ခါရက် ဘက်လီဝါလာ၏ ပြောကြားချက်ကို Indo-Asian News Services သတင်းတွင် ဖော်ပြထားသည်။

ဘက်လီဝါလာ ရေးသားသည့် 'Ready Study Go' စာအုပ်ထဲတွင် ကျောင်းသားများ ဖတ်ရှုလေ့လာရန် စာအုပ်များ လမ်းညွှန်ပေးနိုင်ရန် အရေးကြီးသော်လည်း၊ စာမဖတ်သည့် ဆရာများက ကျောင်းသားများကို မည်သည့် စာအုပ်မှ လမ်းညွှန်ပြသနိုင်ခြင်း မရှိသောကြောင့် ဘာသာရပ်အပေါ် ချစ်မြတ်နိုးစွာဖြင့် လေ့လာလိုစိတ်များပါ ကွယ်ပျောက်နေရသည်ဟု ထောက်ပြဝေဖန်ထားသည်။

"တက္ကသိုလ်နဲ့ ကောလိပ်တွေမှာ အမှတ် ၁၀၀ လောက်ရတဲ့သူတွေက အခြေခံလောက်တောင် မသိဘူးဖြစ်နေတယ်။ အကြောင်းအရာတိုင်းမှာ ဆင်ခြင်စရာတွေ၊ စဉ်းစားစရာတွေ၊ ယုတ္တိနည်းကျကျ ထုတ်ယူစရာတွေရှိတယ်။ ဒါပေမဲ့ ဆရာတွေကိုယ်တိုင်က ဘာဗဟုသုတမှ မရှိဘူးဖြစ်နေတယ်။ အမှတ်တွေသာကောင်းနေတာ။ တွေးခေါ်နိုင်စွမ်းတွေ ကောင်းနေကြတာ မဟုတ်ဘူး" ဟု သူကဆိုသည်။

ဘက်လီဝါလာသည် Art of Living အဖွဲ့တွင် ၂၅ နှစ်ကြာ တာဝန်ထမ်းဆောင်နေသော ဝါရင့်ဆရာတစ်ဦးဖြစ်ပြီး ကျောင်းတွင် သင်ကြားနေသည့် ပြဌာန်းစာအုပ်များနှင့် ပတ်သက်၍လည်း

"ပြဋ္ဌာန်းစာအုပ်ဆိုတာ ဆရာတွေက ထပ်ဆင့်ပြီးတော့ တီထွင်သင်ကြားနိုင်ဖို့ ကိုးကားစရာ ထုတ်ထားတာတွေ။ ဖတ်စာအုပ်တွေထဲမှာပါတဲ့ အတိုင်းတွေ ဖတ်ပြပြီးတော့ သင်နေကြတာက တွေးတောကြံဆနိုင်စွမ်းတွေကို တိုးတက် မြင့်မားလာစေမှာမဟုတ်ဘူး။ လက်တွေ့ကျကျ ဖော်ထုတ်တွေးဆနိုင်အောင်တွေ လုပ်နိုင်မှ ကျောင်းသားတွေကို သူတို့သင်ကြားနေရတဲ့ ဘာသာရပ်တွေနဲ့ ပတ်သက်ပြီး တတ်မြောက်တယ်လို့ယူဆနိုင်မယ်" ဟု အသက် ၄၇ နှစ်အရွယ်ရှိ ဘက်လီဝါလာကပြောကြားသည်။

"အမှတ်တွေ အဆင့်တွေက ကျောင်းသားတစ်ယောက်ရဲ့ တတ်မြောက်မှုကို မပိုင်းဖြတ်နိုင်ဘူး။ ဘွဲ့လက်မှတ် အောင်လက်မှတ်တွေကလည်း ကျောင်းသားတစ်ယောက်ရဲ့ အရည်အချင်းကို အပြည့်အဝအခိုင်အမာ မဖော်ဆောင်နိုင်ဘူး။ ဒါပေမဲ့ ပညာရေးစနစ်ကြီးကို ချက်ချင်းကြီး ပြောင်းလဲဖို့ဆိုတာလည်း မလွယ်ဘူး။ ခုကတည်းက စမပြောင်းရင် ဘယ်တော့ပြောင်းမှာလဲ။ ကုမ္ပဏီတွေက အလုပ်ခေါ်ရင် အောင်လက်မှတ်နဲ့ ခေါ်တာထက် တကယ့်တတ်ကျွမ်းမှုကို ပိုင်းဖြတ်ပြီး ခေါ်ကြည့်ပါလား။ အားလုံးပြောင်းလဲသွားလိမ့်မယ်" ဟု ၎င်းကဆိုသည်။

■ **E01**

# တောင်ကိုရီးယားနိုင်ငံပညာရေးအကြောင်း တစေ့တစောင်း

တောင်ကိုရီးယားနိုင်ငံတွင် မိဘများသည် မိမိတို့ဝင်ငွေ၏ ၇ ရာခိုင်နှုန်းကို ပညာရေးအတွက် အသုံးပြုပေးလျက်ရှိကြောင်း Korea Herald သတင်းတွင် ဖော်ပြထားသည်။ အာရှတွင် စတုတ္ထစီးပွားရေးအင်အား အကောင်းဆုံးဖြစ်လာသည့် နိုင်ငံ တစ်နိုင်ငံအနေနှင့် ပညာရေးအပေါ်စိတ်ဝင်စားမှု မြင့်မားလာခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုပါသည်။

တောင်ကိုရီးယားနိုင်ငံ မိသားစုတစ်စု၏ တစ်လဝင်ငွေသည် ဝမ် ၄ ဒသမ ၆၈ သန်း (ဒေါ်လာ ၄၀၀၀) ဖြစ်သည်။ ထို့ကြောင့် သူတို့သည် သားသမီးများ ပညာရေးအတွက် ဝမ် သုံးသိန်းကျော်ကျော် အသုံးပြုပေးနေကြသည်ဟု ဆိုရမည်။ ယင်းစာရင်းဇယားများကို တောင်ကိုရီးယားနိုင်ငံ စတုတ္ထအကြီးဆုံး ဘဏ်ကြီးတစ်ခုဖြစ်သည့် Shinhan ဘဏ်က ပြုစုထားခြင်းဖြစ်သည်။ သူတို့ဘဏ်ဝန်ထမ်း အသက် ၂၀ မှ ၆၄ နှစ်ကြား ဦးရေ ၁၀၀၀၀ ကို ဆန်းစစ်ပြီးနောက် ပျမ်းမျှ ပညာရေးအတွက် ၇ ရာခိုင်နှုန်း အသုံးပြုပေးကြောင်း အဖြေထုတ်ထားခြင်းဖြစ်သည်။

အသက် ၄၀ ဝန်းကျင် မိသားစုများသည် ပညာရေးအတွက် ပိုပြီး အသုံးပြုပေးသည်။ သူတို့ဝင်ငွေ၏ ၁၂ ရာခိုင်နှုန်းအထိပင် သုံးပေးနေကြောင်းတွေ့ရသည်။ တောင်ကိုရီးယားနိုင်ငံသည် အာရှတွင် အချမ်းသာဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ရန် အားထုတ်နေသည်။ သမ္မတအိုဘားမားလက်ထက်ကလည်း တောင်ကိုရီးယားနိုင်ငံ ပညာရေးကို စောင့်ကြည့်ထားရန် လမ်းညွှန်ထားဖူးသည်။ သို့သော် တောင်ကိုရီးယားပညာရေးက စာကို အလွတ်ကျက်မှတ်ပြီး အမှတ်ရအောင် ယူသည့်နည်းတွေသာ လွှမ်းမိုးနေသေးသည်။ တောင်ကိုရီးယားနိုင်ငံတွင် Critical Thinking သဘောတရားမျိုးဖြစ်အောင် သင်ကြားနိုင်ခြင်းမရှိဘဲ မှတ်ဉာဏ်ဖြင့်တော်နေခြင်း ဖြစ်ကြောင်း ဝေဖန်သံတွေ ညံနေသေးသည်။

တောင်ကိုရီးယားနိုင်ငံတွင် နိုင်ငံသားသဘောတရားဆိုင်ရာ Citizenship Education အားနည်းနေကြောင်း ဂျပန်သတင်းသမားများ၏ ထောက်ပြဝေဖန်မှုကိုလည်း The Korea Times သတင်းတွင် ဖော်ပြထားသည်။ ဂျပန် သတင်းထောက် မူကောင်ရှင်းက Yahoo Japan ကိုပြောကြားရာတွင် ကိုရီးယားနိုင်ငံမှ ကျောင်းသား ကျောင်းသူများသည် နိုင်ငံသားဆိုင်ရာ အခြေခံသဘောတရားများ သင်ကြားမှု အားနည်းခြင်းကြောင့် မျိုးချစ်စိတ်နှင့် ပြည်သူပြည်သားတို့အပေါ် ချစ်ခင်မြတ်နိုး အလေးထားရမည့် စိတ်ဓာတ်များ အားနည်းလှကြောင်း ထောက်ပြဝေဖန်ထားသည်။

ကိုရီးယား-ဂျပန်ကပြား ယင်းသတင်းထောက်က တောင်ကိုရီးယားကျောင်းများတွင် နိုင်ငံသားသဘောတရားဆိုင်ရာ Citizenship ပညာရေးလိုအပ်နေသည် မှန်သော်လည်း ယခုတိုင် သင်ကြားပေးခြင်းမရှိဟုဆိုသည်။ တောင်ကိုရီးယားနိုင်ငံ ကျောင်းသင်ခန်းစာများထဲတွင် လူမှုရေးဆိုင်ရာ သဘောတရားများ ထည့်သွင်းသင်ကြားမှုမှာ ၁၈ ဒသမ ၄ ရာခိုင်နှုန်းခန့်သာရှိသည်။ ဗြိတိန်၊ ပြင်သစ်နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် တတိယတန်း အဆင့်လောက်သာ လူမှုရေးသဘောတရားများ သင်ကြားနေသည့် အဆင့်တွင်ရှိမည်။

နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံချစ်စိတ်ဓာတ်စသည့် ပြည်သူ့နီတိသဘောတရားများကို သင်ကြားမှုအားနည်းခြင်းက ကိုယ်တိုင်းပြည် ကိုယ့်လူမျိုးအပေါ် အဆိုးမြင်စိတ်များဖြင့် ရှုမြင်သုံးသပ်မှုများပိုများစေသည်။ တိုင်းပြည်နှင့် လူမျိုး၊ နိုင်ငံနှင့် ခေါင်းဆောင်များအပေါ် ရိုသေလေးစားတန်ဖိုးထားစိတ်များကို ပြည်သူ့နီတိဆိုင်ရာ သဘော တရားများ သင်ကြားပေးခြင်းဖြင့်သာ ပြုစုပျိုးထောင်နိုင်ကြောင်း ရှင်းက ဆိုသည်။

ရှင်းက တောင်ကိုရီးယားနိုင်ငံအနေနှင့် ကမ္ဘာ့ပညာရေးအဆင့်တွင် တောင်ကိုရီးယားနိုင်ငံသည် ထိပ်တန်း ၁၀ နိုင်ငံမှ ပြုတ်သွားခဲ့ရခြင်းမှာ ပြည်သူ့နီတိဆိုင်ရာ အခြေခံသဘောတရားများနှင့် နိုင်ငံသားချစ်စိတ်သဘော တရားများ နည်းပါးခြင်းကြောင့်ဟု ထောက်ပြထားသည်။ ■ **E01**

**(Sources, The Korea Times, Korea Herald)**

# ကမ္ဘာ့ပညာရေးအတွက် ရင်လေးနေသော အမေရိက

ပညာရေးတွင် အရည်အသွေးပြည့်ဝသည့် (Quality Education) သဘောတရားမျိုးကို ရရှိနိုင်ရေးအတွက် နိုင်ငံတိုင်း ကြိုးစားလုပ်ဆောင်နေကြသည်။ ၂၀၁၅ ခုနှစ် PISA (Programme or International Student Assessment) စစ်ဆေးမှု၏ ထုတ်ပြန်ချက်အရ သိပ္ပံ၊ စာဖတ်စွမ်းရည်နှင့် သင်္ချာဘာသာရပ်များတွင် အမေရိကန် ပြည်ထောင်စု သည် ဂျပန်၊ ဖင်လန်၊ အိုင်ယာလန်နိုင်ငံများကို မကျော်လွန်နိုင်ကြောင်းတွေ့ရသည်။

အမေရိကန်ပြည်ထောင်စုရှိ ကျောင်းသားများ၏ PISA ရမှတ်သည်အလယ်အလတ်အဆင့်လောက်တွင်သာ ရှိနေကြသည်။ အကောင်းလည်းမဟုတ် အဆိုးလည်းမဟုတ်။ ဂျပန်နှင့် ဖင်လန်နိုင်ငံတို့ကို ယှဉ်နိုင်ရန် ဆိုသည်မှာ စိတ်ကူးထဲတွင် ထည့်၍မရနိုင်သော အနေအထားလောက်တွင် ဖြစ်နေခြင်းကြောင့် စဉ်းစားစရာများ ဖြစ်လာသည်။

ဂျပန်နိုင်ငံနှင့် ဖင်လန်နိုင်ငံများ၏ စာသင်ခန်းအတွင်း သင်ကြားမှုပုံစံများသည် ပြောင်းလဲနေပြီဖြစ်သည်။ သူတို့ နိုင်ငံများ၏ ပညာသင်ကြားရေးလမ်းကြောင်းက ဘဝတစ်သက်တာပညာရေး 'Life-long Learning' ကို ဦးတည်နေကြသည်။ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ့်အတွေးနှင့် လမ်းဖောက်နိုင်မည့် Critical Thinking Skills များကို လေ့ကျင့်ပေးနေကြသည်။ ပညာရေးက ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်၊ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ်လျှောက်ရမည့်လမ်းကို ကိုယ်တိုင်ဖောက်နိုင်ရန်အတွက် စဉ်းစားဆင်ခြင် တွေးခေါ်နိုင်စွမ်းတွေ လိုအပ်နေပြီဖြစ်သည်။

အမေရိကန်ပြည်ထောင်စု Grandview Middle AIG အလယ်တန်းကျောင်းမှ ဆရာ အီရင်ရောဘတ်သည် ၂၀၁၁ ခုနှစ်က ဗြိတိန်နိုင်ငံသို့ ပညာရေးဖလှယ်မှုအစီအစဉ်တစ်ခုနှင့် ရောက်ခဲ့စဉ် သူတွေ့ကြုံခဲ့ရသည်ကို ပြန်ပြောပြသည်။

"အင်္ဂလန်မှာ အားလုံးပြောင်းလဲနေပြီ။ အသက် ၄ နှစ်နဲ့ ၅ နှစ်ကလေးတွေ လွတ်လပ်စွာ ပညာသင်ယူနိုင်ရေးကို လုပ်နေကြပြီ။ သူတို့ နေ့လယ်စာ စားကြတယ်။ နားကြတယ်။ ကစားကွင်းထဲမှာ ဆင်းပြီးတော့ ဆော့နေကြတယ်။ ဆရာတွေက ကျောင်းသားတွေနောက်ကို လိုက်ကြည့်နေစရာတောင် မလိုဘူး"

နိုင်ငံတကာပညာရေးက ကစားချိန်များများပေးပြီး စာသင်ချိန်လျှော့ချရေးလမ်းကြောင်းနောက်ကို လိုက်နေကြသည်။ ဖင်လန်နိုင်ငံတွင် အလယ်တန်းနှင့် အထက်တန်းဆရာများသည် Master ဘွဲ့လောက် အနည်းဆုံးရထားကြကြောင်း ၂၀၁၃ ခုနှစ် Finnish National Board of Education ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် ဆရာများသည် ဥပဒေအရ နိုင်ငံတော်ဝန်ထမ်းများထဲတွင် လစာအများဆုံးဝန်ထမ်းများ ဖြစ်နေကြောင်း OECD အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကျောင်းဆရာများ၏ လစာနှင့် အင်ဂျင်နီယာများ၏ လစာမှာ အတူတူပင်ဖြစ်သည်။ လူကိုတည်ဆောက်ခြင်းကလည်း အဆောက်အအုံများကို တည်ဆောက်သလို ကောင်းကောင်းအရေးပါကြောင်း ဂျပန်တွေက ခံယူထားကြသည်။

ပညာရေးထိပ်တန်းရောက်နေကြသည့် နိုင်ငံများတွင် ကျောင်းသားများ၏ တတ်မြောက်မှုကို မည်သို့စစ်ဆေး အကဲဖြတ်နေကြောင်း ဆန်းစစ်လေ့လာရန်လည်း လိုအပ်ပါသည်။

ဂျပန်နိုင်ငံသည် ဝင်ခွင့်စာမေးပွဲ သတ်မှတ်ချက်များဖြင့် တတ်မြောက်မှုကို စစ်ဆေးလေ့ရှိသည်။ သူတို့နိုင်ငံတွင် တက္ကသိုလ်ဝင်လိုပါက ဝင်ခွင့်ဖြေကြရသည်။ ဖင်လန်နိုင်ငံတွင် နိုင်ငံတော်ကကြီးမှူးကျင်းပသည်ဆိုသော စာမေးပွဲစနစ်မရှိ။

ရလဒ်ကဘာဖြစ်လာသနည်း။ ဖင်လန်နိုင်ငံကျောင်းသားများ၏ PISA စစ်ဆေးခြင်း ရမှတ်များတွင် စာဖတ် စွမ်းရည် ၅၂၆ မှတ်၊ သင်္ချာ ၅၁၁ မှတ်နှင့် သိပ္ပံတွင် ၅၃၁ မှတ်အထိ ရကြသည်။ ဂျပန်နိုင်ငံကျောင်းသားများမှာ PISA စာမေးပွဲတွင် စာဖတ်စွမ်းရည် ၅၁၆ မှတ်၊ သင်္ချာ ၅၃၂ မှတ်နှင့် သိပ္ပံ ၅၃၈ မှတ် ပျမ်းမျှရကြသည်။ ဖင်လန် နိုင်ငံကစာမေးပွဲမရှိဘဲ စာမေးပွဲစစ်သည့် နိုင်ငံထက်သာနေကြောင်း တွေ့ရမည်ဖြစ်သည်။




အမေရိကန်ပြည်ထောင်စု မြောက်ကာရိုလိုင်းနားပြည်နယ်နှစ်ခုက PISA စာမေးပွဲဝင်ဖြေကြသည်။ စာဖတ် စွမ်းရည် ၄၉၇ မှတ်၊ သင်္ချာ ၄၇၀ မှတ်၊ သိပ္ပံ ၄၉၆ မှတ်ဖြစ်နေသည်။ ဂျပန်နှင့် ဖင်လန်ကို မည်သို့မှ မလိုက်နိုင် သည့် အနေအထားတွင် ရောက်နေသည်။

အိုင်ယာလန်နိုင်ငံ PISA ရမှတ်များကို လေ့လာကြည့်လျှင် စာဖတ်စွမ်းရည် ၅၂၁ မှတ်၊ သင်္ချာ ၅၀၄ မှတ်နှင့် သိပ္ပံ၅၂၁ မှတ်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် အိုင်ယာလန်နိုင်ငံကိုပင် မမီသည့် အဆင့်သို့ ရောက် နေသည်။

အမေရိကန်ပြည်ထောင်စုကလည်း သမ္မတ အိုဘားမားလက်ထက်တွင် STEM ဆိုသည့် (Science, Technology, Engineering, Mathmatics) ဘာသာရပ်များကို ဦးစားပေးသင်ကြားရေး လမ်းကြောင်းကို လိုက်လာသည်။ သို့သော် ပညာရေးတွင် ၈၀ ရာခိုင်နှုန်းခန့် လွတ်လပ်မှုကို ဦးစားပေးထားသော ဖင်လန်နိုင်ငံ ပညာရေးကို လိုက်မမီအောင်ဖြစ်နေသေးသည်။

ဖင်လန်ပညာရေးသည် Quality ဖြစ်စေရန် Quality ဖြစ်သည့် ဆရာတွေနှင့် သင်နေသည်။ ဂျပန်နှင့် အခြားနိုင်ငံများကလည်း Quality ပညာရေးဖြစ်လာစေရန် Quality ဆရာတွေကို မွေးထုတ်ပြီး သင်ကြားမှသာ ရနိုင်မည်ကို နားလည်သော်လည်း Quality ဆရာတွေက ရှားပါးကုန်ပစ္စည်းဖြစ်လာသည်။

အလုပ်နှင့်နှင့်လစာ ခံစားခွင့်များကို တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်းထက် အတွေးအခေါ်ကောင်းသည့် ကျောင်းသားများပေါ်ထွန်းလာစေရေးအတွက် အတွေးအခေါ်ကောင်းသည့် ဆရာတွေကို မွေးထုတ်ပေးနိုင်ရေးကို ဦးစားပေဆောင်ရွက်ရန် လိုအပ်နေကြောင်း အမေရိကန်ပညာရေးက ထောက်ပြနေပေသည်။

■ E01

**(Source: Channel News Asia)**

## ပြောင်းလဲလာသော တရုတ်ပညာရေးစနစ်

ဖျတ်ခနဲကြည့်လိုက်လျှင် ယိပင်းအစိုးရကျောင်းသည် သာမန်ကျောင်းတစ်ကျောင်းဟု ထင်စရာဖြစ်သည်။ ယိပင်းကျောင်းသည် တရုတ်နိုင်ငံ ဆီချွမ်းပြည်နယ်၊ အနောက်တောင်ပိုင်းရှိ လူဦးရေ တစ်သန်းခန့်ရှိသော ယိပင်းမြို့လေးတွင် တည်ထောင်ထားသည့် ကျောင်းတစ်ကျောင်းဖြစ်သည်။

ကျောင်းကွင်းပြင်ထဲတွင် ကျောင်းသားများ မတ်တတ်ရပ်နေကြသည်။ သူတို့ကျောနောက်တွင် နိုက်ထရိုဂျင်၊ ဆာလ်ဖိတ်၊ ဖော့စ်ဖိတ်ဆိုသည့် စာလုံးလေးများပါသော စာရွက်လေးများ ကပ်ထားကြသည်။ သူတို့ ဂိမ်းတစ်ခု ကစားနေကြခြင်းဖြစ်သည်။ ဓာတုဗေဒဆိုင်ရာ ဝေါဟာရများနှင့် သူတို့ ကစားနေကြခြင်းဖြစ်သည်။

ကစားကွင်းထဲတွင် အားကစားနှင့် ဓာတုဗေဒ ဘာသာရပ်ကို ပေါင်းစပ်ကာ သင်ကြားပေးနေခြင်းဖြစ်သည်။ ထိုကျောင်းလေးကို မြို့သားတွေက 'ရေအေးတွင်းကျောင်း' ဟု အမည်ပေးထားကြသည်။ ကျောင်းအပေါ်ထပ်တွင် ကလေးများကိုသမိုင်းနှင့် သင်္ချာပေါင်းစပ်သင်နေသည်။ နိုင်ငံတစ်နိုင်ငံ ကျဆုံးခြင်း ဖွံ့ဖြိုးတိုးတက်ခြင်းကို ကလေးတွေ ကိန်းဂဏန်းများဖြင့် လေ့လာနေကြသည်။

တရုတ်နိုင်ငံရှိကျောင်းများတွင် ထိုသို့သင်ကြားနေကြသည် ဆိုခြင်းမှာ ယုံကြည်နိုင်စရာ အကြောင်းပင်မရှိ။ သို့သော် ဂျာနယ်လစ် တစ်ယောက်လည်းဖြစ် ဆရာတစ်ယောက်လည်းဖြစ်သော ကျန်လင်းဆိုသူ၏ ထုတ်ဖော် ရေးသားလိုက်ခြင်းကြောင်း တစ်နိုင်ငံလုံး စိတ်ဝင်စားစရာဖြစ်သွားခဲ့ရသည်။

ကျန်လင်းက ဝေးလံခေါင်သီသည့်နေရာဒေသတစ်ခုတွင် ပညာရေးစနစ် ပြောင်းလဲနေပုံအကြောင်းကို ရေးသား ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ ပညာရေးစနစ်က ကွန်ဖြူးရှပ်စနစ်များ လွှမ်းမိုးနေသေးသည်။ မူလတန်း ကျောင်းများတွင်လည်း မွန်တက်ဆိုရီ ပညာရေးစနစ်ကို အကောင်အထည် ဖော်နေကြသည်။ အစိုးရက မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းအဆင့်များကို ဖြေလျှော့ပေးလာပြီး တက္ကသိုလ် ဝင်တန်းနှင့် တက္ကသိုလ်ပညာရေးကိုသာ ချုပ်ကိုင်တင်းကျပ်ထားသောကြောင့် အောက်ခြေကစပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာသည်ကို သတိထားမိကြသည်။

ပညာရေးကိုပုဂ္ဂလိကသာမဟုတ် အစိုးရကလွှာကလည်း ပုံစံတွေပြောင်းလာသည်။ သို့သော်ပါတီမူဝါဒ အရိပ်ထိုးမှုတွေကတော့ ရှိနေသေးသည်။ နိုင်ငံခြားအထင်မကြီးရေး၊ မျိုးချစ်စိတ်ဓာတ်ရှိစေရေးတွေဖြစ်သည်။ သို့သော် ကမ္ဘာကိုလှမ်းမျှော်ကြည့်နေသည့် တရုတ်တို့က Self-motivated နှင့် Critical Thinking အကြောင်း တွေ ဖော်ထုတ်လာကြသည်။

တရုတ်နိုင်ငံတွင် လက်ရှိ ရင်ဆိုင်နေရသော ပညာရေး ပြဿနာမှာ ပြဋ္ဌာန်းထားသော ဘာသာရပ်များတွင် တစ်ခုနှင့်တစ်ခု ယုတ္တိနည်းကျကျ ချိတ်ဆက်မှုများ ကင်းမဲ့နေခြင်းဖြစ်ကြောင်း အသက် ၄၇ နှစ်အရွယ် ဆရာကျန်လင်းက ပြောကြားသည်။ သင်ရိုးပြဋ္ဌာန်းချက်များသည် အကြောင်းအရာ အချက်အလက်များကို သိရေး၊ စာမေးပွဲအောင်ရေးနှင့် ချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာနိုင်ရေး လောက်သာဖြစ်နေသေးသည်ဟု သူကဆိုသည်။ သူက -

"ဒီလိုအနေအထားတွေကြောင့် ကျောင်းသားတွေက ပညာသာ သင်နေရတာ အဓိပ္ပာယ်မဲ့သလို ခံစားနေကြရတယ်။ သူတို့ဘဝတွေက ပြင်ပက ဖိအားတွေပေးပြီး လုပ်ရှားခိုင်းတဲ့အတိုင်း လှုပ်ရှားနေကြရသလိုဖြစ်နေတယ်" ဟုလည်း ဝေဖန်ထောက်ပြခဲ့သည်။

ကျန်လင်းက ကျောင်းသားဘာကို စိတ်ဝင်စားကြောင်း ဦးစွာစုံစမ်းသည်။ သူစိတ်ဝင်စားသည့် အကြောင်းအရာကို သူ့ဘာသာ လွတ်လပ်စွာ ဖော်ထုတ်နိုင်စေရန် သူကအားပေးထားသည်။ သူ့အပေါ် ဖိအားတွေမပေး။ လမ်းကြောင်းတော့ ပြပေးထားသည်။ လွတ်လပ်စွာ ဖော်ထုတ်လေ့လာနိုင်ခြင်းမှာ ပညာရေး၏ အနှစ်သာရ တစ်ခုဖြစ်လာစေရန် သူက ဖော်ထုတ်နေခြင်းဖြစ်သည်။ ချုံကင်းတွင်လည်း ဤသို့သော ပညာရေးစနစ်မျိုးကို အကောင်အထည်ဖော်နေသည့် ပုဂ္ဂလိကကျောင်းတစ်ကျောင်းရှိနေပြီဖြစ်သည်။

ရေအေးတွင်းကျောင်းတွင် ၆ တန်းမှ ၉ တန်းအထိဖွင့်ထားသည်။ ကျောင်းသား ၆၀၀ ခန့်ရှိသည်။ ထက်ဝက်ခန့်မှာ တစ်နယ်ရပ်ခြားမှ ပြောင်းရွှေ့လာရောက်နေထိုင်ကြသည့် အလုပ်သမား သားသမီးများဖြစ်ကြသည်။ သူတို့ သင်နည်းစနစ်တွေက ထူးဆန်းနေသဖြင့် ပတ်ဝန်းကျင်တွင် ဝေဖန်လေ့လာစရာတွေဖြစ်နေသည်။

ဆရာကျန်လင်းက ၈ တန်းတွင်သင်သည်။ သူက ကျောင်းသားတွေကို ဆရာကသင်ကြားခြင်းထက် အုပ်စုဖွဲ့ပြီး လေ့လာဆန်းစစ် ဖော်ထုတ်နည်းများကို လုပ်ခိုင်းသည်။ သူတို့ကို ကွန်ပျူတာ၊ တက်ဘလက်များစီစဉ်ပေးထားသည်။ အချင်းချင်း ပူးပေါင်းဆွေးနွေးနိုင်ရန် ဖန်တီးပေးထားသည်။ ကျောင်းတွင် ဒီဘိတ်သဘောတရား တွေကို လုပ်နိုင်သည်အထိ ကျောင်းသားတွေကို လမ်းဖွင့်ပေးထားသည်။

တရုတ်နိုင်ငံတွင် ဆိုဗီယက်စတိုင် ပညာသင်ကြားရေးစနစ် လွှမ်းမိုးနေခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ကောလိပ်ကလည်း လုပ်ငန်းခွင်လိုအပ်ချက်အရ ပညာတတ်များကို မွေးထုတ်ပေးသည့် စနစ်ကို ကျင့်သုံးနေခဲ့ သည်။ ကျောင်းသားများ၏ဆန္ဒကို မကြည့်။ အစိုးရဆန္ဒအတိုင်း ကျောင်းသားတွေက လိုက်ပြီး အကောင်အထည်ဖော်ပေးနေရသည့် စနစ်ဖြစ်နေသေးသည်။ အင်္ဂလိပ်စာ သင်ကြားမှုကလည်း ရှေးဟောင်းစတိုင်အတိုင်း ဖြစ်နေသေးသည်။ အလွတ်ကျက် အအောင်ပေးစနစ်ကို ဖောက်ထွက်ကြရပေလိမ့်ဦးမည်။

လွန်ခဲ့သော ၂ နှစ် ၃ နှစ်ခန့်ကစပြီး အစိုးရကလည်း ပညာရေးပြုပြင်ပြောင်းလဲမှုများကို ညင်သာစွာ ကိုင်တွယ် လုပ်ဆောင်လာခဲ့ကြောင်းတွေ့ရသည်။ အစိုးရက သင်ရိုးနှင့် သင်ကြားရေးပုံစံများကို ချုပ်ကိုင်ထားသေးသော်လည်း လက်တွေ့လေ့လာမှုကို ဦးစားပေးရန်လမ်းညွှန်မှုများ လုပ်လာသည်။ တစ်နည်းအားဖြင့် အစိုးရသည် ဝင်ရောက်စွက်ဖက်ခြင်းများကို အတတ်နိုင်ဆုံး လျှော့ပေးလာသည်ကို တွေ့ရသည်။

ဆရာကျန်လင်းတစ်ယောက် တက်ကြွနေသည်။ မျက်စိမှိတ်ပြီး ယုံကြည်ခိုင်းခြင်းမခံရသော ကလေးများ၏ ပျော်ရွှင်မှုများကို သူကမျှဝေခံစားနေသည်။ သူလေ့ကျင့်ပေးနေသည့် ပညာရေးစနစ်သည် တရုတ်နိုင်ငံအတွင်း အာဏာရှင်ခေတ်အဆက်ဆက် ချုပ်ကိုင်ခဲ့သည့် ဒါမေး ဒါရေးကို တော်လှန်နေခြင်းဖြစ်သည်။ သူကလေးတွေကို နိုင်ငံရေးအကြောင်း ပြောပုံလေးကို နားထောင်ကြည့်မိသည်။

"ပြည်သူဆိုတာ အမြင့်ဆုံး အာဏာပိုင်တွေ ပဲကွ။ ပြည်သူက အဆုံးအဖြတ်ပေးရတယ်ဆိုရင် ပြည်သူကို အာဏာအပြည့်ပေးရမယ်။ ပြည်သူက အုပ်ချုပ်ရမယ်"

ဤသို့သော စကားမျိုး တရုတ်ကျောင်းများတွင် ကြားရဖို့မလွယ်ပေ။ အာဏာရှင်စနစ်ကို ပြုပြင်ပြောင်းလဲရန် ကလေးတွေစိတ်ထဲကို ကျန်လင်းတစ်ခုခုပေးနေကြောင်း သိသာလှသည်။

တရုတ်နိုင်ငံတွင် လူဦးရေစီမံကိန်းပြန်စနေပြီဖြစ်သည်။ တစ်မိသားစု ကလေးတစ်ယောက်နှုန်းဆိုသည့်မူဝါဒကို ဖြေလျှော့ပေးလိုက်သည်။ သူတို့ကလေးတွေ တိုးယူ၍ရလာပြီ။ နောက်မျိုးဆက်သစ် အတွက် ပညာရေးကို ပြုပြင်ပြောင်းလဲထားရန် သူတို့ ပြင်ဆင်နေကြသည်။ တက္ကသိုလ်ဝင်စာမေးပွဲစနစ်ကို အစိုးရက ချုပ်ကိုင်ထားသေးသည်။ သို့သော် မိဘတွေက နိုင်ငံခြားလွှတ်ပြီး ပညာသင်ကြားရေးနှင့် အသက်မွေးကျောင်းပညာရေးများကို စိတ်ဝင်စားလာကြသည်။

ကျန်လင်း၏ ပညာရေးနည်းစနစ်ကို ပြည်နယ်အတွင်းရှိ ကျောင်းများက လာရောက်လေ့လာကြသည်။ သူ့နည်း အတိုင်း ပြည်နယ်အတွင်း လိုက်ပြီး အကောင်အထည်ဖော်နေသော ကျောင်းသုံးကျောင်းရှိလာသည်။ တတိယမြောက်ကျောင်းကို ကွမ်ကျိုးတွင် အကောင်အထည်ဖော်နိုင်ခဲ့သည်။ သူက စနစ်သစ် သင်ရိုးသစ်များကို ပညာရေးအကြံပေးများခေါ်ပြီး ကိုယ်တိုင်ဆွဲနေသည်။ ကျောင်းအားလုံး ကွန်ရက်ချိတ်ဆက်နိုင်ရန်လည်း စီစဉ်ထားသည်။

လာမည့် စာသင်နှစ်တွင် ကျန်လင်း၏ ရေအေးတွင်းကျောင်းမှ ပညာရေးစနစ်အတိုင်း ကျောင်းပေါင်း ၃၀ ခန့် အကောင်အထည်ဖော်ရန် ပြင်ဆင်နေကြသည်။ တရုတ်တို့ပြောင်းမှုဖြစ်မည်ကို သဘောပေါက်လာကြသည်။

■ E01

**(Ref : Playing With More Creativity and Less Cramming, Anthony Kuhn)**

# "ကျွန်တော်ပါတဲ့ ရုပ်ရှင်ဇာတ်ကားရုံတင်ပြသတဲ့ ပထမဆုံးနေ့တွေမှာဆို ရုံထဲကို ပရိသတ်တွေနဲ့ အတူတူဝင်ကြည့်ပြီး သူတို့ဘာတွေပြောလဲ၊ ဘယ်နေရာတွေကို ဝေဖန်သလဲဆိုတာကို သွား သွား နားထောင်ပါတယ်"

## စိုင်းစိုင်းခမ်းလှိုင်နဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

**နာမည်ကျော် တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ စိုင်းစိုင်းခမ်းလှိုင်နဲ့ တွေ့ဆုံပြီး ဧပြီလ ၇ ရက်နေ့မှာ ရုံတင်ပြသတော့မယ့် ဂျုံးဂျုံးဂျက်ဂျက် ရုပ်ရှင်မှာ သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်စရိုက်အကြောင်း၊ ရိုက်ကွင်းအတွေ့အကြုံများနဲ့ ယခုနှစ်သင်္ကြန်မှာ မလျှောက်မထိုးဖြစ်တဲ့အကြောင်းတို့ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: ဂျုံးဂျုံးရုပ်ရှင်က စိုင်းစိုင်းနဲ့ ဝတ်မှုံရွှေရည်နဲ့ ပထမဆုံးစဆုံတဲ့ ရုပ်ရှင်ဇာတ်ကားနော်။ ဒီဇာတ်ကားကို ဘယ်အချက်တွေကို ကြည့်ပြီး လက်ခံရိုက်ကူးခဲ့တာလဲ။**

**SSKL:** ဒီကားက ကျွန်တော်နဲ့ ဝတ်မှုံရွှေရည် တို့ ပထမဆုံးစပြီးဆုံတဲ့ ရုပ်ရှင်ကားကြီးပါ။ ရှေ့ပိုင်းမှာတော့ ကျွန်တော်နဲ့သူနဲ့ ဗီဒီယိုဇာတ်ကား အနည်းငယ်လောက် ရိုက်ခဲ့ဖူးပါတယ်။ ဒီကားရဲ့ ဇာတ်လမ်းပိုင်းနဲ့ ပတ်သက်လို့ကတော့ အမှန်အတိုင်းဝန်ခံရရင် မူရင်းဝတ္ထုက ဟာသ ဇာတ်လမ်းစစ်စစ်ဖြစ်ပါတယ်။ ကျွန်တော်ကတော့ Romance နဲ့ ဒရာမာကို ပိုပြီးအားသန်တာဖြစ်တဲ့အတွက် ဇာတ်လမ်းမှာ Romance လေးတွေလည်း ပါစေချင်တယ်။ အဲ့ဒါကြောင့် ကျွန်တော်၊ ထုတ်လုပ်သူနဲ့ ဒါရိုက်တာတို့ သုံးဦး သဘောတူပြီးတော့ ဇာတ်ညွှန်းကို စာရေးဆရာ မင်းခိုက်စိုးစံဆီမှာ အပ်နှံခဲ့ပါတယ်။ အဲ့ဒီကနေ ရလာတဲ့ ဇာတ်ညွှန်းကို ပရိုဂျူဆာရော၊ ဒါရိုက်တာရော၊ ကျွန်တော်ရော၊ မင်းသမီးရော သဘောတူပြီးတော့မှ ရိုက်ခဲ့ကြတာဖြစ်ပါတယ်။

**Voice: ဇာတ်လမ်းလေးကလည်း စိုင်းစိုင်း မရိုက်ဖူးသေးတဲ့ ဇာတ်လမ်းမျိုးနော်။ ကိုယ့်ပရိသတ်တွေအတွက် ကြည့်ရတာ ဘယ်လောက်အထိ ထူးခြားမှုရှိမလဲ။**

**SSKL:** ဒီဇာတ်ကားက ရယ်စရာ၊ ပျော်စရာလေးတွေပါတဲ့ သရဲကားလေးလည်းဖြစ်တယ်။ အချစ်ကားလေးလည်း ဖြစ်တယ်။ ဒီကားက ကျွန်တော်တို့ ပရိသတ်တွေနဲ့ ရင်ခုန်သံချင်း ထပ်တူကျပါစေလို့ ဆုတောင်း ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီဇာတ်ကားရဲ့ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို သဘောကျတဲ့အတွက် လက် ခံရိုက်ကူးခဲ့တာပါ။ ကိုယ်မကြိုက်တဲ့ဟာဆိုရင်လည်း ကျွန်တော် မရိုက်ချင်ဘူး။ ကိုယ်တိုင်ကြိုက်တဲ့၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းမို့လို့ ရွေးချယ်ရိုက်ကူးခဲ့တာလည်းဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဒီဇာတ်ကားကို အတိုင်းအတာတစ်ခုအထိတော့ ကျေနပ်ပါတယ်။ ဇာတ်ကားမှာ ကျွန်တော်သရုပ်ဆောင်ရတဲ့ ကာရိုက်တာနဲ့ ဇာတ်လမ်း Plot လေးတွေကိုလည်း ကျွန်တော် ချစ်ပါတယ်။

**Voice:ရိုက်ကူးရေးပိုင်းမှာရော ဘယ်လို အခက်အခဲတွေ၊ အမှတ်တရတွေရှိခဲ့လဲ။**

**SSKL:** ဒီကားမှာ ကျွန်တော့်ရဲ့ ကာရိုက်တာက လူငယ်ဒါရိုက်တာ တစ်ယောက်ပါ။ ကျွန်တော့်မွေးနေ့ရောက်တိုင်းမှာ ကောင်မလေး တစ်ယောက်က ဆွဲကြိုးတစ်ကုံး လက်ဆောင်ပို့ပေးလေ့ရှိတယ်။ သူ ဘယ်သူလဲဆိုတာတော့ ကျွန်တော် မသိရပါဘူး။ တစ်နှစ်မှာတော့ ကျွန်တော့်ဆီကို မွေးနေ့လက်ဆောင်လာပို့ရင်း လမ်းမှာ ကောင်မလေးက ရထားတိုက်ခံရပြီး ဆုံးသွားတယ်။ ကျွန်တော်က သရဲကား ရုပ်ရှင်ရိုက်ဖို့အတွက် သရဲခြောက်တယ်လို့ နာမည်ကြီးတဲ့ ရထားတွဲတစ်တွဲကို သွားစီးတဲ့အချိန်မှာ ဝိညာဉ်ဖြစ်နေတဲ့ အဲ့ဒီကောင်မလေးနဲ့ ပြန်ဆုံရတာပါ။ဒီ ကားကို ရိုက်တာကတော့ ရန်ကုန်ဘူတာကြီးမှာရှိတဲ့ ရထားတွဲတစ်တွဲမှာပဲ ဆက်တင်တွေဆင်ပြီး ရိုက်ကြတာပါ။ ပင်လည်းပင်ပန်းပါတယ်။ ဒါပေမဲ့ ပျော်ဖို့လည်း ကောင်းပါတယ်။

**Voice: ကိုယ့်ဇာတ်ကားကို ပြန်ကြည့်ပြီးတဲ့ အချိန်မှာ ကိုယ်တိုင် အားမရတဲ့ အချက်တွေရောရှိလား။**

**SSKL:** ကိုယ့်ဇာတ်ကားရဲ့ အားနည်းချက်ကို အမှန်အတိုင်းဝန်ခံရရင်တော့ ဒီကားက လွန်ခဲ့တဲ့ သုံး နှစ် လောက်က ရိုက်ထားတာဖြစ်ပါတယ်။ အဲ့ဒီအတွက် အသံဖမ်းစနစ်တွေက လွန်ခဲ့တဲ့ သုံးနှစ်လောက်က အခြေအနေမှာ လုပ်ခဲ့ရတာဆိုတော့ နည်းနည်းလေးတော့ အားမလိုအားမရ ဖြစ်မိပါတယ်။ ဇာတ်လမ်းပိုင်းဆိုင်ရာနဲ့ ဒါရိုက်တာရဲ့ တင်ပြမှုအပိုင်းတွေကိုတော့ ကျွန်တော် သဘောကျပါတယ်။

**Voice: စိုင်းစိုင်းက ရုပ်ရှင်ကားကြီးတွေ အရိုက်နည်းတဲ့ မင်းသားတွေထဲမှာပါတော့ ကိုယ့်ဇာတ်ကားတစ်ကား ရုံတင်တိုင်း တခြားသူတွေထက်တော့ ပိုပြီး ရင်ခုန်မှာပေါ့။**

**SSKL:** ကျွန်တော်ထင်တာကတော့ ဇာတ်ကား ရိုက်ကူးမှု အရေအတွက် နည်းတာနဲ့ များတာပဲ ကွာပါလိမ့်မယ်။ ဘယ်မင်းသားမဆို ကိုယ့်ကားရုံတင်ရင်တော့ ကိုယ်ရင်ခုန်မှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကြိုးစားပြီး ရိုက်ခဲ့ရတဲ့ ဇာတ်ကားဖြစ်နေတာကိုး။ တစ်နှစ်မှာ ရုပ်ရှင်ကားကြီး ၁၂ ကားရိုက်တဲ့ မင်းသားဆိုလည်း ၁၂ ကားစာ ကြိုးစားထားရတာဖြစ်တဲ့အတွက် သူလည်း ရင်ခုန်မှာပဲ။ ကျွန်တော်ဆိုလည်း တစ်နှစ်မှာ ရုပ်ရှင်နှစ်ကား၊ သုံး ကား လောက်ပဲ ရုံတင်နိုင်တာဆိုတော့ ဇာတ်ကားတစ်ကား ရုံတင်တိုင်း ကိုယ့်အတွက် ရင်ခုန်သံက အသစ် ပြန် ဖြစ်နေတာပါပဲ။

**Voice: ကိုယ့်သရုပ်ဆောင်မှုနဲ့ ပတ်သက်ပြီး ပရိသတ်တွေရဲ့ဝေဖန်သံတွေကိုရော ဘယ်လိုပြန်နားထောင် ဖြစ်လဲ။**

**SSKL:** များသောအားဖြင့်တော့ ကျွန်တော်ပါတဲ့ ရုပ်ရှင်ဇာတ်ကား ရုံတင်ပြသတဲ့ ပထမဆုံးနေ့တွေမှာဆို ရုံထဲကို ပရိသတ်တွေနဲ့ အတူတူဝင်ကြည့်ပြီး သူတို့ဘာတွေပြောလဲ၊ ဘယ်နေရာတွေကို ဝေဖန်သလဲဆိုတာကို သွား သွား နားထောင်ပါတယ်။ ကိုယ့်ဇာတ်ကားကို ပရိသတ်နဲ့ အတူ ဝင်ကြည့်တာကတော့ အကောင်းဆုံးပဲလို့ ကျွန်တော် ထင်တယ်။ ပရိသတ်တွေရဲ့ဝေဖန်သံ အစစ်ကိုလည်းကြားရတယ်။ ဂျုံးဂျုံးဂျက်ဂျက် ရုပ်ရှင်ရုံတင်ရင်လည်း တချို့ပွဲချိန်တွေမှာ ကျွန်တော်ထပ်သွားကြည့်ပါဦးမယ်။ ဒါပေမဲ့ ဇာတ်ကားစပြီး ရုံတင်မယ့် ဧပြီလ ၇ ရက်နေ့မှာ တော့ ကျွန်တော်သွားကြည့်ဖို့ မသေချာတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မန္တလေးမှာ ကျွန်တော့်ရဲ့မွေးနေ့ရှိုးလုပ်ဖို့အတွက် သွားရမှာမို့ပါ။သင်္ကြန်အပြီး နှစ်ဆန်းတစ်ရက်နေ့ နောက်ပိုင်းမှာလည်း ဒီကားကို ရုံဆက်တင်သွား မှာ ဆိုတော့ ပရိသတ်တွေအားလုံး ဒီကားကို အေးအေးလူလူ ကြည့်နိုင်ကြမယ်လို့ ထင်ပါတယ်။ ကျွန်တော်ပါတဲ့ ရုပ်ရှင်ကားကြီးတွေက လည်း အမြဲတင်နေတာ မဟုတ်တဲ့အတွက် ဒီကားကို လာရောက်ကြည့်ရှု အားပေးကြပါလို့ ပြောချင်ပါတယ်။

**Voice: ဒီနှစ်သင်္ကြန်မှာ စိုင်းစိုင်း မလျှောက်မထိုးဘူးလို့လည်းသိရတယ်။ ဘယ်လိုကြောင့် မလျှောက်မထိုး ဖြစ်တာလဲ။**

**SSKL:** ကျွန်တော်က နှစ်တိုင်း Alpine မလျှောက်ထိုးတာဖြစ်ပါတယ်။ ဒီနှစ်တော့ Alpine က ရန်ကုန်မှာရော၊ မန္တလေးမှာပါ မလျှောက်မလုပ် ဖြစ်ပါဘူး။ အားလုံး နားကြတဲ့အတွက် ကျွန်တော်လည်း ဒီနှစ်မလျှောက် မထိုးဖြစ်တော့ဘူး ပေါ့။ ဒါပေမဲ့ ကျွန်တော်က သင်္ကြန်ဆိုရင်မနေနိုင်ဘူး။ သင်္ကြန်ကို ကြိုက်နှစ်သက်တယ်။ ပျော်တယ်။ အဲ့ဒါ ကြောင့် ကျွန်တော် သင်္ကြန်မှာ ရေပက်မယ်၊ ကိုယ်တိုင်လည်း ရေပက်ခံမယ်။ စင်တစ်ခုခုမှာ သီချင်းဆိုမယ်။ ဘယ်နေရာ လဲတော့ ကျွန်တော်မသိသေးပါဘူး။



ဓာတ်ပုံ- သန့်ဇင်ဦး



# လီဂျွန်ဂီ နဲ့ ဂျောင်ပေဘင်တို့ ချစ်ကြိုက်နေကြောင်း အနုပညာအေဂျင်စီ အတည်ပြု

ဆိုးလ်၊ ဧပြီ ၅

နာမည်ကျော် ကိုရီးယားသရုပ်ဆောင် လီဂျွန်ဂီနဲ့ ဂျောင်ပေဘင်တို့ ချစ်ကြိုက်နေကြကြောင်းကို သူတို့နှစ်ဦးရဲ့ အနုပညာအေဂျင်စီက အတည်ပြုပြောကြားခဲ့ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

အွန်လိုင်းအခြေပြုသတင်းစာတစ်စောင်က လီဂျွန်ဂီနဲ့ ဂျောင်ပေဘင်တို့ လျှို့ဝှက်စွာ ချစ်ကြိုက်နေကြတဲ့ သတင်းကို ဖော်ပြခဲ့ပြီးနောက်ပိုင်းမှာ သူတို့နှစ်ဦး ရဲ့ အနုပညာအေဂျင်စီ ဖြစ်တဲ့ Namoo Actors က ယင်းသတင်းမှန်ကန်ကြောင်း အတည်ပြုသတင်းထုတ်ပြန်ပေးခဲ့ပါတယ်။

"သူတို့နှစ်ယောက်က ၂၀၁၄ ခုနှစ်တုန်းက ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးရင်း ဆုံတွေ့ခဲ့ကြတာပါ။ သူတို့ နှစ်ယောက် ချစ်ကြိုက်နေတဲ့ သတင်းပထမဆုံးအကြိမ် ထွက်ပေါ်လာတုန်းကတော့ သူတို့က သူငယ်ချင်းတွေအဖြစ်ပဲ ရှိပါသေးတယ်။ ပြီးခဲ့တဲ့ နှစ်ကမှ သူတို့ ချစ်သူတွေဖြစ်ခဲ့တာပါ" လို့ အနုပညာအေဂျင်စီက သတင်းထုတ်ပြန်ခဲ့ပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နာမည်ကျော် သရုပ်ဆောင် လီဂျွန်ဂီနဲ့ အသက် ၃၄ နှစ်အရွယ်ရှိပြီ ဖြစ်တဲ့ သရုပ်ဆောင် ဂျောင်ပေဘင်တို့က ၂၀၁၄ ခုနှစ်တုန်းက KBS 2 TV ကနေရိုက်ကူးတဲ့ ရာဇဝင်ရုပ်သံဇာတ်လမ်းတွဲ Joseon Gunman မှာ အတူတွဲဖက် သရုပ်ဆောင်ရင်း ဆုံတွေ့ခဲ့ကြတာ ဖြစ်ပါတယ်။ ■

ကျော်ဖလ

# ပန်းသီးလေးတစ်လုံးကပေးခဲ့သည့် သင်ခန်းစာများ

အမှန်တော့ ပန်းသီးတစ်လုံးဆိုခြင်းထက် ပန်းသီးလေးတစ်လုံးကို တစ်ကိုက် ကိုက်ပြီးနောက် ထားခဲ့သည့် သင်ခန်းစာဟုပြောလျှင် ပိုမှန်မည်။ Apple ဆိုသည့် ကုမ္ပဏီကြီးကို အောင်မြင်အောင် ကြိုးစားဖော်ဆောင်ခဲ့သော စတိဗ်ဂျော့စ် (Steve Jobs) ကား ကွယ်လွန်သွားခဲ့ပြီဖြစ်ပါသည်။ သူကွယ်လွန်ပြီးနောက် သူ၏အရင်းနှီးဆုံးသော သူငယ်ချင်းလာရီ အယ်လီဆင်အား Forbes မဂ္ဂဇင်းကြီးက တွေ့ဆုံပြီး အင်တာဗျူး ခဲ့သည်။ ထိုစဉ်က အယ်လီဆင်ပြောခဲ့သည့် စကားလေး တစ်ခွန်းမှာ အလွန်စိတ်ဝင်စားစရာ ကောင်းလှပါသည်။

"စတိဗ် ဂျော့စ် နောက်တစ်ယောက် ပြန်ပေါ်လာဖို့ ဘယ်တော့မှ မဖြစ်နိုင်ဘူး။ သူ့လိုထူးခြားအောင် ဘယ်သူမှ ကြံဆောင်ပြီး မလုပ်နိုင်ဘူး။ ကျွန်တော်တို့အနေနဲ့ သူတီထွင်ခဲ့တာတွေကို ခံစားဖို့ကလွဲပြီး အခြားသူ့ကို ဂုဏ်ပြုစရာ အကြောင်းမရှိဘူး" ဟုဆိုခဲ့သည်။ အယ်လီဆင်ပြောခဲ့သည်မှာ သူ၏ စိတ်ကူးနိုင်စွမ်းနှင့် တီထွင်နိုင်စွမ်း၊ ကြိုမြင်နိုင်စွမ်းများကို ဂုဏ်ပြုခြင်းဖြစ်ပါသည်။ သူပြောသည့် စကားတစ်ခွန်းက ပိုပြီးထူးခြားလှသည်။

"ကျွန်တော် စတိဗ် ဂျော့စ်တော့ မဖြစ်ချင်ဘူး။ စတိဗ် ဂျော့စ်ဆီက လေ့လာသင်ယူချင်တယ်"

စတိဗ်ဂျော့စ်တစ်ယောက် ကမ္ဘာမြေက ထွက်ခွာသွားခဲ့သည်မှာ ယနေ့ဆိုလျှင် ၆ နှစ်တိုင်ရှိပေတော့မည်။ သူအဘယ်ကြောင့် အောင်မြင်ခဲ့သနည်း။ သူ အဘယ်ကြောင့် တွေးနိုင်ဖော်ထုတ်နိုင် တီထွင်ဖန်တီးနိုင်ခဲ့သနည်းဆိုခြင်းကို ယနေ့တိုင် ပြောမကုန်၊ ရေးမကုန်၊ အတုယူ၍မကုန်နိုင်လောက်အောင် ဖြစ်နေပါတော့သည်။

**မြတ်နိုးတတ်သူ**

စတိဗ် ဂျော့စ်သည် အလွန်မြတ်နိုးတွယ်တာတတ်သူဖြစ်သည်။ မိသားစုကိုလား၊ ဥစ္စာပစ္စည်းကိုလား။ မဟုတ်ဟု ဆိုရမည်သာဖြစ်သည်။ စတိဗ်တစ်ယောက်မြတ်နိုး တန်ဖိုးထားသည်မှာ သူ့အလုပ်၊ သူ့ကုမ္ပဏီ၊ သူ့ လုပ်ဖော် ကိုင်ဖက်များ၊ သူ့တီထွင်မှု၊ သူ့ထုတ်ကုန်တို့ကိုဖြစ်သည်။ သူ့စိတ်ထဲတွင် ထိုအချက်များကလွဲပြီး ဘာတစ်ခုမျှ မရှိခြင်းမှာ Apple ကို ထိပ်ဆုံးရောက်စေရန် တွန်းပို့နိုင်ခဲ့ခြင်း၏ အကြောင်းတရား တစ်ခုဖြစ်ပါသည်။

စတိဗ်တစ်ယောက် ဘီလီယံနာမဖြစ်မီ ဒေဝါလီခံခဲ့ရဖူးပါသည်၊ ထို့ကြောင့် သူ့ကို အရာရာကို စွမ်းဆောင်ဖန်တီးနိုင်သော အကောင်းဆုံးတီထွင်သူတစ်ဦးဟု မဆိုနိုင်။ သူ့ကို Apple ကုမ္ပဏီကလည်း အလုပ်ထုတ်ခြင်းခံခဲ့ရဖူးပါသည်။ ဘဝတွင် အမြဲတမ်း အောင်မြင်သူ မဖြစ်နိုင်ကြောင်း သူကသက်သေပြခဲ့သည်။ စတိဗ်သည် မည်သည့်အခါမှ စိတ်ပျက်လက်လျှော့ တတ်သူမဟုတ်။ သူ့လမ်းသူလျှောက်သည်။ သူယုံကြည်ရာကို စူးစူး စိုက်စိုက်လုပ်သည်။ သူ့အလုပ်ကို သူမြတ်နိုးလွန်းခြင်းကြောင့် ထိပ်ဆုံးကိုရောက်လာသည်။

**ပိုင်းဖြတ်တတ်သူ**

စတိဗ်ဘဝတွင် အသုံးမကျသည့် လူ့ပေါက်ပန်းများကို အကဲဖြတ်တတ်ပြီး လက်မတွဲတတ်ခြင်းကလည်း ထူးခြား သည်ဟုဆိုရမည်။ သူ့ကုမ္ပဏီတွင် လူ့ပေါက်ပန်းများမရှိစေရန် ဂရုစိုက်တတ်သည်။ ထိုသူမျိုးကို တွေ့သည်နှင့် ချက်ချင်း အလုပ်ကထုတ်ပစ်တတ်သည့် ပြတ်သားသောစိတ်ထားရှိသည်။ လူ့ပေါက်ပန်းတွေကြောင့် ပတ်ဝန်းကျင်ရှိ လူကောင်းတွေကို ထိခိုက်နိုင်သည်။ စွမ်းအားတွေ လျော့နည်းနိုင်သည်။ အလုပ်ကိုပါ ထိခိုက် နိုင်သောကြောင့် ထိုသူမျိုးကို ထုတ်ရန်မှတစ်ပါး အခြားမရှိဟု ပြတ်သားစွာ ခံယူသည်။ လူ့ပေါက်ပန်းတွေကို ငှားထားလျှင် ပေါက်ပန်းဈေး အတွေးအခေါ်တွေသာ ထွက်လာမည်။ လူ့ပေါက်ပန်းတွေ ထိပ်ရောက်သွားလျှင် သူ့အောက်ကလူတွေ ပေါက်ပန်းဈေးဖြစ်ကုန်မည်ဟု ခံယူကာ အမြစ်မတွယ်မီကတည်းကရှင်းထုတ်တတ်သည်။



**ငါမှငါသာဟု မထင်တတ်သူ**

စတိဗ် ဂျော့စ်တစ်ယောက် Apple တွင် တာဝန်ယူချိန်မှ နောက်ဆုံးအချိန်အထိ လုပ်ဆောင်ခဲ့သမျှကို ပြန်လည် သုံးသပ်ကြည့်လျှင် အကောင်းဆုံး မန်နေဂျာတစ်ဦးအနေနှင့် လုပ်ဆောင်သွားသည်ကို မငြင်းနိုင်ပေ။ သူသည်အလုပ်မလုပ်သူကိုအလုပ်ထုတ်ရန်အသည်းမာသလောက် သူ့ဒေါသထွက်ပြီး ပေါက်ကွဲသည်ကို တွေ့ရမြင်ရခဲ လှသည်။

သူလက်ခံထားသည့်ဝါဒမှာ အရာရာကို ငါတစ်ယောက်တည်း မလုပ်နိုင်ဆိုခြင်းပင်ဖြစ်သည်။ အောင်မြင်ချင်လျှင် လူလိုသည်။ လူကောင်းတွေမွေးပြီး လူတော်ကို ထုတ်သုံးနိုင်ရမည်။ ကိုယ်တိုင်လည်း အစွမ်းပြရှေ့ဆောင်ပြီး နောက်ကလိုက်လာသည့် အကြံကောင်းဉာဏ်ကောင်းများကိုလည်း သုံးသပ်ဝေဖန် လက်ခံနိုင်စွမ်း ရှိရမည်။ လုပ်ငန်းတစ်ခုတွင် ခေါ်ခန့်ထားသည့် အလုပ်သမားတိုင်းကို ရုပ်သေးရုပ်လိုသဘောထား၍ မရ။ ကြိုးဆွဲတိုင်းကနိုင်မှသာ ချီးမြှောက်မည်ဟု သဘောထားလျှင် မှားမည်။ ငါမှသာ ဤအလုပ်မျိုး လုပ်နိုင်သည် ဆိုသော အတူမရှိ အတုမရှိစိတ်ဓာတ်ရှိသူမျိုးနှင့် မအောင်မြင်နိုင်ပါ။

**သူများစိတ်ထဲ ဝင်ကြည့်တတ်သူ**

စတိဗ်ဂျော့စ်သည် အထူးဆန်းဆုံးသော ပစ္စည်းများကို တီထွင်တတ်သူဖြစ်ပါသည်။ သူက ပစ္စည်းတစ်ခုကို တီထွင်ပြီးတိုင်း တီထွင်သူဘက်ကမကြည့်တတ်ဘဲ သုံးစွဲသူဘက်ကဝင်ပြီး ခံစားကာ သုံးစွဲကြည့်တတ်သည်။ သူတီထွင်ထားသည့် ပစ္စည်းကို အခြားကုမ္ပဏီများက ပစ္စည်းများနှင့် နှိုင်းယှဉ်ကြည့်တတ်သည်။ သူ့အမြင်က ရှင်းသည်။ စိတ်ကူးချင်းတူလျှင်ပင် သုံးစွဲသူတို့ဘက်က ခံစားချက်ချင်း မတူစေရန်၊ နှစ်သက်မှုချင်း ကွဲပြားစေရန် လုပ်ပေးတတ်သည်။ သူက ကိုယ်ချင်းစာစိတ်ကို တီထွင်မှုအတွင်း ထည့်သွင်းပေးတတ်သည်။ ပစ္စည်းချင်း ယှဉ်သုံးလိုက်လျှင်ပင် သူ့ပစ္စည်းကိုသာ ရွေးချယ်လာစေရန် စိတ်စေတနာကိုထည့်ထားတတ်သူဖြစ်သည်။

**အကောင်းဆုံးကို လုပ်တတ်သူ**

စတိဗ်တစ်ယောက် Apple ကို ကျောခိုင်းသွားခဲ့ရသည့် ကာလတစ်ခု ရှိခဲ့ဖူးပါသည်။ သူက NeXT ဆိုသည့် ကုမ္ပဏီကို ကိုယ်ပိုင်အဖြစ် ထူထောင်သည်။ NeXT ကိုလည်း အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့သည်။ သူထွက်သွားပြီး Apple အနည်းငယ်ယိုင်သွားသည်။ NeXT ကထုတ်သည့် ပစ္စည်းများနှင့် ရုပ်သံလိုင်းအတွက် တီထွင်မှုများ ပေါက်နေချိန်တွင် Apple က သူ့ကို ပြန်ခေါ်ရသည်။ သူပြန်လာမှ iPod, iPad, iPhone တွေ တန်းစီထွက်လာပြီး လူတွေကလည်း စိတ်ဝင်စားစွာ အားပေးကြသည်။ သူ့စိတ်ကူး iPad ကို ဒေါ်လာ ၁၀၀၀ ဆိုလည်း ပေးသုံးပါမည်ဆိုပြီး တန်းစီတိုးနေကြသည်။

iPad လို တက်ဘလက်တွေကို ပြိုင်ဘက်တွေ လိုက်ထုတ်ကြသည်။ ဈေးကလည်း ထက်ဝက်ခန့် သက်သာသည်။ သို့သော် Apple ထုတ် iPad ကိုသာ လူတွေက စိတ်ဝင်စားကြသည်။ သူ Apple ကို ပြန်လာမှ ရှယ်ယာ ဈေးတွေလည်း ခုန်တက်သွားပြီး အောင်မြင်မှုတွေ ထပ်ရလာသည်။ စတိဗ် ဂျော့စ်ဆိုသည်မှာ မည်သို့သောသူ ဖြစ်ကြောင်း အားလုံးနားခဲ့ကြတော့သည်။

**ပြိုင်ဘက်ကို မတိုက်တတ်သူ**

iPhone ကိုထုတ်ပြီး အောင်မြင်နေချိန်တွင် ကွန်ပျူတာဂိမ်းတွေလည်း ရေပန်းစားလာပြီး လိုက်တီထွင်နေကြသည်။ သို့သော် Apple သည် ကွန်ပျူတာဂိမ်း လမ်းကြောင်းနောက်ကိုမလိုက်ပေ။ ထိုအချိန်တွင် Napster ကုမ္ပဏီက သီချင်းတွေထုတ်လွှင့်နေပြီး အလကားပေးနေသည်။ သီချင်းတွေကို လူတွေဘာနှင့် နားထောင်ကြမည်နည်း။ Apple က နောက်တစ်ဆင့်ဆက်ပြီး "Walkman" ဆိုသည့် သီချင်းများ သိုမှီးထားပြီး ဖွင့်နားထောင် နိုင်သော iPod ကို တီထွင်လိုက်သည်။ iPod ကိုထွင်ပြီး အွန်လိုင်းတွင် Apple က သီချင်းရောင်းသည်။ ပိုပြီး အောင်မြင်သွားပြန်သည်။ Apple မူက Think Different ဖြစ်သည်။ သူတို့ကုမ္ပဏီ၏ ဆောင်ပုဒ်လည်းဖြစ်သည်။ သူ့ဝါဒက ရှင်းသည်။ ပြိုင်ဘက်ကို မတိုက်။ ပြိုင်ဘက်နှင့် မတူအောင် ဖန်တီးနိုင်ရေးသာဖြစ်သည်။

**ကျန်းမာရေးအကြောင်းမပြတတ်သူ**

စတိဗ်ကို ကျန်းမာရေးအကြောင်းပြပြီး ဟိုရှောင်သည်ရှောင်လုပ်တတ်သူတစ်ယောက် မဟုတ်ကြောင်း တွေ့ရသည်။ သူက ဆရာဝန်ကိုပြပြီး ဟိုဟာရှောင်ခိုင်း၊ သည်ဟာဆောင်ခိုင်းတတ်တာတွေကိုလည်း အလွန်မုန်းသည်။ ထို့ကြောင့် ဆေးခန်းလည်းမသွား၊ ဆရာဝန်လည်းမပြ။ သူ့ရောဂါဝေဒနာကို သူကျိတ်မှိတ်ခံစားသည်။ သူ့တွင် ကင်ဆာဖြစ်နေမှန်း သိလိုက်ချိန်တွင် ရောဂါက ကျွမ်းသလောက်ဖြစ်နေပြီ၊ သူက အလွန်ခေါင်းမာသူ ဖြစ်သောကြောင့် ကုသမှုလည်းမခံခဲ့ပေ။ အကယ်၍သာ ကျန်းမာရေး ဂရုစိုက်ပြီး ကင်ဆာဖြစ်နေမှန်း သိ၍ ကုသမှုခံယူမည်ဆိုလျှင် ပိုပြီး အသက်ရှည် ကောင်းရှည်နိုင်သည်။

**အောင်မြင်မှုကို မကျေနပ်နေတတ်သူ**

Apple ကုမ္ပဏီအနေနှင့် မိုဘိုင်းလ်ဖုန်းလောကကို နှစ်ပေါင်းများစွာ စိုးမိုးနိုင်စွမ်းရှိသွားခဲ့သည်။ Apple ဘာကြောင့် အောင်မြင်ရကြောင်းကို ပြိုင်ဘက်ကုမ္ပဏီများဖြစ်သည့် Motorola, Sony, HTC တို့ကလည်း နောက်က တကောက်ကောက်လိုက်ကြည့်သည်။ သူတို့လည်း လိုက်ပြီး တီထွင်သည်။ တုပကြသည်။ သို့သော် Apple ကို ကျော်လွန်သွားအောင် မလုပ်နိုင်ကြပေ။ Apple ကိုလိုက်ပြီး ပြိုင်နေသောကုမ္ပဏီပေါင်း ၈ ခုခန့်ရှိသည်။ နှစ်ပေါင်းများစွာ သာလွန်စေရန် လိုက်ပြီး မလုပ်နိုင်ခြင်းမှာ ထူးခြားသည်ဟု ဆိုရမည်။ နောက် ပိုင်း Google နှင့် Samsung ကုမ္ပဏီတွေ ထပ်တိုးလာသည်။ သို့သော် Apple ကို ပြိုင်ပြီး ကျော်လွှားအောင် မလုပ်ဆောင်နိုင်ကြသေးပေ။ ယနေ့အထိ Apple ထုတ် iPhone တွေက ထိပ်ပိုင်းတွင် စိုးမိုးထားသည်။ စတိဗ် ကွယ်လွန်သွားသော်လည်း သူ့ရဲဘော်ရဲဘက်တွေက ကြိုးစားသည်။ အောင်မြင်မှုကို ရောင့်ရဲမတင်းတိမ်တတ် ခြင်းမှာ စတိဗ်၏ လမ်းစဉ်သာဖြစ်ပြီး သူတို့ ထိုလမ်းကြောင်းအတိုင်းဆက်သွားကြသည်။

စတိဗ် ဂျော့စ်နှင့် Apple အောင်မြင်မှုကို ပြန်ပြီး သုံးသပ်ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်၊

သူများကို လိုက်မတိုက်၊ ကိုယ့်အဖွဲ့၏ ဆုံးရှုံးမှုတွေကိုလည်း မဝေဖန်။ ဘာတွေပြောင်းလဲလုပ်ဆောင်ရမည် ဆိုခြင်းကို အားလုံးသိအောင် ထုတ်ပြန်ပေးထားပြီး ဝိုင်းဝန်းအကောင်အထည်ဖော်ကြသည်။ တစ်နည်းပြောရလျှင် လူတိုင်း၌ရှိသည့် အိပ်မက်များကို လေးစားတန်ဖိုးထားပြီး အိပ်မက်တွေကို ဖော်ထုတ်ခွင့်ပေးထားသည်။ Apple အောင်မြင်မှုမှာ သူတို့အဖွဲ့သားအားလုံး မာန်မာနကင်းစင်ကြခြင်းဖြစ်သည်။ စတိဗ်ဂျော့စ်ကအစ သူ့ နောက်လိုက်အားလုံး မာန်မာနမရှိ၊ တစ်ယောက်စကား၊ တစ်ဦးစိတ်ကူးကို တစ်ဦးက နားထောင်ပေးကြသည်။

Apple တွင် လူတိုင်းစိတ်ကူးခွင့်ရှိသည်။ လူတိုင်း တီထွင်ခွင့်ရှိသည်။ လူတိုင်း ဖော်ထုတ်တင်ပြခွင့်ရသည်။ သို့သော် သူတို့ကုမ္ပဏီမူက လူတိုင်းဝေဖန်ထောက်ပြပိုင်ခွင့်နှင့် လူတိုင်း ဝေဖန်ထောက်ပြမှုကို ကြောင်းကျိုး ခိုင်လုံလျှင် လက်ခံပိုင်ခွင့်ကိုလည်း သတ်မှတ်ထားသည်။ ထိုမူကို စတိဗ်ရှိစဉ်ကတည်းက လက်ခံထားသည်။ တစ်ခုခုကို တင်ပြလိုက်လျှင် ဝေဖန်သုံးသပ်သည့် အမြင်များဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြမည်သာ ဖြစ်သည်။ အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့သည်များ ရှိသလို ကျဆုံးသွားခဲ့ရသည်များလည်း ရှိတတ်ပါသည်။

Apple မူဝါဒတစ်ခုကို ပိုပြီးနှစ်သက်မိသည်။

"ဝေဖန်ထောက်ပြမှုများကို ကျော်လွှားနိုင်သရွေ့ ဘယ်တော့မှ စိတ်ပျက်စရာမလို" ဖြစ်သည်။ သူတို့ ရပ်တည်နိုင်ခြင်းမှာ သူများ မဝေဖန်မီကတည်းက သူတို့အဖွဲ့အတွင်း ပြီးပြတ်သည်အထိ ဝေဖန်သုံးသပ်ပြီးမှ ပစ္စည်းများကို ဈေးကွက်ထုတ်တတ်ခြင်းပင်ဖြစ်သည်။

■ **(Ref : Forbes)**

ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက လူ့ဘဝတွင် အကျိုးရှိရှိမည်သို့နေထိုင်ရမည်ကို သိရှိနိုင်စေရန်အတွက် ဟောကြားလျက်ရှိသော ‘ဘဝဖြောင့်ကြောင်း တစေ့တစောင်း’ တရားတော်ကို The Voice Weekly တွင် အပိုင်း ၃၃ အထိ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ The Voice Weekly တွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဖော်ပြနိုင်ခြင်းမရှိသဖြင့် ရပ်နားထားခဲ့သော အဆိုပါ ‘ဘဝဖြောင့်ကြောင်း တစေ့တစောင်း’ တရားတော်ကို The Voice Daily နေ့စဉ်သတင်းစာတွင် အပိုင်း ၃၄ မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့၌ ပုံမှန်ပြန်လည်ဖော်ပြသွားမည်ဖြစ်ပါကြောင်း စာဖတ်သူများကို လေးစားစွာအသိပေးအပ်ပါသည်။ အယ်ဒီတာ

ယမန်နေ့က အဆက်

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၅၀)

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

အရင်တုန်းက လမ်းဘေးမှာ။ အဲ့ဒီလိုကနေ တစ်ဆင့်တစ်ဆင့် တက်ပြီးတော့ တည်တည်တံ့တံ့ ခိုင်ခိုင်ခံ့ခံ့ ဆိုင်ကြီးတွေဖြစ်ရင် ကောင်းမှာပေ့ါ။ အခုလုပ်ထားတဲ့ အခြေအနေကတော့ လမ်းဘေးမှာ ဒီဘက်မှာရောင်း။ ပြည်တော်သာကို မမီပေမယ့် ပြည်တော်သာစီမံကိန်းဆိုတာ တကယ့် တကယ် အုတ်ကြီးတွေနဲ့ ဒီရွာမှာ ဒီဈေးမျိုးရှိတာကိုက အံ့စရာကောင်းလောက်အောင် ဆိုတာမျိုးထိ သွပ်မိုးနဲ့ဘာနဲ့ အဲ့လိုမျိုးကြီး ကောင်းကောင်းမွန်မွန်။ အဲ့ဒီကနေ ယုတ်လျော့သွားလိုက်တာ လမ်းဘေးမှာ ဝါးလေးတွေရိုက် ရိုက် ရိုက်ရိုက်ပြီးတော့ အသားလေးတွေနဲ့ ဝါးလေးတွေရိုက်ခင်းပြီး အဲ့ဒီ အပေါ်မှာ ဟင်းရွက်ကန်စွန်းတင်ပြီး ရောင်းရတဲ့ အဆင့်ရောက်သွားတယ်။ အခုတော့ သူ့ဆိုင်လေးတွေနဲ့သူ ဖြစ်သွားပါပြီ။ ဆိုင်ထိုင်ပြီး ရောင်းရတယ်။ အမိုးနဲ့အကာနဲ့ ပြီးရင်ပိတ်တယ်သိမ်းတယ်။ အရင်တုန်းက ဘယ်အဲ့ဒီလိုရှိမှာတုံး။ အဲ့ဒီတော့ ဒီဈေးဆိုင်တန်းကိုမြင်ပြီးတော့ ဘုန်းဘုန်းက ဘဝကြီးမှာ ပြောင်းရွှေ့နေတာကို လက်ခံသွားတယ်။ ပြောင်းလဲနေတာကိုလည်း နားလည်သွားတယ်။ ပြောင်းရွှေ့နေတာက တစ်နေရာကတစ်နေရာကို ပြောင်းရွှေ့တာ လက်ခံတာ။ ပြောင်းလဲသွားတာက မြင့်ရာကနိမ့် နိမ့်ရာက မြင့်ရာကို ပြောင်းလဲတယ်ခေါ်တာပေ့ါ။ အဲ့ဒီလိုမျိုးကိုလည်း နားလည်သွားတယ်။ အဲ့ဒါနဲ့တင် ကိုယ်ရော နေရာမပြောင်းရွှေ့ဘူးလား။ ကိုယ့်ဘဝရော နေရာမပြောင်းရွှေ့ဘူးလား။ အရပ်ဒေသ ပြောင်းရွှေ့သလိုဟို လူ့ဘဝကနေ အင်ဂျင်နီယာဘဝကနေပြီးတော့ အခုရဟန်းဘဝ ပြောင်းရွှေ့တာမျိုး။ ဒါ ပြောင်းရွှေ့တယ်ခေါ်တာပေ့ါ။ ဒါမှမဟုတ်ရင် ကိုယ်ရော။

ဒီဈေးဆိုင်တန်းကို ကြည့်ပြီးတော့ ဈေးဆိုင်တန်းတွေဟာ ပြောင်းရွှေ့နိုင်သလို ပြောင်းလဲနိုင်တယ်။ ပြောင်းလဲနိုင်သလို ပြောင်းရွှေ့နိုင်တယ်။ ကိုယ်ရော ငယ်တုန်းကစဉ်းစားတာ အဲ့ဒီ ကိုးတန်း၊ ဆယ်တန်းလောက်တုန်းက စဉ်းစားတာ။ အင်ဂျင်နီယာဖြစ်လာတုန်းက စဉ်းစားတာ။ ကိုယ့်ဘဝရော မပြောင်းရွှေ့ဘူးလား ပြောင်းရွှေ့မှာ။ မပြောင်းလဲဘူးလား ပြောင်းလဲမှာပဲ။ ဒါဖြင့် ပြောင်းလဲရင် ကောင်းရာကနေ ဆိုးရာကိုလည်း ပြောင်းလဲတယ် ခေါ်တာပဲ။ ဆိုးရာကနေ ကောင်းရာကိုလည်း ပြောင်းလဲတယ် ခေါ်တာပဲ။ အဲ့ဒီမှာတင် ဘယ်လိုကောင်းအောင် ပြောင်းမလဲ။ ဘာလို့ ဒီလိုကြီး ဆိုးတဲ့အခြေအနေကို ပြောင်းလဲမလဲ။ ကောင်းသည်ထက်ကောင်းအောင် ပြောင်းလဲရမယ်။ အင်းကိုယ့်ကိုယ်ကိုယ် စဉ်းစားတာပါ။ ဒီမြင်တဲ့ မြင်ကွင်းအပေါ်မူတည်ပြီးတော့ ကိုယ့်မှာ ဒီအသိလေး ပေါ်လာတာပေ့ါ။ မလွဲမသွေ ပြောင်းလဲရမှာ။ မလွဲမသွေ ပြောင်းရွှေ့ရမှာ။ ပြောင်းရွှေ့တာကို ဘယ်သူမှတားမရသလို ပြောင်းလဲတာကိုလည်း ဘယ်သူမှ တားလို့မရဘူး။ ဒါပေမဲ့ ပြောင်းလဲပုံ ပြောင်းလဲနည်းကျတော့ မြင့်ရာက နိမ့်ရာကို ပြောင်းသွားတာ ရှိသလို နိမ့်ရာကမြင့်ရာကို တက်သွားတာမျိုးလည်းရှိတယ်။ ကောင်းရာက ဆိုးရာကို ပြောင်းသလို ဆိုးရာကနေ ကောင်းရာကို ပြောင်းသွားတာလဲရှိတယ်။ အဲ့ဒီတော့ ကိုယ်ဘယ်လိုအပြောင်းခံမလဲ။ ကိုယ့်ဘဝကြီးကို။ အေးဘုန်းဘုန်းဘဝ အခုလို အခြေအနေလေး ဖြစ်လာတာ သာသနာ့ဘောင်မှာ သီလ၊ သမာဓိ၊ ပညာ ကျင့်ကြံကြိုးကုတ် အားထုတ်ရတဲ့ တစ်ဦးတစ်ယောက် တစ်ပါးအနေနဲ့ ဖြစ်လာတယ်ဆိုတာ ဒါတိုးတက်တယ် ခေါ်တာပဲ။ သီလ၊ သမာဓိ၊ ပညာ တန်ဖိုးထားရင် တိုးတက်တယ်ခေါ်တာပေ့ါ။ အဲ့ဒီလိုမျိုး မြင့်အောင် ပြောင်းလာတဲ့ အပြောင်းအလဲကို ဖြစ်အောင် ဘယ်အကြောင်းလေးက ထောက်ပံ့လိုက်တာလဲဆိုတော့ ဒီအခုမြင်ကွင်းပဲ။


ဓာတ်ပုံ-The Voice

ဈေးသည်တွေ နေရာပြောင်းတာရော ဈေးသည်တွေရဲ့ အဆင့်အတန်း ပြောင်းလဲတာရော။ အဲ့ဒါ ဘုန်းဘုန်းရဲ့မြင်ကွင်းပဲ။ အဲ့ဒီမြင်ကွင်းလေး မြင်လိုက်ရလို့ကို သြော် ငါ့ဘဝကို ပြောင်းတော့ပြောင်းရွှေ့မှာ။ ဘယ်သူကပို့မှာလဲ ကံပို့ရာ ပြောင်းရွှေ့ရမှာ။ ဒါမှမဟုတ်ရင် ပဋိရူပဒေသဝါသောစ သင့်တင့်လျောက်ပတ်တဲ့ အရပ်ကိုရှာရင်းနဲ့ ပြောင်းရွှေ့ရမှာ။ ကိုယ်ကိုယ်တိုင်ရွှေ့လို့လည်း ပြောင်းရွှေ့တာရှိသလို ကံတွန်းပို့လို့လည်း ပြောင်းရွှေ့တာရှိတာပဲ။ ဒါကို လက်ခံသွားတယ်။ လူတိုင်းလူတိုင်း ကြည့်လေ ဒီအသိလေးဟာ အမြင်ချင်းမတူပေမယ့် အမြင်တော့ရှိကြမှာပဲ။ အသိချင်းမတူပေမယ့် အသိတော့ရှိကြမှာပဲ။ အတွေ့အကြုံချင်း မတူပေမယ့် အတွေ့အကြုံတော့ ရှိကြမှာပဲ။ ခံစားချက်ချင်း မတူပေမယ့် ခံစားချက်တော့ ရှိကြမှာပဲ။ ဒီအမြင်၊ ဒီအသိ၊ ဒီအတွေ့အကြုံ၊ ဒီခံစားချက်တွေနဲ့ ကိုယ်နေရာပြောင်းတယ်လေ။ မွေးတဲ့နေရာမှာပဲ ငုတ်တုတ်ကြီး ထိုင်နေတာမျိုးမှ မဟုတ်တာ။ ငယ်တုန်းက နေရာမှာပဲ တစ်သက်လုံးနေသွားတဲ့သူ ရှိသလို မနေဘဲ ပြောင်းရွှေ့တဲ့သူတွေလည်း ရှိတာပဲ။ ဒါ သဘာဝတရားပဲ။ အဲ့ဒီလိုပဲ အသက်ငယ်ရွယ်လတ်ကြီး အသီးသီးဖြစ်လာတယ်ဆိုတာက ဒါပြောင်းလဲလာတာလို့ မခေါ်ဘူး ပြောင်းလာတာလို့ပဲ ခေါ်တယ်။ ပြောင်းလဲတယ်ဆိုတာက ဒီလိုကောင်းလာလိုက် ဒီလိုဆိုးသွားလိုက်။ ဒီလိုဆိုးလာလိုက် ဒီလိုကောင်းသွားလိုက်။ ကောင်းလိုက်ဆိုးလိုက် ဆိုးလိုက်ကောင်းလိုက်မှာ ကိုယ်ကောင်းသည်ထက် ကောင်းအောင် သွားတာမျိုးကို ပြောင်းလဲစေချင်တာ။

ကိုယ့်ကိုယ်ကိုယ် အဲ့ဒီလိုပြောင်းလဲချင်တော့ ကိုယ့်ညီအစ်ကိုမောင်နှမတွေရော။ အဲ့ဒါကြောင့်မို့ ဘုန်းဘုန်း စာကြိုးစားဖြစ်တာ။ ကောင်းသည်ထက်ကောင်းအောင် ကိုယ်ပြောင်းလဲချင်သလို။ ဟို အင်ဂျင်နီယာဖြစ်တာလည်း အဲ့ဒါကြောင့် ပါတာပေ့ါ။ ကိုယ့်မိဘတွေကိုလည်း မိဘရဲ့ဘဝကိုလည်း ကောင်းသည်ထက်ကောင်းအောင် ပြောင်းလဲစေချင်တာ။ ကိုယ်ကိုယ်တိုင် ပြောင်းလဲမှ ရမှာပေ့ါ။ ကိုယ်ကောင်းလာမှ ရမှာပေ့ါ။ တကယ်ပြောဖြစ်ရင် ဘုန်းဘုန်းတို့အရပ်ဆိုတာ ပြောကြတာပေ့ါလေ။ အရက်သောက်တဲ့သူတွေလည်းရှိတာ၊ ဖဲရိုက်တဲ့သူတွေလည်းရှိတာ။ ပေ့ါပေ့ါနေတတ်တဲ့သူတွေလည်း ရပ်ထဲရွာထဲ ရှိတာကို။ အဲ့ဒီလို အသိုင်းအဝိုင်းမှာနေရင် အဲ့ဒီလိုတွေပဲ ဖြစ်မှာဆိုရင် သွားပြီပေ့ါ ကိုယ့်ဘဝက။ အနိမ့်ကို ထိုးကျပြီး ပြောင်းသွားပြီပေ့ါ။ ဒါပေမဲ့လို့ အဲ့ဒီလိုဈေးဆိုင်တန်းတွေ ပြောင်း ဈေးရောင်းတဲ့ကြီးတော်တွေ အဒေါ်တွေ ပြောင်းတာကိုကြည့်ပြီးတော့ ပြောင်းလဲတာကို ကြည့်ပြီးတော့ ကောင်းတဲ့ဘက်ကိုပဲ ကောင်းသည်ထက်ကောင်းအောင် ပြောင်းလဲချင်တဲ့စိတ်ကလေးကြောင့် စာကြိုးစားလာတယ်၊ အလုပ်ကြိုးစားလာတယ်။ ကိုယ်ပြောင်းလဲသလိုမျိုး မိဘတွေ ကောင်းသည်ထက်ကောင်းအောင် ပြောင်းလဲစေချင်တယ်။ ကိုယ်ကောင်းအောင် ပြောင်းလဲသလိုမျိုး ညီအစ်ကိုမောင်နှမတွေ ကောင်းသည်ထက်ကောင်းအောင် ပြောင်းလဲစေချင်တယ်။ အဲ့ဒီစိတ်ကလေး ပေါ်လာတာ။ အဲ့ဒီစိတ်ကလေး ပေါ်လာတာ ဒီအကြောင်းပေ့ါ ဒီအာရုံ ဒီအသိကြောင့်ပေ့ါ။ ဒီဈေးသည်တွေရဲ့အခြေအနေကို ကြည့်ပြီးတော့ ကိုယ်ပြောင်းတာ။ ဒါက ဘုန်းဘုန်းက ဈေးသည်တွေကြည့် ပြောင်းတာပေ့ါလေ။ တချို့ကတော့ ကိုယ့်ရပ်ကိုယ့်ရွာမှာ ဈေးသည်ရှိမှာပဲ။ ရှိကြည့် ပြောင်းလည်းရတယ် ဈေးသည်မကြည့်ဘဲ တခြားလူတစ်ယောက်ကြည့်ပြောင်းလည်း ရတယ်။

မိသားစုတွေကို လှေ့လာကြည့်။ ဒီမိသားစု အဖေ အမေလက်ထက်တုန်းက အောင်မြင်တယ်။ သားသမီးကျ ဆုတ်ယုတ်တယ်။ ဒီမိသားစု မိဘလက်ထက်ကျတော့ဆုတ်ယုတ်ပြီးတော့သားသမီးလက်ထက်ကျတော့ တိုးတက်တယ်။ ကိုယ်မြင်လို့ရတာပေ့ါ။ အဲ့ဒီတော့ ကိုယ်ဘယ်လိုပြောင်းမလဲ။ ကောင်းတဲ့ဘက်ကို ပြောင်းမယ်။ ကောင်းတဲ့ဘက်ကို ပြောင်းချင်ရင် ဘာအဓိကကျလဲ။ ပြောင်းလဲနေတာလေးကို မြင်ရတယ်။ ပြောင်းရွှေ့တာနဲ့ ပြောင်းလဲတာနဲ့ မတူဘူး။ ပြောင်းရွှေ့တဲ့သဘောရှိသလို ပြောင်းလဲတဲ့သဘောရှိတယ်။ ပြောင်းလဲတာလေးကို မြင်ပြီးတော့ ကောင်းရာက ဆိုးရာ ပြောင်းလဲသွားတာရှိတယ်။ ဆိုးရာကကောင်းရာကို ပြောင်းလဲသွားတာရှိတယ်။ ငါကတော့ဟေ့ ဆိုးရာကနေ ကောင်းရာပဲ ပြောင်းချင်တဲ့စိတ် နိမ့်ရာကနေ မြင့်ရာကိုပဲ ပြောင်းလဲကို ပြောင်းလဲရမယ်ဆိုတဲ့စိတ်ဓာတ် အဲ့ဒီစိတ်ဓာတ်ကလေးက အရေးကြီးတာ။ အဲ့ဒီစိတ်ဓာတ်ကလေး ဖြစ်လိုက်ဖို့ အရေးကြီးတာ။ အဲ့ဒီစိတ်ဓာတ်ကလေး ဖြစ်လာတော့မှ ငါကတော့ အများလိုမျိုး တဖြည်းဖြည်း လျှောကျနိမ့်ကျတဲ့ ပြောင်းလဲမှုမျိုးတော့ အဖြစ်မခံဘူး။ တိုးတက်အောင် ဘယ်လိုလုပ်မလဲ။ ပညာရေးဆို ပညာရေးကို တိုးတက်အောင် လုပ်ရတော့မှာ။ လူမှုရေးဆို လူမှုရေးတိုးတက်အောင် လုပ်ရမှာ။ စီးပွားရေးဆိုရင် စီးပွားရေးတိုးတက်အောင် လုပ်ရမှာ။ ကိုယ့်အရေးအရာပေ့ါလေ။ ကျန်းမာရေးဆိုရင် ကျန်းမာရေးတိုးတက်အောင် လုပ်ရမှာ။ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး အရေးအရာတွေအားလုံးကို ကိုယ်မပြောင်းလဲလည်း ပြောင်းလဲမှာပဲ။ ကောင်းအောင်ပြောင်းလဲမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့သာ ပြောင်းလဲရင် ကောင်းသည်ထက်ကောင်းအောင် ပြောင်းလဲတယ်။

အဲ့ဒါလေးတော့ ဘုန်းဘုန်းက ဒီဈေးတန်းကုန်းဒီဘုရားအနောက်ပေါက် အခုလိုဆိုရင်တော့ ညောင်ပင်ပတ်ချာလည်ပြီးတော့ တောင်ရိုးဈေးပေ့ါ။ ဒါလေးကြည့်ပြီးတော့ စိတ်ထဲက ဘယ်လောက်ဖြစ်တုံးဆိုတော့ ကိုယ့်ရပ်ကိုယ့်ရွာမှာလည်းပဲ ခုဆိုရင်တော့ တော်တော် တိုးတက်သောအားဖြင့် ပြောင်းလဲလာကြပါပြီ။ ငယ်တုန်းက ဘယ် ကွန်ကရစ်လမ်းတွေ ဘယ်ရှိဦးမှာတုံး။ ရှိလာပြီ။ ငယ်တုန်းက ကတ္တရာလမ်း ဘယ်ရှိမှာတုံး။ ရှိလာပြီ။ ငယ်တုန်းက တိုက်အိမ် ဘယ်ရှိကြမှာတုံး ရပ်ထဲရွာထဲ။ အခု ရှိလာပြီ။ ဘာပဲပြောပြော အဲ့ဒီလိုပြောင်းလဲလာတာလေးကိုက ကိုယ်ကိုယ်တိုင်ကိုက တိုးတက်မှုအနေနဲ့ ပြောင်းလဲချင်လို့လား မသိဘူး။ တိုးတက်ပြောင်းလဲလာတာကို ကြည့်ပြီးတော့ စိတ်နှလုံး သာယာတာပေ့ါ။ ငါဘာကူပေးရမလဲ ငါဘာလုပ်ပေးရမလဲ။ ကိုယ့်ကိုယ်ကိုယ်လည်း ကိုယ်အားပေးပြီးတော့ ကောင်းတဲ့ဘက် တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်သလို ကိုယ့်ညီအစ်ကို မောင်နှမ ဆွေမျိုးသားချင်းတွေလည်းပဲ တိုးတက်ပြီး ပြောင်းလဲတာမျိုးဖြစ်အောင် ကူညီပေးတာ။ ကိုယ့်ရပ်ကိုယ့်ရွာလည်း ဒီလိုပဲ ကူညီပေးချင်တာ။ ကူညီပေးတာပါပဲ။ ကိုယ့်ရပ်ကိုယ့်ရွာကိုတောင် တိုးတက်ပြောင်းလဲချင်တယ်ဆိုရင် ကိုယ့်မြို့ ကိုယ့်နိုင်ငံတော့ ပြောမနေနဲ့တော့။ တိုးတက်ပြောင်းလဲချင်တဲ့စိတ် ရှိတာ။

အဲ့ဒီတော့ ကိုယ်ရှိသလို ကိုယ်လည်းပဲ နိုင်သလောက် တိုင်းပြည်အထိ နိုင်ငံလူမျိုးအထိ တိုးတက်ပြောင်းလဲအောင် ကူညီသလို ဒီအသိလေးတွေနဲ့များ ဒီအသိလေးတွေများ ထပ်တူဆင့်ပွား ကူးပြီးတော့ ဘုန်းဘုန်းလိုမျိုး။ ဘုန်းဘုန်းလိုမျိုး ဆိုတာထက် ဘုန်းဘုန်းထက်သာတဲ့အသိစိတ်ဓာတ်တွေနဲ့များ ကိုယ့်ကိုယ်ကိုယ်ရော ကိုယ့်မိသားစုရော ကိုယ့်ရပ်ကွက်ရော ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်နိုင်ငံ ကိုယ့်အမျိုးဘာသာ သာသနာကို တိုးတက်မှုနဲ့ ပြောင်းလဲအောင် ဝိုင်းပြီး ဆောင်ရွက်ကြရင် တွန်းမချနဲ့။ တွန်းချချင်စိတ် မရှိတော့ဘဲနဲ့ အဲ့ဒီစိတ်ဓာတ်ဆိုးတွေ မရှိတော့ဘဲနဲ့ စိတ်ဓာတ်ကောင်းတွေနဲ့ပဲဆိုရင် ကိုယ်ရော ကိုယ့်နိုင်ငံရော တိုးတက်တာပဲ။ အဲ့ဒါဟာ ဘုန်းဘုန်းဘဝအတွက် အဲ့ဒီစိတ်ကလေး ဝင်လာတာဟာ ဘဝဖြောင့်ကြောင်း တစေ့တစောင်းပါပဲ။ ဖြောင့်သည်ထက်ဖြောင့်အောင် သွားဖို့ရာ ဒီစိတ်ဓာတ် အရေးကြီးပါတယ်။ တိုးတက်သော ပြောင်းလဲမှုမျိုးဖြစ်ဖို့ တွန်းချတဲ့စိတ်ဓာတ်တွေ ကင်းပြီးတော့ ဝိုင်းဝန်းဆောင်ရွက်ကြသဖြင့် တစ်ဦးကလည်း တိုးတက်ပြောင်းလဲ အများကလည်း တိုးတက်ပြောင်းလဲ တစ်နိုင်ငံလုံးလည်း တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်နိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း။ ■

**ဓမ္မဒူတအရှင်ဆေကိန္ဒ**




# ဒူတာတေးအပေါ် ယုံကြည်မှုနှုန်း အနည်းငယ်ကျဆင်းလာကြောင်း စစ်တမ်းကပြသ

**မနီလာ၊ ဧပြီ ၅**

ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏ ကြမ်းတမ်းသော မူးယစ်ဆေးဝါးတိုက်ဖျက်မှုတွင် ဆင်ခြေဖုံးနေ ဆင်းရဲသားများစွာ သေဆုံးခဲ့ရပြီးနောက် ယခုနှစ်သုံးလအတွင်း ၎င်းအပေါ်ယုံကြည်မှုနှုန်း ကျဆင်းလာကြောင်း သဘောထား စစ်တမ်းက ပြသနေသည်ဟု Reuters သတင်းတွင် ဖော်ပြထားသည်။

Pulse Asia စစ်တမ်းက ဖိလစ်ပိုင်ပြည်သူ ၁၂၀၀ ကို မေးမြန်းခဲ့ရာ ခပ်ကြမ်းကြမ်းခေါင်းဆောင်အပေါ် ယုံကြည်ကြောင်း ပြောကြားသူ ၇၆ ရာခိုင်နှုန်း ရှိခဲ့သည်။ ဒူတာတေးအပေါ် ယုံကြည်မှုနှုန်းသည် အစောပိုင်းတွင် ၈၃ ရာခိုင်နှုန်းရှိရာမှ ပထမလေးလပတ်တွင် ၇၈ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ရာမှ ထပ်မံလျော့ကျသွားခြင်းဖြစ်သည်။

မြို့တော်မနီလာနှင့် အကြီးဆုံးလူဝုန်ကျွန်းတို့တွင် သမ္မတအပေါ် ယုံကြည်မှု အမြောက်အမြား ကျဆင်းခဲ့သည်ဟု စစ်တမ်းအဖွဲ့ ဒါရိုက်တာ အန်နာမာရီယာတာဘန်ဒါက ပြောကြားသည်။

သို့ရာတွင် သမ္မတ၏ ဇာတိမြေ မင်နာဒါအိုကျွန်းတွင်မူ ၎င်းအပေါ် ယုံကြည်မှုနှုန်းနှင့် စွမ်းဆောင်မှုနှုန်း နှစ်မျိုးစလုံး မြင့်မားနေဆဲဖြစ်သည်ဟု သူမက ပြောကြားသည်။

ဆင်ခြေဖုံး ကျူးကျော်ရပ်ကွက်များတွင် သွေးစွန်းသော မူးယစ်ဆေးနှိမ်နင်းမှုများကို ရဲတပ်ဖွဲ့က ပြန်လည်စတင်ခဲ့ပြီးနောက်တွင် ယခုစစ်တမ်းလေ့လာမှုကို မတ်လ ၁၅ မှ ၂၀ အတွင်း မျက်နှာချင်းဆိုင် မေးမြန်းမှုနည်းလမ်းဖြင့် လုပ်ဆောင်ခဲ့ရာ ဖြေကြားသူများအား အကြောင်းရင်းကို မေးမြန်းခြင်းမပြုပေ။

ယခုစစ်တမ်းတွင် လူမှုဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ပထမလေးလပတ် တိုးတက်ပြောင်းလဲမှုများက ကြီးမားစွာလွှမ်းမိုးထားပြီး မူးယစ်ဆေးစီမံချက် သတ်ဖြတ်မှုကိစ္စက အဓိကအကြောင်းရင်းဖြစ်သည်ဟု အကဲခတ်လေ့လာသူ အားလ်ပါရီနိုက ပြောကြားထားသည်။

"သတ်ဖြတ်ခံရမှုတွေ အများစုဖြစ်ပွားနေတဲ့ ဆင်းရဲသားအသိုင်းအဝိုင်းတွေမှာ သူတို့ကို ဘယ်တော့ လာသတ်မလဲလို့ ကြောက်ရွံ့နေရတဲ့အတွက် သမ္မတရဲ့ မူးယစ်ဆေးစစ်ပွဲကို စိတ်ပျက်နေကြပါတယ်။ တစ်ဖက်မှာလည်း အထက်လွှာလူတန်းစားတွေက မူးယစ်ဆေးပြဿနာတွေ၊ ရာဇဝတ်မှုထူပြောမှု ပြဿနာတွေကနေ ပိုမိုလုံခြုံမှုရှိလာတယ်လို့ ခံစားရတဲ့အတွက် မူးယစ်ဆေးစစ်ပွဲကို အမှန်တကယ်အားပေး ထောက်ခံနေကြပါတယ်" ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

လာမည့်လေးလပတ် ထောက်ခံမှုနှုန်းစစ်တမ်းတွင်မူ အစိုးရအဖွဲ့အတွင်း ရာထူးရွှေ့ပြောင်းမှုများ၊ အလုပ်အကိုင်နှင့် ကုန်စျေးနှုန်းကိစ္စများက အဓိက လွှမ်းမိုးဖွယ်ရှိသည်ဟု ဆိုသည်။

ဇွန်လက ဒူတာတေး အာဏာရလာပြီးနောက် မူးယစ်ဆေးစစ်ပွဲအတွင်း လူပေါင်း ၈၀၀၀ ကျော်သေဆုံးခဲ့ရာ ရဲတပ်ဖွဲ့က ၎င်း၏လက်ချက်မှာ သုံးပုံတစ်ပုံမျှသာရှိပြီး စစ်ဆင်ရေးအတွင်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခဲ့ရခြင်းဖြစ်သည်ဟု ခုခံပြောဆိုခဲ့သည်။

ထောင်နှင့်ချီသော သတ်ဖြတ်မှုများတွင် ရဲတပ်ဖွဲ့ ပါဝင်ပတ်သက်နေသည်ဟူသော လူ့အခွင့်အရေး အုပ်စုများ၏ စွပ်စွဲချက်များကို အစိုးရက ငြင်းပယ်ထားသည်။ ■ F-04

# အိန္ဒိယတွင် မွတ်ဆလင်တစ်ဦး အသတ်ခံရမှု နွားစောင့်ရှောက်ရေးအဖွဲ့ လက်ချက်ဟု ရဲတပ်ဖွဲ့ ကောက်ချက်ချ

**နယူးဒေလီ၊ ဧပြီ ၅**

အိန္ဒိယနိုင်ငံ ရာဂျာ့စ်သန် ပြည်နယ်တွင် မွတ်ဆလင်အမျိုးသားတစ်ဦးကို သတ်ဖြတ်ခံရမှုမှာ နွားစောင့်ရှောက်ရေးအဖွဲ့တစ်ဖွဲ့ဖွဲ့၏လက်ချက်ဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ကောက်ချက်ချထားပြီး စုံစမ်းစစ်ဆေးနေကြောင်း BBC သတင်းက ဖော်ပြသည်။

ဧပြီလ ၁ ရက်နေ့က နွားများကို သယ်ဆောင်လာသော ကားသုံးစီးကို လူတချို့က တိုက်ခိုက်ခဲ့ကြသည်ဟု ရဲအရာရှိများက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် လူငါးဦး ထိခိုက်ဒဏ်ရာရခဲ့သူ ငါးဦးကို ဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး ယင်းတို့အနက်မှတစ်ဦးမှာ ဧပြီလ ၄ ရက်နေ့ညက ကွယ်လွန်သွားခဲ့သည်။

ဟိန္ဒူတို့က နွားများကို အလေးအမြတ်ထားပြီး ရာဂျာ့စ်သန်ပြည်နယ်အပါအဝင် ပြည်နယ်အများအပြားတွင် နွားသတ်မှုမှာ တရားမဝင်ပေ။

ယခုဖြစ်စဉ်ကြောင့် မွတ်ဆလင်အမျိုးသား ပါလူခန် သေဆုံးခဲ့ပြီးနောက် အမည်မသိလူများကို လူသတ်မှုဖြင့်ရဲက အမှုဖွင့်ထားကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

"တိုက်ခိုက်သူတွေကို ဖော်ထုတ်နိုင်ဖို့ ဗီဒီယိုဖိုင်ကို စစ်ဆေးနေပါတယ်။ ဒီလူတွေဟာ နွားစောင့်ရှောက်ရေးအဖွဲ့တစ်ဖွဲ့ဖွဲ့က ဖြစ်နိုင်ပါတယ်" ဟု ရဲအရာရှိ ပါမဲလ် ဂူဂျာက ပြောကြားသည်။

သေဆုံးသူ ပါလူခန်၏ ဦးလေးဖြစ်သူ ဟူစိန်ခန်က ၎င်း၏တူမှာ သားသတ်သမားတစ်ယောက်မဟုတ်ကြောင်း၊ နွားမွေးသူသာဖြစ်ပြီး နို့စားနွားမွေးမြူရေးအတွက် နွားများ ဝယ်လာခဲ့ခြင်းသာဖြစ်သည်ဟု BBC သို့ ပြောကြားခဲ့သည်။

ရဲများက ယင်းကားသုံးစီးကိုလည်း ဖမ်းဆီးထားပြီး နွားများတရားမဝင် တင်ဆောင်မှုဖြင့် လူလေးဦးကိုအမှုဖွင့်ထားသည်။

၂၀၁၄ ခုနှစ်တွင် အမျိုးသားရေးဝါဒီ ဘာရတီယာဂျာနတာပါတီ(BJP) အာဏာရပြီးနောက်ပိုင်း ပြည်နယ်အများစုတွင် နွားသတ်မှုပိတ်ပင်သည့် ဥပဒေများ ပြဋ္ဌာန်းလာခဲ့ကြသည်။

နိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် ပြီးခဲ့သည့်လက နွားသတ်မှုကို ထောင်ဒဏ် တစ်သက်တစ်ကျွန်းအထိ ချမှတ်ရန် ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့သည်။

ယင်းအပြင် ပြည်နယ်အများအပြားတွင် နွားစောင့်ရှောက်ရေးအဖွဲ့များက ကိုယ့်တရားကိုယ်စီရင်မှုများ လုပ်လာခဲ့ပြီး ကားများကိုစစ်ဆေးပြီး ကျွဲနွား ကုန်ကူးသူများကို ရိုက်နှက်မှုများရှိခဲ့သည်။ ■ F-03




နွားစောင့်ရှောက်ရေးအဖွဲ့များက မြို့အဝင်အထွက်ဂိတ်ပေါက်များ၌ တက်ကြွစွာစောင့်ကြည့်လျက်ရှိသည်

# ရေငုပ်သင်္ဘောတန်ပြန် စစ်ရေးလေ့ကျင့်မှု ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးတွဲပြုလုပ်




မြောက်ကိုရီးယားရေငုပ်သင်္ဘောတစ်စင်းက ခေါင်းဆောင်ကင်ဂျုံအမ် ကို တင်လာသည်အား တွေ့ရစဉ်

**တိုကျို၊ ဧပြီ ၅**

ကိုရီးယားကျွန်းဆွယ်ဒေသတွင် ရေတပ်သုံးခုပူးပေါင်းပြီး ရေငုပ်သင်္ဘောဖြင့် တိုက်လာလျှင် တန်ပြန်ကာကွယ်တိုက်ခိုက်နိုင်မှုဆိုင်ရာ လေ့ကျင့်ခန်းတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း The Diplomat သတင်းတစ်ရပ်က ဖော်ပြထားသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုကို ဧပြီလ ၄ ရက်နေ့မှ ဧပြီလ ၆ ရက်နေ့အထိ ပြုလုပ်မည်ဖြစ်သည်။

တောင်ကိုရီးယားနှင့် ဂျပန်ကြားရှိ ဂျေဂျူးကျွန်းအနား ရေပြင်တွင် အဆိုပါစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ကြခြင်းဖြစ်သည်။

ရေငုပ်သင်္ဘောရှာဖွေခြင်း၊ ခြေရာခံခြင်း၊ အကာအကွယ်ပြင်ဆင်ခြင်းနှင့် ရေငုပ်သင်္ဘောများကို ခုခံကာကွယ်ခြင်းဆိုင်ရာ လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများစွာပြုလုပ်နေပြီး ယခု ရေငုပ်သင်္ဘောတန်ပြန်ကာကွယ်ရေးလေ့ကျင့်မှုမှာ ၎င်းလေ့ကျင့်မှု၏တစ်စိတ်တစ်ပိုင်းသာဖြစ်သည်။

'ရေတပ်စစ်ဆင်ရေးဆိုင်ရာ စစ်စွမ်းရည်မြင့်လာစေရန်၊ ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန်နှင့် အခြေအနေကို အစဉ်အမြဲသတိမပြတ် ရှိနိုင်ရန်အတွက် အဆိုပါအစီအစဉ်ကို ပြုလုပ်ရခြင်း ဖြစ်ကြောင်း' ကိုရီးယားအခြေစိုက် အမေရိကန် စစ်တပ်က ထုတ်ပြန်ထားသည်။

ကိုရီးယားတပ်က ရဟတ်ယာဉ်များ၊ ဖျက်သင်္ဘောများကို သုံးပြီးစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခဲ့သည်။

ဂျပန်ကလည်း ဖျက်သင်္ဘောတစ်စင်းဖြင့် ယင်းစစ်ဆင်ရေးတွင် ပါဝင်ခဲ့သည်။

သုံးနိုင်ငံပါဝင်သော ရေငုပ်သင်္ဘောတန်ပြန်တိုက်ခိုက်ရေး လေ့ကျင့်ခန်းသည် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးတွင် သဘောတူညီထားခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

၂၀၁၆ ခုနှစ်က အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့သည် ရေကြောင်းရန် ကာကွယ်ရေး စစ်ရေးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် သဘောတူထားပြီးဖြစ်သည်။ ■ F-02

# ဂျာမနီတွင် လူမျိုးရေးမလေ့ ပေါင်းစည်းမှုကိစ္စ ပြန်လည်ငြင်းခုံ၊ အစ္စလာမ်ဥပဒေကို ကန့်ကွက်

**ဘာလင်၊ ဧပြီ ၅**

ဂျာမနီတွင် မွတ်ဆလင်တို့၏ ရပိုင်ခွင့်များနှင့် လိုက်နာရန် စည်းကမ်းများကို ပြန်လည်စိစစ်မည့် အစ္စလာမ်ဥပဒေကို မိတ်ဆက်ရန် အစီအစဉ်မရှိကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် ပြောကြားလိုက်ပြီး စက်တင်ဘာလ ရွေးကောက်ပွဲမတိုင်မီ အဓိပတိ အင်ဂလာ မာကယ်လ်၏မဟာမိတ်များက ဖော်ထုတ်နေသော အိုင်ဒီယာကို ကန့်ကွက်လိုက်သည်ဟု Reuters သတင်းတွင် ဖော်ပြထားသည်။

အကြိတ်အနယ် ယှဉ်ပြိုင်ရမည့် လေးကြိမ်မြောက် ရွေးကောက်ပွဲကို ဝင်ရန် ကြိုးစားနေသည့် မာကယ်သည် လွန်ခဲ့သော ၂ နှစ်က မွတ်ဆလင်ရွှေ့ပြောင်းဒုက္ခသည် တစ်သန်းခန့်ကို တံခါးဖွင့်ပေးခဲ့သည့်အတွက် ဝိုင်းဝန်းပြစ်တင်မှုကို ခံနေရသည်။

မာကယ်၏ ကွန်ဆာဗေးတစ်များအတွက် ထောက်ခံမှုရရှိရန် ကြိုးစားသည့် အနေနှင့် သူမ၏စီနီယာ မဟာမိတ် ဂျူလီယာကလိုနာက အစ္စလာမ် တရားဟောဆရာများနှင့် ဗလီရန်ပုံငွေများကို ကန့်သတ်ရန် တောင်းဆိုခဲ့ပြီး ဥပဒေပြင်ဆင်ရေး ငြင်းခုံမှုကို အစဖော်ပေးခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ အစ္စလာမ်ဥပဒေ ပြဋ္ဌာန်းမည့် CDU ပါတီ ဒုတိယခေါင်းဆောင် ကလိုနာနှင့် အကြီးတန်းပါတီဝင်များ၏ အယူအဆကို မာကယ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဆဲလ်ဘတ်က ကန့်ကွက်ပြောဆိုသည်။

ဆဲလ်ဘတ်က ၎င်းဥပဒေသည်အစိုးရ၏ အလုပ်မဟုတ်ကြောင်း၊ မာကယ်လ်၏ အစိုးရအဖွဲ့သည် ဂျာမနီတွင် ဘာသာရေးလွတ်လပ်ခွင့်ကို ထိန်းသိမ်းစောင့်ရှောက်နေကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဓိပတိ မာကယ်လ်က အစ္စလာမ်ဥပဒေကို ကန့်ကွက်ပြောဆိုသော်လည်း သူမ၏အပတ်စဉ် စနေနေ့ မိန့်ခွန်းတွင် ဂျာမနီရောက်ဒုက္ခသည်များသည် ဘာသာတရား၏သည်းခံမှု၊ ပွင့်လင်းမှု၊ လွတ်လပ်မှုတို့ကို လေးစားကြရမည်ဟု ပြောကြားခဲ့သည်။

မာကယ်လ်သည် သူမ၏ ဒုက္ခသည်ဆိုင်ရာမူဝါဒကြောင့် ၂၀၁၆ ဒေသန္တရ ရွေးကောက်ပွဲများတွင် ဂျာမနီလူဝင်မှု ဆန့်ကျင်ရေး Afd ပါတီကို သူမ၏ CDU ပါတီက ရှုံးနိမ့်ခဲ့ရပြီးနောက် လူထုထောက်ခံမှုပြန်လည်ရရှိရန် ကြိုးစားလျက်ရှိသည်။

Afd ပါတီမှာလည်း ၂၀၁၆ နှစ်ကုန်တွင် ထောက်ခံမှုနှုန်း ၁၅ ဒသမ ၅ ရာခိုင်နှုန်းရှိနေရာမှ ၈ ရာခိုင်နှုန်းဝန်းကျင်သို့ ကျဆင်းသွားသည်။

နယ်သာလန်တွင်လည်း ဝန်ကြီးချုပ် မတ်ခ်ရုဒ်သည် ယခုနှစ်ရွေးကောက်ပွဲတွင် ပြန်လည်အနိုင်ရရှိရန် အလားတူနည်းဗျူဟာကိုအသုံးပြုခဲ့ပြီး အစ္စလာမ်ဆန့်ကျင်ရေးပါတီများ၏တင်းမာသော လူဝင်မှုဆိုင်ရာ စည်းကမ်းအချို့ကို လက်ခံကျင့်သုံးခဲ့သည်။

ဆန္ဒပြပွဲအတွင်း သတင်းထောက်တစ်ဦးကို ဆိုးဝါးစွာပြုမူခဲ့သည့် ရုပ်သံမှတ်တမ်းထွက်ပေါ်လာပြီးနောက် ၎င်းက နိုင်ငံအတွင်းရှိ သန်းဝက်ခန့်ရှိသော တာ့ခ်မွတ်ဆလင်များအား 'ဒတ်ချ်တို့၏ စံနှုန်းများနှင့် တန်ဖိုးများကို လေးစားလိုက်နာကြရန် လိုအပ်ကြောင်း၊ လိုရာဆွဲ၍ ကောက်ယူလို့ မရကြောင်း၊ ဥရောပတန်ဖိုးအားလုံးကို လက်ခံရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ဘာမှမရဘဲ ဆုံးရှုံးလိမ့်မည်ဖြစ်ကြောင်း' သတိပေးပြောဆိုခဲ့သည်။ ■ F-04



ဘုရ်ခါ ခေါင်းမြီးခြုံပဝါဝတ်ဆင်ထားသူ မွတ်ဆလင်အမျိုးသမီးတစ်ဦးနှင့် သူမ၏ ကလေးငယ်

Reuters

# ဆီးရီးယား ဓာတုလက်နက်တိုက်ခိုက်မှု သူပုန်များကို ရုရှားအပြစ်ဖို့

**ဒမတ်စကတ်၊ ဧပြီ ၅**

ဆီးရီးယားမြောက်ပိုင်းရှိ သူပုန်များ ထိန်းချုပ်ထားသော မြို့တစ်မြို့တွင် ဧပြီလ ၄ ရက်နေ့က ဓာတုဓာတ်ငွေ့ကြောင့် အရပ်သား အမြောက်အမြား သေဆုံး၊ ထိခိုက်ဒဏ်ရာရခဲ့မှုအတွက် ရုရှားက သူပုန်များကို အပြစ်ဖို့ခဲ့ကြောင်း BBC သတင်းဌာနကဖော်ပြသည်။

ဆီးရီးယားစစ်လေယာဉ်များသည် အဒ္ဒလစ်ဘ်ပြည်နယ် ခန်ရှိတ်ခ်ဟွန်းမြို့ကို တိုက်ခိုက်ခဲ့ခြင်းမှာ မှန်သော်လည်း ဓာတုဓာတ်ငွေ့များမှာမူ မြေပြင်ရှိ သူပုန်များထံမှ လာခြင်းသာဖြစ်သည်ဟု ဆီးရီးယားအစိုးရ၏ အဓိကမဟာမိတ် ရုရှားက ထုတ်ပြန်ထားသည်။

အီရတ်တွင် သုံးရန် အဆိပ်ရှိပစ္စည်းများ ဖြည့်ထားသည့်မိုင်းများ ထုတ်လုပ်နေသည့် ကုန်ရုံကို ဆီးရီးယားစစ်လေယာဉ်က တိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ ယင်းကြောင့် ဓာတ်ငွေ့များ ပျံ့နှံ့သွားခြင်းဖြစ်နိုင်သည် ဆိုသည့်သဘောမျိုး ရုရှားဘက်က ထုတ်ပြန်ထားသည်။

အမေရိကန်နှင့် အခြားနိုင်ငံများကမူ ဆီးရီးယားစစ်လေယာဉ်များက ဓာတုလက်နက်များ ကြဲချခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲထားပြီး ဆီးရီးယားအစိုးရက ငြင်းဆိုထားသည်။

ရုရှား၏ထုတ်ပြန်ချက်အပေါ် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်က တုံ့ပြန်ခဲ့ရာတွင် " ရသမျှ သက်သေတွေ အရဆိုရင် ဒါဟာ (ဆီးရီးယားသမ္မတ) အာဆတ်အစိုးရလက်ချက်ပါပဲ။ ကိုယ့်ပြည်သူတွေကို တရားမဝင်လက်နက်သုံးတိုက်ခိုက်တာပါ" ဟု ပြောကြားသည်။

ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က ထုတ်ပြန်ခဲ့ရာတွင် ခန်ရှိတ်ခ်ဟွန်း၌ သေဆုံးသူ ၇၂ ဦးအထိ ရှိခဲ့ပြီး ကလေးသူငယ် ၂၀ ခန့် ပါဝင်သည်ဟုဆိုသည်။

အခင်းဖြစ်နေရာမှ ဗီဒီယိုမှတ်တမ်းများတွင် ကလေးအများအပြားအပါအဝင် အရပ်သားများ အသက်ရှူကျပ်ပြီး ပါးစပ်မှ အမြှုပ်များထွက်လာပုံများ ပါရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရသူများကို ကုသပေးသည့် ဆေးခန်းများကိုလည်း လေကြောင်းမှ ထပ်မံတိုက်ခိုက်ခဲ့သည်ဟု မျက်မြင်သက်သေများက ပြောကြားသည်။



BBC

အဆိပ်ငွေ့ရှူရှိုက်မိသည်ဟု သံသယရှိသောကြောင့် အောက်ဆီဂျင်ဖြင့် အသက်ရှူနေရသော ဆီးရီးယားအရပ်သား အမျိုးသားတစ်ဦး

ထိခိုက်ဒဏ်ရာသူအချို့ကို တူရကီနယ်စပ်တစ်လျှောက်တွင် ကုသပေးနေရသည်။

ဆေးရုံတစ်ရုံတွင် ကုသမှုခံယူနေသော အမျိုးသမီးက "ကျွန်မတို့ ဓာတ်ငွေ့ထိသွားတာ၊ လမ်းတောင်မလျှောက်နိုင်ဘူး။ မူးနောက်နောက်နဲ့ နေမကောင်းဘူး။ အသက်ရှူ မဝရာကနေ အသက်ရှူပါ ကျပ်လာတာ" ဟု ပြောကြားသည်။

ဧပြီလ ၅ ရက်နေ့တွင် နောက်ထပ် လေကြောင်းတိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားခဲ့ကြောင်းလည်း စောင့်ကြည့်ရေးအဖွဲ့များက ထုတ်ပြန်သည်။

ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ဆီးရီးယားအကူအညီပေးရေး အလှူရှင်နိုင်ငံ ၇၀ တွေ့ဆုံရာ၌ ယခုကိစ္စမှာ အဓိက ဆွေးနွေးရမည့် ခေါင်းစဉ်တစ်ရပ်ဖြစ်လာပြီဖြစ်သည်။

ပြည်တွင်းစစ်များဖြစ်ပွားစဉ် တိုက်ပွဲအတွင်း ပိတ်မိနေသော ပြည်သူများအတွက် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်နိုင်ရေး ကိုယ်စားလှယ်များစေလွှတ်ရန် အလှူရှင်နိုင်ငံများက ကြိုးပမ်းနေသည်။

ယခုဖြစ်စဉ်အပြီးတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အရေးပေါ် ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

"မနေ့က(ဧပြီလ ၄ ရက်နေ့က) ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲနဲ့ ၁၂ နာရီခွဲအတွင်းမှာ ဆီးရီးယားလေတပ်က ခန်ရှိတ်ခ်ဟွန်းမြို့အရှေ့ဘက်ဆင်ခြေဖုံးက အကြမ်းဖက်သမားတွေရဲ့ခဲယမ်းမီးကျောက်ကုန်ရုံနဲ့ စစ်လက်နက်ပစ္စည်းစခန်းကို တိုက်ခိုက်ခဲ့ပါတယ်။ ဒီကုန်ရုံနယ်နိမိတ်အတွင်းမှာ ဓာတုလက်နက်တွေထုတ်လုပ်တဲ့ အလုပ်ရုံတွေ ရှိနေပါတယ်" ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် အီဂေါ် ကိုနိုရှန်ကော့ဗ်က ထုတ်ပြန်သည်။

ခန်ရှိတ်ခ်ဟွန်းတွင် တွေ့ရသည့် ဓာတုအဆိပ်သင့်မှုပုံစံမျိုးမှာ ပြီးခဲ့သည့်နှစ်က အလက်ပိုမြို့တွင် တွေ့ရသည့် ပုံစံမျိုးဖြစ်ပြီး သူပုန်များသုံးသည့် ဓာတုလက်နက်သာဖြစ်ကြောင်း ကိုနိုရှန်ကော့ဗ်က စွပ်စွဲခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ပြင်သစ်နှင့် ဗြိတိန်က ဧပြီလ ၅ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေး ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မက်သရူးရိုင်ခရော့ဖ်က ယခုတိုက်ခိုက်မှုသည် စစ်ရာဇဝတ်မှုဖြစ်ပြီး ယခင်က ဗီတိုအာဏာသုံးပြီး ဆီးရီးယားအရေး ဆုံးဖြတ်ချက်များကို ကန့်ကွက်ခဲ့ကြသည့် အဖွဲ့ဝင်နိုင်ငံအချို့သဘောထားပြောင်းလဲရန် တောင်းဆိုကြောင်းလည်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ရာတွင် ဆီးရီးယားသမ္မတ ဘာရှားအာဆတ်အစိုးရ၏ ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်ဟု ဝေဖန်ထားသည်။

ယင်းအပြင် ယခင်သမ္မတ ဘားရက်အိုဘားမား၏ အားနည်းမှုများကိုလည်း အပြစ်ဖို့ထားခဲ့သည်။ ■ F-03

**စာမျက်နှာ 14 တက္ကသိုလ်ပညာရေး မနေးတည်ဆောက်ကြရမည် မှအဆက်**

စီမံခန့်နိုင်သော Fully Autonomous Institution များ အဖြစ် အမြန်အကောင်အထည်ဖော်ပါ။

(ခ) ဌေ့်သည်ဝန်ထမ်းစနစ်မှ အိမ်ရှင်ဝန်ထမ်းစနစ်ကို ပြောင်းပါဟုပင်ဖြစ်သည်။

ပုဒ်မ(၂၆)အား အကောင်အထည်ဖော်နိုင်ရန် တက္ကသိုလ်ပဋိညာဉ်များစနစ်တကျ အတည်ပြုပေးခြင်းဖြင့် စတင်နိုင်ပါသည်။

ဌေ့်သည်ဝန်ထမ်းစနစ်အတွက် ဆရာ/ဆရာမများအား မိမိလုပ်ကိုင်နေထိုင်လိုသော တက္ကသိုလ်များကို စိတ်ကြိုက်ရွေးချယ်၍ လျှောက်ထားခွင့်ပြုပါ။ သက်ဆိုင်ရာတက္ကသိုလ်သည် မိမိတက္ကသိုလ်မှ သတ်မှတ်ထားသောအရည်အသွေး၊ အရည်အချင်းရှိသည့် ဆရာ ဆရာမများကို တက္ကသိုလ်လိုအပ်ချက်အရ ခေါင်းခေါက်ရွေးချယ်ယူလိုက်ပါ။ ဆရာ ဆရာမများအနေနှင့် ဤတက္ကသိုလ်မရလျှင် နောက်တက္ကသိုလ် ဆက်လျှောက်ပါလိမ့်မည်။ အရည်အသွေး တည်ဆောက်ရန်အတွက် ကျွန်ုပ်တို့ ရဲရဲလျှောက်ကြရပေလိမ့်မည်။ ပညာရေးသည် ပညာရေးသန့်သန့်သာ ဖြစ်ရမည်။ မည်သည်အရောင်မှ ရောစပ်ယှက်ရန် အကြောင်းမရှိပါ။

**နိဂုံး**

တက္ကသိုလ်ပညာရေး မနေးတည်ဆောက်ကြရန် စာရေးသူမှ ဆန္ဒပြင်းပြစွာ တောင်းဆိုရေးသားအပ်ပါသည်။ မည်သည့်မျှော်မှန်းချက် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်မဆို အခက်အခဲများ ရှိကြစမြဲဖြစ်ပါသည်။ အဆိုပါအခက်အခဲများကိုစနစ်တကျ စိစစ်လေ့လာခြင်း၊ ပိုင်းခြားစိတ်ဖြာခြင်း၊ စုပေါင်းအဖြေရှာခြင်းတို့ဖြင့်သာ ရင်ဆိုင်ကြရမည်ဖြစ်ပါသည်။ ယခုမဟုတ် နောင်မှလုပ်လျှင်လည်း ဤနည်းဤပုံအတိုင်းသာ သွားရမည်ဖြစ်ပါသည်။

ပညာသင်ယူဆဲ အနာဂတ်မြန်မာလူငယ်များ၏ ပညာရေးအရည်အသွေးအာမခံချက် အမြန်ပိုင်ဆိုင်ရရှိရေးဟူသော မွန်မြတ်သောစိတ်စေတနာကောင်းများ ရှေ့တန်းတင်ခြင်းအားဖြင့် အထက်ပါအခက်အခဲများကို ကျော်လွှားလွန်မြောက်နိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာတို့သည် မည့်ပါ။ လဲလျှင်ပြန်ထပါသည်။ စိုးရိမ်လွန်ခြင်းသည် လူငယ်တို့၏ အားများကို တုံ့ဆိုင်းစေပါသည်။ လွတ်လပ်စွာပျံသန်းခွင့်နှင့် လွတ်လပ်စွာတွေးခေါ်ကြံဆ အကောင်အထည်ဖော်ခွင့်များဖြင့် ပညာရေးယှဉ်ပြိုင်ပွဲကြီးကို စတင်ခွင့်ပြုပါရန် စေတနာညောင်းလျက် ကောက်ကြောင်းစာစီ ရေးသားအပ်ပါသည်။

**ဖိုးရာဇာ (ပေါက်ချောင်းသား)**


ဓာတ်ပုံ – Khin Saung

# နာဂရှိ ကျောင်းများအတွက် စာရေးခုံ တစ်ထောင်ကျော်ပြုလုပ်

မြစ်ကြီးနား၊ ဧပြီ ၅

နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ မြို့နယ်သုံးခုရှိစာသင်ကျောင်း ၃၅ ကျောင်းအတွက် စာရေးစားပွဲတစ်ထောင်ကျော်ကို ပြုလုပ်ပေးခဲ့ကြောင်း နန်းယွန်းမြို့နယ် မဲဆန္ဒနယ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်က ပြောသည်။

နာဂဒေသရှိ နန်းယွန်းမြို့နယ်၊ ဒုံဟီးမြို့နယ်နှင့် ပန်ဆောင်မြို့နယ်တို့မှ စာသင်ကျောင်းတစ်ကျောင်းလျှင် စာရေးခုံ ၃၈ ခုံနှင့် ဆရာများထိုင်ခုံ သုံးစုံစီ ပြုလုပ်ပေးခဲ့ကြောင်း ၎င်းက ပြောဆိုသည်။

"စာသင်ကြားရေးမှာ အခက်အခဲဖြစ်နေတဲ့ ကျောင်းတွေမှာပေါ့"ဟု ၎င်းက ဆိုသည်။

နန်းယွန်းမြို့နယ်နှင့် ပန်ဆောင်မြို့နယ်အတွင်းမှ မူလတန်းကျောင်းသုံးကျောင်းနှင့် ဒုံဟီးမြို့နယ်အတွင်းမှ မူလွန်နှင့် မူလတန်း စုစုပေါင်း ၃၂ ကျောင်းအတွက် စာရေးခုံစားပွဲများပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

"စာရေးခုံတွေလုပ်ပေးတယ်။ ဒါပေမဲ့ အဆင်မပြေဘူး။ ခုံကသစ်ပါးပြီး ယိုင်ယိမ်းနေတယ်" ဟု ပန်ဆောင်မြို့နယ် တကိုင်းကျေးရွာမှ ကျောင်းသားမိဘတစ်ဦးက ပြောဆိုသည်။

အဆိုပါ ဒေသရှိကျောင်းတစ်ကျောင်းတွင် ကျောင်းသားဦးရေ လေးဆယ်ခန့်ရှိ၍ စာရေးစားပွဲမရှိခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည်မှာ နှစ်ကာလကြာမြင့်နေပြီဖြစ်ကြောင်း နန်းယွန်းမြို့နယ် ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။

■ R-06

# ဖဒိုဆေးရုံ ဆရာဝန် ပြောင်းရွှေ့ပြီး တစ်လကျော်အကြာတွင် အစားထိုး ဆရာဝန်ခန့်

တောင်ငူ၊ ဧပြီ ၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုတိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ပြောင်းရွှေ့ပြီး တစ်လကျော် အကြာ ဧပြီလဆန်းတွင် အစားထိုး ဆရာဝန်တစ်ဦးကို ခန့်အပ်ခဲ့ကြောင်း ဖဒိုမြို့ခံလူမှုရေးအသင်းအဖွဲ့များထံမှ သိရသည်။

ယခင်တာဝန်ခံ ဆရာဝန် ဒေါက်တာခွန်ဝင်းလတ်မှာ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့သို့ မတ်လ ၁ ရက်က ပြောင်းရွှေ့သွားပြီး တစ်လကျော်သည်အထိ အစားထိုး ဆရာဝန်ရောက်မလာသဖြင့် ဆေးရုံတွင် လူနာတစ်ဦးမှ မရှိကြောင်း၊ ဧပြီလ ၃ရက်တွင် ကျန်းမာရေး ဦးစီးဌာနမှ သပိတ်ကျင်းမြို့နယ် တကောင်းဘက်မှ ဆရာဝန်တစ်ဦးကို ဖဒိုသို့ပြောင်းရွှေ့မိန့်ထုတ်ပေးခဲ့သော်လည်း ရောက်မလာသေးကြောင်း ဖဒိုမြို့ခံ ဦးစိုးထိုက်က ပြောကြားသည်။

တစ်နိုင်ငံလုံးတွင် ဆရာဝန်လစ်လပ်နေသည့်ဆေးရုံများရှိနေပြီး လတ်တလောတွင် တိုက်နယ်ဆေးရုံတာဝန်ကျ ဆရာဝန်အယောက် ၇၀ ကိုခန့်ထားပြီးဖြစ်ကာ ဖဒိုတိုက်နယ် ဆေးရုံအတွက် တာဝန်ကျဆရာဝန်ကို အမြန်ဆုံး ချထားပေးမည် ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှ ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က မတ်လ ဒုတိယပတ်က ပြောကြားခဲ့သည်။

ယင်းနောက် ရက်ပေါင်း ၂၀ခန့် အကြာတွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ ဆရာဝန် ဒေါက်တာ ဌေးညွန့်ကို ဖဒိုတိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်စေခဲ့သည်။

"အရင်က ဖဒိုဆေးရုံမှာ ဖဒိုဒေသတင်မကဘူး ကျောက်တံခါးနဲ့ဖြူးဘက်က လူနာတွေနဲ့ ခြေချစရာမရှိဘူး၊ ဆရာလေးလည်း ပြောင်းရော ဆေးရုံမှာလူနာတောင် မရှိသလို ဒေသခံတွေက ကျောက်တံခါးနဲ့ ဖြူးဆေးရုံတွေ သွားကုရတော့ ခရီးစရိတ် ကုန်ကျမှု ပိုလာသလို လိုက်ပြုစုတဲ့သူတွေလည်း အတော်လေး ကသီတာများတယ်၊ အခုရောက်လာတဲ့ ဆရာဝန်လည်း အရင်ဆရာဝန်လို ဒေသနဲ့ တစ်သားတည်းဖြစ်ဖို့ဆုတောင်းပါတယ်"ဟု ဖဒိုဒေသခံ တစ်ဦးက ပြောဆိုသည်။

လွန်ခဲ့သော ၃ နှစ်ကျော်က မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆေးရုံကြီးမှ ဖဒိုတိုက်နယ် ဆေးရုံသို့ ပြောင်းရွှေ့လာသည့်ဒေါက်တာခွန်ဝင်းလတ်မှာ စိတ်သဘောထား ကောင်းမွန်သည့်အပြင် ကုသရေးပိုင်း၊ အုပ်ချုပ်ရေးပိုင်းတို့တွင် ပြည့်စုံသဖြင့် ဒေသတွင် နာမည်ကောင်း ရရှိကြောင်း၊ ယင်းဆရာဝန်ကို ကွတ်ခိုင်မြို့နယ်သို့ ပြောင်းရွှေ့ရန် ဌာန အမိန့်ထွက်လာပြီးနောက် ညွှန်ကြားချက်ကို ရပ်ဆိုင်းပေးရန် ဒေသခံများက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို အသနားခံစာ တင်ခဲ့သော်လည်း အကြောင်းမပြန်ကြောင်း ဒေသခံများထံမှ သိရသည်။

■ R-15

# တူးမြောင်းအတွင်း ရေနစ်ပျောက်ဆုံးသည့် ကလေးနှစ်ဦးအနက် တစ်ဦးအလောင်းပြန်တွေ့

ရွှေဘို၊ ဧပြီ ၅

ကန့်ဘလူမြို့နယ် ဆူးဘုတ်ကုန်းကျေးရွာမှ ကလေးငယ်နှစ်ဦး နွားကျောင်းသွားစဉ် တူးမြောင်းအတွင်း ရေဆင်းချိုးပြီး ရေနစ်ပျောက်ဆုံးခဲ့ရာ ဧပြီလ ၅ ရက်နေ့ နံနက်တွင် တစ်ဦးအလောင်းကိုပြန်တွေ့ရကြောင်း ဒေသခံများထံမှ သိရသည်။

ဧပြီလ ၃ ရက်နေ့ နေ့လယ် ၁၂ နာရီခန့်က ကန့်ဘလူမြို့နယ် ဆူးဘုတ်ကုန်းကျေးရွာမှ မောင်ကိုကိုထက် အသက် ၁၆ နှစ်နှင့် မောင်သန့်ဇော် အသက် ၁၄ နှစ်တို့သည် ကန့်ဘလူမြို့နယ် ဘိုတဲကုန်းကျေးရွာအနီး ရွှေဘို လက်ခွဲတူးမြောင်းအတွင်း ရေဆင်းချိုးရာမှ တစ်ဦးရေနစ်နေစဉ် ကျန်တစ်ဦးက ဆင်းဆယ်ရာမှ နှစ်ဦးစလုံး ရေနစ်ပြီး ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း ဇီးကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇာနည်ကိုကိုအောင်က ပြောကြားသည်။

အဆိုပါ ဖြစ်စဉ်စဖြစ်ချိန်ကစ၍ ဇီးကုန်း မီးသတ်တပ်ဖွဲ့ဝင်များ၊ ခင်ဦး မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့ဝင်များ ပူးပေါင်းရှာဖွေခဲ့သော်လည်း ၎င်းတို့နှစ်ဦးကိုမတွေ့ရှိဘဲ ဧပြီလ နံနက်၇ နာရီခန့်က မင်းကုန်းကျေးရွာ တံတားအနီးမှ တစ်ဦးအလောင်းကို တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

■ R-09

# မန္တလေးမြို့အမျိုးသမီးသက်မွေး ပညာသင်ကျောင်း ရေကောင်းရေသန့်လိုအပ်

မိတ္ထီလာ၊ ဧပြီ ၅

မန္တလေးမြို့ အောင်မြေသာစံ မြို့နယ် ဘုန်းတော်တိုးရပ်ကွက်ရှိ အမျိုးသမီးအသက်မွေးအတတ်ပညာသင်တန်းကျောင်းတွင် ရေကောင်းရေသန့် လိုအပ်ချက်ရှိနေကြောင်း အဆိုပါကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးက ပြောကြားသည်။

"ကလေးအင်အားနဲ့က ရေအခက်အခဲရှိတယ်။ ကျွန်မတို့က ဒီနားက ရွှေကျင်ချောင်းရေကိုကလေးတွေအတွက်သုံးရတာ။ ဒီနားက စက်ရုံတွေက ရေဆိုးတွေ ကိုစွန့်ပစ်တော့ ယားနာတွေဖြစ်တယ်။ အဲဒါကတော့ သုံးရေပေ့ါ။ သောက်ရေကတော့ ရေသန့်ဝယ်သုံးရပါတယ်" ဟု ၎င်းကဆိုသည်။

မန္တလေးတောင်ခြေအနီးတွင် ကျောင်းကိုတည်ထောင်ထားသည်ဖြစ်ရာ မြေအောက်ကျောက်လွှာများ၏ အနေအထားကြောင့် ရေတွင်းတူးရန် ခက်ခဲကြောင်း၊ အလှူရှင်အကူအညီဖြင့် ရေတွင်းတူးရာတွင်လည်း နှစ်နေရာပြောင်း၍ တူးခဲ့ရပြီးရရှိသောရေအရည်အသွေးကို ဓာတ်ခွဲစမ်းသပ်ဆဲဖြစ်ကြောင်း ဒေါ်ခင်ဌေးက ရှင်းပြသည်။

လက်ရှိအနေအထားအရ ကျောင်းတွင်နေထိုင်သော မိန်းကလေးများ အတွက် လစဉ်သုံးပစ္စည်းများအပါအဝင် သွားတိုက်ဆေး၊ ဆပ်ပြာ၊ သနပ်ခါး၊ ဖိနပ်စသောတစ်ကိုယ်ရေသုံးပစ္စည်းများပါ လိုအပ်လျက်ရှိကြောင်း အဆိုပါကျောင်းထံမှ သိရသည်။

မန္တလေးမြို့ရှိ အမျိုးသမီး အသက်မွေး အတတ်ပညာသင်ကျောင်းကို ၁၉၈၇ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်တွင် အသက် ၈ နှစ်မှ ၁၆ နှစ် အရွယ် အမျိုးသမီးငယ် ၆၅ ဦးနေထိုင်လျက်ရှိကာ အသက် ၂၀ ကျော်ဖြစ်သော်လည်း အကြားအာရုံချို့တဲ့သူ ၆ ဦးနှင့် အမြင်အာရုံချို့တဲ့သူ ၆ ဦးကိုပါ လက်ခံထားကြောင်း ယင်းကျောင်းထံမှ သိရသည်။

အဆိုပါကျောင်းတွင် ရွှေချည်ထိုးလုပ်ငန်း၊ ရွှေဆိုင်းလုပ်ငန်း၊ အခြေခံစက်ချုပ်လုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ စက္ကူပန်း ပြုလုပ်ခြင်းတို့ကို ကျောင်းရှိကျွမ်းကျင်ဝန်ထမ်းများက ပို့ချသင်ကြားပေးလျက်ရှိသည်။

■ R-01

သတင်းကိစ္စ ဆက်သွယ်လိုပါက . . . ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# စံပယ်တောင်နှင့် ကြေးစင်တောင်ဒေသခံများ မြေယာလျော်ကြေးရလိုမှု သမ္မတရုံးသို့ စာပို့

**မုံရွာ၊ ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်ရှိ စံပယ်တောင်၊ ကြေးစင်တောင် ကြေးနီစီမံကိန်းပတ်ဝန်းကျင်ရှိ ရွာပေါင်း ၁၁ ရွာမှ မြေသိမ်းဆည်း ခံခဲ့ရသည့်တောင်သူများက မြေယာလျော်ကြေးရလိုသည့်အတွက် နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံတော် အတိုင်ပင်ခံရုံးထံ စာပေးပို့တောင်းဆိုထားကြောင်း ယင်းဒေသခံများက ပြောကြားသည်။

ယင်းမြေယာ လျော်ကြေးများကို ကာလပေါက်ဈေးဖြင့်ရလိုသည်ကို ယခင်အစိုးရလက်ထက်က တောင်းခံခဲ့သော်လည်း ယနေ့အထိရရှိခြင်းမရှိဘဲ ကြန့်ကြာနေသည့်အတွက် ယခုကဲ့သို့စာပေးပို့ရခြင်းဖြစ်ကြောင်း ၎င်းတို့၏အဆိုအရ သိရသည်။

“ကာလပေါက်ဈေးနဲ့ မြေလျော်ကြေးပေးဖို့ဆိုလို့ သိမ်းဆည်းခံသူတွေရဲ့မြေယာစာရင်းတွေကောက်ပြီး သူတို့ဆီတင်ပြပြီး အကြိမ်ကြိမ် တောင်းနေတာ အခုထိမပေးသေးလို့တိုင်စာတက်တာပါ” ဟု အဆိုပါ မြေယာလျော်ကြေးနှင့် မြေယာစာရင်း ဇယားကိစ္စများကို ဆောင်ရွက်နေသူ ကံကုန်းရွာမှ ဦးတင့်အောင်စိုးက ပြောဆိုသည်။

ပြီးခဲ့သည့် ၂၀၁၅ရွေးကောက်ပွဲမတိုင်မီက အာဏာပိုင်နှင့် စီမံကိန်း တာဝန်ခံများထံမှ မြေယာစာရင်းကောက်ပြီးပါက ပြန်ပေးမည်ဟု နှုတ်ကတိပေးသော်လည်း ယခုချိန်အထိမရရှိသေး၍ အဆိုပါရုံးများထံတိုင်စာပေးပို့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောဆိုသည်။

“ဦးပိုင်နဲ့ ယမ်စီက တောင်သူတွေ တောင်းတဲ့ နစ်နာကြေးပေးပါ့မယ်ဆိုပြီး ၂၀၁၆ ခုနှစ်၊ ၇ လပိုင်းမှာ တိုင်းအစိုးရဆီ စာပို့ပြီးပြီ အခုတော့မရဘဲ ကြန့်ကြာနေလို့ တိုင်စာပို့တာပါ” ဟု ကန်ကုန်းရွာမှ ဦးပိုလ်ဌေးက ဆိုသည်။

အဆိုပါ ကြေးစင်တောင်နှင့် စံပယ်တောင်ကြေးနီထုတ်လုပ်ငန်းသည် တစ်ပါတီမဆလ အစိုးရလက်ထက်ကရှာဖွေရေးစတင်ခဲ့သော စီမံကိန်းဖြစ်ပြီး ကံကုန်း၊ ဒုန်းတော၊ ရွာသာ၊ ကျောက်မျက်၊ ရေကြည်ပင်၊ တယ်ပင်ကန်၊ ဂုဏ်တော၊ ရွှေပန်းခိုင်၊ ထနောင်းကုန်း၊ ဖောင်းကား၊ မြရိပ်စသည့်ကျေးရွာများမှ မြေဧက ၆၅၀၀ ကျော်ကို ၁၉၉၆- ၉၇ ခုနှစ်က သီးနှံလျော်ကြေးပေးခဲ့သော်လည်း လက်ပံတောင်းတောင် စုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာထွက်မှသာ လန(၃၇)ဖြင့် သိမ်းယူကြောင်းသိရ၍ လက်ပံတောင်းတောင်ကဲ့သို့ မြေယာလျော်ကြေး ပေးလျော်ရန် တောင်းဆိုနေခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

■ R-08

# ပုသိမ်ခရိုင်တွင် ကြီးမြန် သစ်ပင်စိုက်ပျိုးရန် ကန်ဒေါ်လာ ၃သန်းကျော် ရင်းနှီးမြှုပ်နှံမည်

**ပုသိမ်၊ ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်နှင့် ပုသိမ်မြို့နယ်အကြားရှိ ကျောက်ချောင်းကြီး သစ်တောကြိုးဝိုင်းတွင် စင်ကာပူအခြေစိုက် ကုမ္ပဏီနှင့် ပြည်တွင်းကုမ္ပဏီနှစ်ခု ပူးပေါင်းပြီး ကန်ဒေါ်လာ ၃သန်းကျော်ကို ရင်းနှီးမြှုပ်နှံကာ ကြီးမြန်သစ်ပင်များ စိုက်ပျိုးမည်ဖြစ်ကြောင်း Timberl and Plantation Investment Co., Ltd Project Manager ဦးကျော်ဝင်း ကပြောကြားသည်။

အဆိုပါ သစ်တောကြိုးဝိုင်းရှိ တောပြုန်းတောပျက်နေရာတွင် စင်ကာပူနိုင်ငံမှ Gloval Greenery Pte Ltd၊ မြန်မာနိုင်ငံ မှ နေဝန်းမြတ် ကုမ္ပဏီ၊ ပေါင်းစည်းမှု အတတ်ပညာ ကုမ္ပဏီလီမိတက်( ITS Co., Ltd )တို့ ပူးပေါင်းကာ Timberl and Plantation Investment Co., Ltd ကို ဖွဲ့စည်းပြီး ကြီးမြန်သစ်ပင် စိုက်ဧက ၅၀၀၀ကို တည်ထောင်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျောက်ချောင်းကြီး သစ်တောကြိုးဝိုင်းရှိ ၂၇၂၇ ဧကနှင့် ထိုခရိုင် သာပေါင်း မြို့နယ် ကျောက်ချောင်းကြီး ၂၂၈၃ ဧက စုစုပေါင်း ဧက ၅၀၀၀ တွင် ကြီးထွားမှု မြန်ဆန်သည့် မန်ဂျန်ရှား (Accia mangium) အော်ရီရှား( Accia auriculiformis) နှင့် ယမနေ (Gememtina arborea ) သစ်ပင်များ စိုက်ပျိုးမည် ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမှုကို လုပ်ကိုင်ခွင့် နှစ် ၃၀ မြေငှားဂရန်စနစ်ဖြင့် ခွင့်ပြုချက်ရရှိကာ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတို့နှင့် ကုမ္ပဏီတို့ သဘောတူစာချုပ်ချုပ်ခဲ့ကြောင်း ၎င်းထံမှ သိရသည်။

“ခေတ်အဆက်ဆက် အလွန်အကျွံ သစ်ထုတ်လုပ်ခဲ့တာရယ်၊ ဒီနေ့အထိ တရားဝင်သစ်ခိုးထုတ်နေတာကြောင့် ဧရာဝတီတိုင်းမှာ သစ်တောရေိယာ ၇၅ ရာခိုင်နှုန်း ပြုန်တီးနေတယ်၊ တစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခု အကျိုးစီးပွားထက် ဒေသတွင်းအများပြည်သူ အကျိုးစီးပွားရယ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်သင့်တယ်”ဟု လှပသောမြေ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့မှ ဦးမြင့်အောင် က မှတ်ချက်ပြုသည်။

ကျောက်ချောင်းကြီး သစ်တောရေိယာမှာ ၂၈၂၅၈ ဧက ရှိပြီး သစ်တောစိုက်ခင်း ဧက ၉၀၀၀ နှင့် သဘာဝတော ၁၇၄၅၈ ဧက ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံပိုင်စိုက်ခင်းများ ကျေးရွာစိုက်ခင်းများကိုတည်ထောင်လျက်ရှိပြီး ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ခွင့်ပေးရာ ယင်းကုမ္ပဏီကို ၂၀၁၅ ခုနှစ်က ပြည်ထောင်စု အစိုးရအဖွဲ့မှ လုပ်ကိုင်ခွင့်ချထားပေးသည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ပါဝင်သည့် စီမံကိန်း ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် လုပ်ငန်းစတင် လုပ်ကိုင်ရန်အတွက် ဒေသခံများနှင့် ညှိနှိုင်းဆဲသာရှိကြောင်း ဧရာဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံးထံမှ သိရှိရသည်။ ■ R-12

# သင်္ကြန်ရက်အတွင်း မိတ္ထီလာအဝေးပြေး ယာဉ်ငယ်များပြေးဆွဲမည်

**မိတ္ထီလာ၊ ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ သီရိမင်္ဂလာ အဝေးပြေးယာဉ် ရပ်နားကွင်းတွင် လာမည့်သင်္ကြန်ကာလအတွင်း မြို့တွင်းနှင့် အခြားမြို့များသို့ မော်တော်ယာဉ်ငယ်လိုင်းများပြေးဆွဲလျက်ရှိမည်ဖြစ်ကြောင်း မိတ္ထီလာခရိုင် ယာဉ်လုပ်ငန်းများကြီးကြပ်ရေး ကော်မတီရုံးနှင့် မော်တော်ယာဉ်အသင်းများထံမှ စုံစမ်းသိရှိရသည်။

“ယာဉ်ပိုင်ရှင်တွေက ကိုယ့်အစီအစဉ်နဲ့ကိုယ်ဆက်ပြီး ပြေးဆွဲနေမှာပါ။ ကားဝင်းထဲကိုကားတွေလာထိုးမယ်။ သူတို့အချင်းချင်းညှိပြီး စီနီယာအလိုက် ကားတွေ အလှည့်ကျ ပြေးဆွဲပေးသွားမယ်” ဟု မိတ္ထီလာခရိုင် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးကိုကိုက ရှင်းပြသည်။

မိတ္ထီလာမြို့သီရိမင်္ဂလာရပ်ကွက်ရှိ အဝေးပြေးယာဉ်ရပ်နားကွင်းကို အခြေပြု၍ပြေးဆွဲသော မြို့ခံယာဉ်မော်တော်ယာဉ်အသင်း ၂၆ သင်း၊ ဧည့်သည်အဖြစ် ဂိတ်ထိုးသော မော်တော်ယာဉ်အသင်း ၂၂ သင်း၊ မြို့ပတ်ကားအသင်းတစ်သင်း၊ သုံးဘီးဆိုင်ကယ်အသင်းတစ်ခုရှိပြီး မြို့တွင်း၌ သီးခြားဖွင့်လှစ်ထားသော ခရီးသယ်တင်ယာဉ်လိုင်းငါးခုမှာမူ သင်္ကြန်ရက်တွင် ပြေးဆွဲမှုရပ်နားထားမည်ဖြစ်ကြောင်း မိတ္ထီလာခရိုင် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီထံမှ သိရသည်။

■ R-01

# နောင်တုံကန်အတွင်း မော်တော်ယာဉ်တစ်စီးထိုးဆင်း

**ကျိုင်းတုံ၊ ဧပြီ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက်ရှိ နောင်တုံကန်တွင် ဧပြီလ ၄ရက်ညနေပိုင်းက မော်တော်ယာဉ် အရှိန်လွန်ကာ ထိုးဆင်းမှုကြောင့် ယာဉ်မောင်းအမျိုးသမီးကို အမှုဖွင့်ထားကြောင်း ကျိုင်းတုံမြို့ အမှတ် (၁၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်လွင်က ပြောကြားသည်။

အသက် ၅၃ နှစ်အရွယ် ယာဉ်မောင်းအမျိုးသမီးက အိမ်ကုန်းဆင်းမှ Honda Fit မော်တော်ယာဉ်ကို နောက်ပြန်ဆုတ်ရာမှ အရှိန်လွန်ပြီး ကန်ထဲကျသွားခြင်းဖြစ်ကြောင်း၊ မော်တော်ယာဉ်ကို တာဝန်ရှိသူများက ရှာဖွေကာ ယာဉ်မောင်းကို ကယ်ဆယ် နိုင်ခဲ့ကြောင်း ကျိုင်းတုံမြို့နယ် မီးသတ်ဦးစီးဌာနထံမှသိရသည်။ ■R-16



ဓာတ်ပုံ - KTH

# မိန်းကလေးကို နှောင့်ယှက်သည့် အမျိုးသား ၃ ဦးကို အမှုဖွင့်

**ဟင်္သာတ၊ ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ငွေးချို့ရွာနှင့် ဆယ်ရွာအကြား၌ စက်ဘီးစီးလာသော အသက် ၁၈ နှစ်အရွယ် မိန်းကလေးကို နှောင့်ယှက်သည့် အမျိုးသားသုံးဦးကို ဧပြီလ ၄ ရက်က ကာယိန္ဒြေပျက်ပြားစေမှုဖြင့် အမှုဖွင့်ထားကြောင်း ဒေသခံများထံမှ သိရသည်။

ယင်းမိန်းကလေးက မတ်လ ၂၈ ရက် မွန်းလွဲပိုင်းက ဆယ်ကျေးရွာရှိ ကျန်းမာရေး မကောင်းသော မိခင်ထံ စက်ဘီးဖြင့်သွားရာ လမ်းခုလတ်တွင် ဆိုင်ကယ်စီးလာသော လူငယ်သုံးဦးက ဘယ်သွားမလဲ လိုက်ပို့ပေးမည် ဟု ပြောဆိုကြောင်း၊ ယင်းနောက် မိန်းကလေး၏ အဝတ်အိတ်ကို အမျိုးသားတစ်ဦးက ဆွဲယူပြီး ကျန်နှစ်ဦးက လမ်းဘေးရှိ ၄က်ပျောခြံသို့ ဆွဲခေါ်စဉ် မိန်းကလေး၏ ခင်ပွန်းနှင့် အမျိုးသားတစ်ဦးရောက်ရှိလာသဖြင့် ယင်းသုံးဦးက ထွက်ပြေးသွားကြောင်း မိန်းကလေး၏ ဆွေမျိုးများက ရှင်းပြသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ကျေးရွာ ရှိ လူကြီးများက ညှိနှိုင်းပေးသော်လည်း မိန်းကလေးဘက်က မကျေနပ် သောကြောင့် ကိုနိုင်မင်းထွန်း( ၂၃နှစ်)၊ ကိုမျိုးဇော် ( ၂၄နှစ် )၊ ရန်နိုင်မျိုး(၁၈နှစ်) တို့ကို ရာဇ သတ်ကြီးပုဒ်မ ၃၅၄ ဖြင့် အမှုဖွင့်ထား ကြောင်း မြန်အောင်မြို့မှ ရဲစခန်းထံမှ သိရသည်။

■ R-13

# မုံရွာသတင်းထောက်အသတ်ခံရမှု သံသယရှိသူတစ်ဦးကို ခေါ်စစ်

**မုံရွာ၊ ဧပြီ ၅**

ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက မုံရွာမြို့ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ညအချိန် သတ်ဖြတ်ခံရသည့် မုံရွာ အခြေစိုက်သတင်းထောက် ကိုစိုးမိုးထွန်း အမှုတွင် ပြည်သူသတင်းပေးတိုင်ကြားသည့် သံသယရှိသူတစ်ဦးကို ခေါ်ယူစစ်ဆေးခဲ့ကြောင်း မုံရွာမြို့မရဲစခန်းထံမှ သိရသည်။

အဆိုပါအမှုတွင် ပါဝင်ပတ်သက်သည်ဟု ဂိုရှယ်လေး၏လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည့်သတင်းအရ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ကျောင်းရွာနေထိုင်သူ တင်မြင့်အောင်ကို ခေါ်ယူစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့မဒုစခန်းမှူး ရဲအုပ်ဘုန်းအောင်က ပြောကြားသည်။

"မြို့မစခန်းမှူး ခေါ်စစ်ပြီးတော့ အမှုနဲ့မပတ်သက်တဲ့အတွက် ပြန်လွှတ်လိုက်ပါတယ်။ အခုချိန်ထိစစ်ဆေးမှုက အဲဒါပါပဲ" ဟု ၎င်းက ဆိုသည်။

ဘုတလင်မြို့နယ် ကျောင်းရွာတွင် နေထိုင်သူ တင်မြင့်အောင်ကို မုံရွာသတင်းထောက် ကိုစိုးမိုးထွန်းသေဆုံးမှုနှင့် ပတ်သက်ဆက်နွှယ်သည်ဟု ပြီးခဲ့သည့်လပိုင်းအတွင်းက လူမှုကွန်ရက်တွင်ဖော်ပြခဲ့ခြင်းသည် ပြည်သူတစ်ဦးက သတင်းပေးသည်ဟု အမှုစစ်အရာရှိများကယူဆသည့်အတွက် အချိန်ယူကာစုံစမ်းမှုများ ပြုလုပ်ပြီး တင်မြင့်အောင်ကို ခေါ်ယူစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း မုံရွာမြို့မရဲစခန်းထံမှ သိရသည်။

ယင်းအမှုနှင့် ပတ်သက်၍ အမှုဖြစ်ပွားပြီး ရက်ပိုင်းအတွင်း မုံရွာမြို့မှ သတင်းထောက် ကိုစိုးမိုးထွန်းသွားရောက်ခဲ့သည့် ကေတီဗီမှ မန်နေဂျာနှင့် ကြီးကြပ်ရေးမှူးအပါအဝင် သံသယရှိသူသုံးဦးကို ရဲရမန်ကြီးနှစ်ပတ်ထိန်းသိမ်းကာ စစ်ဆေးပြီးနောက် ယခုနောက်ထပ်တစ်ဦးကိုထပ်မံစစ်မေးခဲ့ခြင်းဖြစ်ကာ ယနေ့အချိန်အထိ ယင်းအမှုအတွက် လူပေါင်း ၅၀ ကျော်ကို စစ်ဆေးမေးမြန်းလျက်ရှိကြောင်း ယင်းစခန်းထံမှ သိရသည်။

သေဆုံးသူ မုံရွာသတင်းထောက် ကိုစိုးမိုးထွန်းသည် မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ ကေတီဗီတစ်ခုတွင် ဒီဇင်ဘာလ ၁၂ ရက်နေ့ ည ၈ နာရီမှ ၁၁နာရီခွဲအထိရှိနေခဲ့ပြီး ယင်းဆိုင်မှ အပြန်တွင်သတ်ဖြတ်ခံရခြင်းဖြစ်ကြောင်း မုံရွာမြို့မရဲစခန်း၏ စစ်ဆေးချက်များအရ သိရသည်။ ■ R-08

# ပြည်မြို့နယ်တွင် ဆိုင်ကယ်အိတ်ဇောဖြုတ်မောင်းသူများကို အရေးယူမည်

**ပြည်၊ ဧပြီ ၅**

ပြည်မြို့နယ်တွင် အများပြည်သူကို အနှောင့်အယှက်ဖြစ်စေသည့် ဆိုင်ကယ်အိတ်ဇောဖြုတ် မောင်းနှင်ခြင်း၊ ဆူညံစွာမောင်းနှင်ခြင်းတို့ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေအပြင် ဒေသန္တရ ဥပဒေဖြင့်ပါ အရေးယူမည်ဖြစ်ကြောင်း ပြည်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောကြားသည်။

ဧပြီလ ၅ရက် ညနေပိုင်းမှ စတင်ကာ ပြည်မြို့နယ်ရှိရပ်ကွက်များအတွင်း သင်္ကြန်ကာလနှင့်သင်္ကြန်ကာလအပြီးတွင်ဆိုင်ကယ်အိတ်ဇောဖြုတ်၊ ပါဝါအိတ်ဇောတပ်မောင်းခြင်း၊ အရေးပေါ်ကား အသံများ တပ်ဆင်မောင်းနှင်ခြင်း မပြုလုပ်ရန် ကြေညာမည်ဖြစ်ကြောင်း ယင်းဆိုင်ကယ်များကို ပြည်မြို့နယ်ရှိ အဖွဲ့ပေါင်းစုံဖြင့် ပူးပေါင်းစစ်ဆေးမည် ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"အိတ်ဇောတပ်မောင်းတာတွေက ရပ်ကွက်ပြည်သူတွေကို အနှောင့်အယှက်ဖြစ်တယ်၊ ညပိုင်းတွေမှာ အသံကျယ်ကြီးတွေနဲ့ဆိုတော့ လူကြီးတွေ၊ သက်ကြီးရွယ်အိုတွေအိပ်တဲ့အချိန်၊ နေမကောင်းသူတွေရှိတော့ ဆူညံသံတွေနဲ့ဆိုတော့ မကောင်းဘူးပေါ့၊ လူငယ်တွေ မောင်းချင်တယ်ဆိုလည်း မြို့ပြင်လို လူမရှိတဲ့နေရာမျိုးတွေ မောင်းလို့ရတာပေါ့၊ လူကြီးတွေကလည်း ဘာသာရေးအကြောင်းပြပြီး ဆူညံသံတွေနဲ့ မလုပ်သင့်ဘူး။ အပြန်အလှန်လေးစား လိုက်နာရင် အဆင်ပြေတာပေါ့" ဟု ပြည်မြို့ မြို့သစ် ရပ်ကွက်တွင် နေထိုင်သူ အသက် ၂၆နှစ်အရွယ် လူငယ်တစ်ဦးက ပြောကြားသည်။

အဆိုပါ ဖမ်းဆီးအရေးယူမှုကို မြို့နယ် ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး၊ မီးသတ်၊ စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့က ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ပြီး ပြစ်ဒဏ်အနေနှင့် ဒဏ်ငွေ ကျပ်သုံးသောင်းမှ ဆိုင်ကယ်သိမ်းသည်အထိ အရေးယူမည် ဖြစ်ကြောင်း ပူးပေါင်းအဖွဲ့ထံမှ သိရသည်။ ■




ဓာတ်ပုံ – မောင်မျိုးထက်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်ကို မလိုက်နာသည့် ဧရာဝတီ တိုင်းဒေသကြီး စာရင်းစစ်ဌာနကို အရေးယူပေးရေးနှင့် ပုသိမ်မြို့ အမှတ် ၁၃ ရပ်ကွက်၊ အမှတ် ၁၄ ရပ်ကွက် စက်မှုဇုန်ဧရိယာရှိ သိမ်းဆည်းခံ တောင်သူများ၏ မြေယာများ ပြန်ရရှိရေးအတွက် ဧပြီလ ၅ရက် နံနက်ပိုင်းက ဒုတိယအကြိမ်မြောက် ဆန္ဒထုတ်ဖော်ခဲ့သည်။

တိုင်းဒေသကြီး စာရင်းစစ်ဌာနမှ ဝန်ထမ်းများပါဝင်သောအဖွဲ့က တားမြစ်နယ်မြေကို ခြံခတ်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကို အရေးယူပေးရန်အတွက် ဦးထွန်းထွန်းဦးက နိုင်ငံတော်သမ္မတဦးထင်ကျော်၊ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြည်သူများသိရှိစေရန် ဧပြီလ ၃ ရက်က သက်ဆိုင်ရာဌာနနှင့် မြေသိမ်းခံရပ်ကွက်တွင် တစ်ကြိမ်၊ ဧပြီလ ၅ ရက်တွင် တစ်ကြိမ် တရားလွှတ်တော်ရှေ့ အစိုးရရုံးနှင့် လူစည်ကားရာ ပုသိမ်မြို့ထဲတွင် တစ်ကိုယ်တော်ဆန္ဒထုတ်ဖော်ခဲ့ကြောင်း ၎င်းကပြောဆိုသည်။

## NEWS IN BRIEF

### မိုင်းယောင်းတွင် အိမ်တစ်လုံးမီးလောင်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၊ ဝမ်တပ်ကျေးရွာအုပ်စု ဝမ်လွတ်ရွာတွင် ဧပြီလ၄ရက် မွန်းလွဲပိုင်းက ဆိုလာမီး အပူလွန်ကဲရာမှ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးကြောင်း ယင်းမြို့နယ် မီးသတ်ဦးစီးဌာနထံမှ သိရသည်။

အလျား ၂၅ပေ ၊ ၁၅ပေရှိ သက်ငယ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာအိမ်တွင် ဆိုလာလျှပ်စစ်နှင့် ဘက်ထရီအိုး အားသွင်းရာမှ အပူလွန်ကဲကာ မီးစတင်လောင်ကျွမ်းခဲ့ပြီး အိမ်တစ်လုံး ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် မိသားစုဝင်လေးဦး မီးဘေးသင့်ခဲ့သဖြင့် အိမ်ရှင် ဦးနွဲ့ခမ်းကျောက်( ၄၀နှစ်)ကို ရာဇသတ်ကြီးပုဒ်မ ၂၈၅ဖြင့် အမှုဖွင့်ထားကြောင်း မိုင်းယောင်းမြို့မ ရဲစခန်းထံမှ သိရသည်။ ■

### လင်မယား စကားများရာမှ နေအိမ်ကို မီးရှို့

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီး မြို့နယ် မုန်းဒေသ မုန်း ၄ ရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် ဧပြီလ ၄ရက် မွန်းလွဲပိုင်းက လင်မယားချင်း စကားများရာမှ ခင်ပွန်းက အိမ်ကိုမီးရှို့ခဲ့သဖြင့် ဒေသခံများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း မုန်းနယ်မြေရဲစခန်းထံမှ သိရသည်။

အသက် ၂၄ နှစ်အရွယ် ကိုအောင်ဟိန်းက အရက်မူးကာ ဇနီးသည်နှင့် စကားများပြီး သုံးပင်ပတ်လည် သက်ငယ်မိုး ပျဉ်ခင်းနေအိမ်ကို မီးရှို့ခဲ့သဖြင့် ဒေသခံများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မိနစ် ၃၀အကြာတွင် မီးငြိမ်းခဲ့ကြောင်း၊ မီးရှို့သူကို ရာဇသတ်ကြီး ပုဒ်မ ၄၃၆ ဖြင့် အမှုဖွင့်ထားကြောင်း မုန်းနယ်မြေမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ ■

### ဗန်းမော်တွင် နိုင်ငံရေး စီမံခန့်ခွဲမှုသင်တန်းပေး

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့အရှေ့သာစည်ရပ်ကွက်ရှိ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးတွင် ဧပြီလ၄ ရက်မှစတင်ကာ ၆ရက်နေ့ထိ နိုင်ငံရေးစီမံခန့်ခွဲမှုနည်းပြ(ဆင့်ပွား)သင်တန်းဖွင့်ခဲ့ကြောင်း ယင်းပါတီထံမှ သိရသည်။

မြို့နယ်အသီးသီးတွင် ပြန်လည်ဆင့်ပွား ပို့ချပေးနိုင်ရေးကို ရည်ရွယ်ကာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ၊ သတင်း / မီဒီယာ အခြေခံ ၊ နိုင်ငံတကာနှင့်မျက်မှောက်ကမ္ဘာ့ရေးရာ၊ လွှတ်တော် ၃ရပ်ဖွဲ့စည်းပုံနှင့် တာဝန်များကို သင်ကြားပေးကာ ဗန်းမော်၊ မန်စီ၊ မိုးမောက်၊ ရွှေကူမြို့နယ်မှ ပါတီဝင်အပါအဝင် လူ၄၀ခန့်တက်ရောက်ခဲ့ကြောင်း ယင်းပါတီထံမှ သိရသည်။ ■ R-14

### ကလေးမြို့တွင် ကိုယ်ပိုင်ယာဉ်တစ်စီး မီးလောင်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ နတ်ချောင်းကျေးရွာ နှင့် သာစည်ကျေးရွာအကြား ကလေး - ဂန့်ဂေါ ကားလမ်းပေါ်တွင် မိုင်တိုင် အမှတ်(၇၀/၇) အနီးတွင် ဧပြီ ၄ ရက် ည ၉ နာရီ ၄၅ မိနစ် ပရိုဘောက်စ် ကိုယ်ပိုင်ယာဉ် တစ်စီး အင်ဂျင်အပူလွန်ကဲရာမှ မီးလောင်ခဲ့ကြောင်း ကလေးမြို့မရဲစခန်းထံမှ သိရသည်။

ယင်းမီးလောင်မှုကြောင့် ယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း၊ ယာဉ်မီးလောင်မှုကြောင့် ယာဉ်မောင်းကို ရာဇသတ်ကြီး ပုဒ်မ ၂၈၅ဖြင့် အမှုဖွင့်ထားကြောင်း၊ ကလေးမြို့မရဲစခန်းမှ ရဲအုပ် သိန်းဆောင် က ပြောကြားသည်။ ■

### ဆိုင်ကယ်နှင့် ကားမျက်နှာချင်းဆိုင်တိုက်၊ တစ်ဦးသေဆုံး

မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်တွင် ဧပြီလ ၄ ရက်နေ့ ည ၈ နာရီခန့်က မော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်တစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာ အသက် ၂၀ ကျော် ဆိုင်ကယ်စီးနင်းသူ သေဆုံးခဲ့ကြောင်း မုံရွာမြို့မရဲစခန်းထံမှ သိရသည်။

"ဆိုင်ကယ်စီးလာသူက ဦးထုပ်ဆောင်းမထားဘူး။ ယာဉ်မောင်းကို အရေးယူထားပါတယ်" ဟု အမှုစစ်ယာဉ်ထိန်းအရာရှိက ပြောဆိုသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း အောင်ကျော်ဟိန်းကို ရာဇသတ်ကြီးပုဒ်မ ၃၀၄-က ပြစ်မှုပုဒ်မ ယာဉ်(ပ) ၃၈/၂၀၁၇ဖြင့် အမှုဖွင့် အရေးယူထားကြောင်း မုံရွာမြို့မစခန်းထံမှ သိရသည်။ ■ R-08

သတင်းကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# ပြည်လမ်းပေါ်တွင် ယာဉ်သုံးစီး ဆင့်တိုက်၊ တစ်ဦးသေ၊ ခြောက်ဦးဒဏ်ရာရ

**ရန်ကုန်၊ ဧပြီ ၅**

မင်္ဂလာဒုံမြို့နယ်၊ ပြည်လမ်းရှိ ပန်းခြံကုန်းမှတ်တိုင်အနီးတွင် ဧပြီလ ၅ ရက် နံနက် ၆ နာရီခန့်က ယာဉ်သုံးစီး ဆင့်တိုက်ရာမှ အငှားယာဉ်မောင်း အမျိုးသား တစ်ဦးသေဆုံးခဲ့ပြီး ပန်းခြင်းများ သယ်ဆောင်လာသည့် ဒိုင်နာယာဉ်ပေါ်ပါ ခရီးသည်ခြောက်ဦး ဒဏ်ရာရခဲ့ကြောင်း ပုလဲမြို့အရန်မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

သီရိမင်္ဂလာဈေးသစ်သို့ ပန်းများ ပို့ဆောင်ရန် မှော်ဘီမှ စော်ဘွားကြီးကုန်းဘက်သို့ ပြည်လမ်းအတိုင်း အရှိန်ဖြင့်မောင်းလာသည့် ဒိုင်နာယာဉ်မှာ ပန်းခြံကုန်းမှတ်တိုင်အနီးတွင် 'ဂ' ကွေ့ကွေ့နေသည့်ကယ်လ်ဒီးနား အငှားယာဉ်တစ်စီးကို ဝင်တိုက်ရာမှ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိုက်ခံရသည့် ကယ်ဒီးနားယာဉ်မှ လွင့်စဉ်ပြီး အခြားအငှားယာဉ်တစ်စီးကို ထပ်မံတိုက်မိရာမှ ကယ်ဒီးနားယာဉ်ပေါ်ပါ အသက် ၄၀ အရွယ် ကယ်ဒီးနားအငှားယာဉ်မောင်း အမျိုးသား ပေါက်ပြဲဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ပြီး ဒိုင်နာယာဉ်ပေါ်ပါ ခရီးသည်အမျိုးသမီးလေးဦးနှင့် ကလေးနှစ်ဦး ထိခိုက်ဒဏ်ရာများရခဲ့ကြောင်း ကယ်ဆယ်ရေး ဆောင်ရွက်ပေးခဲ့သည့် ပုလဲမြို့သစ် အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါယာဉ်တိုက်မှုမှ ယာဉ်မဆင်မခြင်မောင်းနှင်သည့် ဒိုင်နာယာဉ်မောင်း အမျိုးသားကို မင်္ဂလာဒုံမြို့မ ရဲစခန်းက ယာဉ်(ပ) ၂၉/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၃၃၈/၃၃၇/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ S-03

# နိုင်ငံတော်အကြီးအကဲများကို ဆဲဆိုနေသူမှာ စိတ်ဝေဒနာသည်ဟုဆို

**ရန်ကုန်၊ ဧပြီ ၅**

လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်သော ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဧပြီလ ၄ ရက်နေ့က ပျံ့နှံ့ခဲ့သည့် ဘဏ်ရှေ့တွင် နိုင်ငံတော်အကြီးအကဲ ပုဂ္ဂိုလ်များအပေါ် အော်ဟစ်ဆဲဆိုခဲ့သော အမျိုးသားမှာ စိတ်ဝေဒနာခံစားနေရသူဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောသည်။

"ဒီဖြစ်စဉ်က ဖေ့စ်ဘွတ်ခ်မှာ တက်လာတာကြောင့် မီးတန်းလှည့်ကင်းယာဉ်နဲ့သွားပြီး ဆဲဆိုနေသူကို သွားရောက်ထိန်းသိမ်းခဲ့တယ်၊ စုံစမ်းစစ်ဆေးကြည့်တော့ ဒီလူက စိတ်ဝေဒနာခံစားနေရသူဖြစ်မှန်း သိရလို့ သူ့မိသားစုထံ ပြန်အပ်နှံခဲ့ပါတယ်" ဟု တာမွေမြို့မ ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောသည်။

အဆိုပါအမျိုးသားမှာ တာမွေမြို့နယ်တွင် နေထိုင်သည့် အသက် ၇၀ အရွယ် ဦးသန်းထွန်းဖြစ်ပြီး ဧပြီလ ၄ ရက် နံနက် ၁၁ နာရီခန့်က တာမွေကြီး (ခ) ရပ်ကွက်၊ ဦးချစ်မောင်လမ်းရှိ AGD ဘဏ်ရှေ့တွင် ၎င်းက နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်အကြီးအကဲ ပုဂ္ဂိုလ်များ၏ အမည်များကို ရေရွတ်ပြီး အော်ဟစ်ဆဲဆိုနေသောကြောင့် ပတ်ဝန်းကျင်ရှိ လူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ■ S-03

# သံပိုက်လုံးကိုင် ရမ်းကားသည့် YBS ယာဉ်နောက်လိုက်ကို ဖမ်းဆီး

**ရန်ကုန်၊ ဧပြီ ၅**

ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းရှိ Ocean Center ရှေ့တွင် ဧပြီလ ၃ ရက် ညနေ ၅ နာရီခွဲက ပရိဘောဂစ်ယာဉ်မောင်းတစ်ဦးကို ရန်ပြုတိုက်ခိုက်ရန် ကြံစည်နေသည့် သံပိုက်လုံးကိုင်ဆောင်ထားသော YBS ယာဉ်လိုင်း အမှတ်(၄) ခရီးသည်တင်ယာဉ်မှ ယာဉ်နောက်လိုက်ကို လှည့်ကင်းရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းဆီးခံရသည့် အသက် ၂၃ နှစ်အရွယ် ယာဉ်နောက်လိုက် အမျိုးသားမှာ ၎င်းယာဉ်ရှေ့ ပိတ်မောင်းနေသည်ဟုဆိုသော ပရိဘောဂစ်ယာဉ်တစ်စီးပေါ်မှ ယာဉ်မောင်းအမျိုးသားကို ဆဲဆိုပြီး သံပိုက်လုံးဖြင့် ရိုက်နှက်ရန် ကြံစည်စဉ် အနီးရှိ မီးတန်းလှည့်ကင်းယာဉ်မှ ရဲတပ်ဖွဲ့ဝင်များ အချိန်မီ ရောက်ရှိခဲ့သောကြောင့် ရိုက်နှက်မှု မဖြစ်ပွားခဲ့ကြောင်း အခင်းဖြစ်စဉ် မျက်မြင်တွေ့ခဲ့သည့် အငှားယာဉ်မောင်း အမျိုးသားက ပြောသည်။

"သူတို့ကားနှစ်စီး ဘယ်မှာ စငြိခဲ့လဲတော့ မသိဘူး၊ ပရိဘောဂ်ရှေ့မှာ လိုင်းကားက ကန့်လန့်ဖြတ်ပိတ်ပြီး စပယ်ယာက ကားပေါ်ကနေ သံတုတ်ကိုင် ဆင်းလာတာ၊ ပရိဘောဂ်ကားသမားကို ရိုက်မယ့်အချိန် ရဲတွေရောက်လာလို့ တော်သေးတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သံပိုက်လုံးကိုင်ဆောင်၍ လူမြင်ကွင်းတွင် ရမ်းကားခဲ့သော YBS ယာဉ်နောက်လိုက်ကို ပုဇွန်တောင် မြို့မ ရဲစခန်းက ရန်ကုန်ရဲအက် ဥပဒေ ပုဒ်မ ၃၀ (က) ဖြင့် ဧပြီလ ၄ ရက်နေ့က ပုဇွန်တောင်မြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့သော်လည်း ယာဉ်နောက်လိုက်က ၎င်းတွင် အပြစ်မရှိကြောင်း ငြင်းဆိုခဲ့သဖြင့် ချုပ်ရမန်ယူ၍ အင်းစိန်အကျဉ်းထောင်တွင် ဆက်လက်ထိန်းသိမ်းထားကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ S-03

# ညအချိန်မတော် မိန်းကလေးအိပ်ခန်းအတွင်း ကျူးကျော်ဝင်ရောက်သူကို ဝိုင်းဖမ်း

**ရန်ကုန်၊ ဧပြီ ၅**

လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (၈)လမ်းရှိ ၆ လွှာအဆောင်တစ်ခုတွင် အသက် ၂၀ အရွယ်ခန့်ရှိ မိန်းကလေး အိပ်ခန်းအတွင်း ညအချိန်မတော် ကျူးကျော်ဝင်ရောက်ပြီး မဖွယ်မရာပြုလုပ်ရန် ကြံစည်သူအမျိုးသားကို ယင်းအဆောင်နေသူများက ဝိုင်းဝန်းဖမ်းဆီးအရေးယူထားကြောင်း ယင်းမြို့မရဲစခန်းထံမှ သိရသည်။

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်မှ အဆောင်လာရောက်နေထိုင်သူ ပုဂ္ဂလိကခေတ်ခွဲခန်းတွင် အလုပ်လုပ်ကိုင်သူ အသက် ၂၂ အရွယ် ကိုကျော်မျိုးဦးသည် ဧပြီလ ၄ ရက် နံနက် ၄ နာရီခန့်က အဆောင်နေသူ စီးပွားရေးတက္ကသိုလ်ကျောင်းသူတစ်ဦး၏ အိပ်ခန်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ မဖွယ်မရာပြုလုပ်ရန် ကြံစည်စဉ် ဝိုင်းဝန်းဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း လမ်းမတော်မြို့မရဲစခန်းထံမှ အမှုဖွင့်တိုင်ကြားချက်အရ သိရ သည်။

"ကောင်မလေးနဲ့သူနဲ့က ရည်းစားဖြစ်ခဲ့ဖူးတာလည်း မဟုတ်ဘူး၊ အဆောင်အတူနေသူအချင်းချင်းပါ၊ ကောင်မလေးက မိသားစုနဲ့အတူ အိပ်နေတာ၊ မဖွယ်မရာပြုလုပ်ဖို့ ကြိုးစားနေချိန်လန့်နိုးပြီး ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းခဲ့လို့ ဝိုင်းဝန်းဖမ်းဆီးပေးခဲ့တာပါ၊ သူ့ကို ကာယိန္ဒြေပျက်ပြားစေမှု၊ ကျူးကျော်ဝင်ရောက်မှုတွေနဲ့ အမှုဖွင့် စစ်ဆေးနေပါတယ်" ဟု လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြား သည်။

မဖွယ်မရာပြုလုပ်ရန် ကြံစည်ခံရသူမှာ စီးပွားရေးတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသူတစ်ဦးဖြစ်ပြီး ပြစ်မှုကျူးလွန်သည်ဟုဆိုသော အမျိုးသားကို လမ်းမတော်မြို့မရဲစခန်းက (ပ)၄၈/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၄၅၆/၃၅၄ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း ယင်းမြို့မရဲစခန်းထံမှ သိရ သည်။

တာမွေမြို့နယ်၊ ဘိုးလိန်းအောင် မင်္ဂလာရပ်ကွက်၊ နှင်းဆီလမ်းရှိ အလုပြင်ဆိုင်တစ်ဆိုင်တွင် မတ်လ ၃ ရက် နံနက်ပိုင်းက အလှပြင်ဆိုင်ဝန်ထမ်းအသက် ၂၁ နှစ်အရွယ် အမျိုးသမီးကို အသက် ၂၄ နှစ်အရွယ် ကိုညဏ်ထွန်းလင်းက အလိုမတူဘဲ သားမယားပြုကျင့်ခဲ့သည်ဟုဆိုကာ ယင်းမြို့မရဲစခန်းက (ပ)၂၂၆/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်ဖမ်းဆီးထားကြောင်း ယင်းမြို့မရဲစခန်းထံမှ သိရသည်။ ■ J 16

## မှုခင်းသတင်းတိုများ

■ သာကေတမြို့နယ်၊ မင်းနန္ဒာလမ်း၊ သဒ္ဒါရုံမှတ်တိုင်အနီးတွင် ဧပြီလ ၄ ရက် နံနက် ၄ နာရီခွဲက Toyota Corolla အမျိုးအစား အငှားယာဉ်တစ်စီးမှာ အရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းဘေးရပ်ထားသည့် CHENGLONG အမျိုးအစား ယာဉ်နောက်ပိုင်းကို ဝင်တိုက်မိခဲ့သောကြောင့် ယာဉ်နှစ်စီး ပျက်စီးခဲ့ပြီး အသက် ၅၄ နှစ်အရွယ် အငှားယာဉ်မောင်း အမျိုးသားမှာ ပေါက်ပြဲဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့သည်။

■ ရွှေပြည်သာမြို့နယ်၊ ကနောင်မင်းသားကြီးလမ်းရှိ စက်မှု (၆) လမ်းဆုံတွင် ဧပြီလ ၄ ရက် နံနက် ၉ နာရီခွဲက အရှိန်ဖြင့်မောင်းလာသည့် မော်တော်ဆိုင်ကယ်တစ်စီးမှ လမ်းဖြတ်ကူးနေသော အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို ဝင်တိုက်မိရာမှ တိမ်းမှောက်ခဲ့ကြောင်း၊ ဆိုင်ကယ်တိုက်ခံရသည့် အမျိုးသမီးမှာ ပေါက်ပြဲဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

■ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၃၃ ရပ်ကွက်၊ သန္တာလမ်းတွင် ဧပြီလ ၄ ရက် နံနက် ၉ နာရီခွဲက လောင်းကစား သတင်းရရှိထားသည့် နေအိမ်ကို ဝင်ရောက်စစ်ဆေးခဲ့ရာ အသက် ၄၀ အရွယ် အမျိုးသမီး တစ်ဦးထံမှ နှစ်လုံးထီဂဏန်းများ ရေးထားသည့် ဘောက်ချာစာအုပ်များနှင့်အတူ ငွေကျပ်လေးသောင်းကျော် သိမ်းဆည်းရမိခဲ့သည်။

■ မှော်ဘီမြို့နယ်၊ အင်းတန်ကျေးရွာတွင် ဧပြီလ ၄ ရက် ည ၁၀ ခွဲက ဆေးရုံမှ ဆင်းလာသည့် အသက် ၃၁ နှစ် အရွယ် အမျိုးသားတစ်ဦးမှာ အစ်မအရင်းဖြစ်သူနှင့် စကားများရာမှ ၎င်း၏ နေအိမ်အိပ်ခန်းထဲတွင် ကြိုးဆွဲချ၍ မိမိကိုယ်ကိုယ် အဆုံးစီရင်ခဲ့သည်။

■ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းရှိ အသင်းတိုက်မှတ်တိုင်တွင် ဧပြီလ ၄ ရက် မွန်းတည့် ၁၂ နာရီက တိုယိုတာ လိုက်အေ့စ်ယာဉ်တစ်စီးမှ အရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းဘေးရပ်ထားသည့် ကယ်ဒီးနားယာဉ်တစ်စီးကို ဝင်တိုက်ရာမှ တိမ်းမှောက်ခဲ့သောကြောင့် လိုက်အေ့စ်ယာဉ်ပေါ်ပါ အသက် ၁၉ နှစ်အရွယ် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာများ ရခဲ့သည်။

S-03

### မျက်နှာဖုံး - ဝိုင်းမော်တွင် သုံးဘီးယာဉ်မှောက် ၁၀ ဦးသေ မှ အဆက်

သွားရောက်ရန် ကျော်မင်းထွန်း(ခ)ဂျာမင်း ၂၆ နှစ် မောင်းနှင်လာသည့် သုံးဘီးယာဉ်သည် ဘွန်တောင်ကျေးရွာအနီး မိုင်တိုင်အမှတ် ၂၆/၂၇ အကြား ကုန်းဆင်းနေရာတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက် ပေ ၂၀ ခန့် အနက်ရှိ ချောက်အတွင်းသို့ တိမ်းမှောက်ခဲ့ရာ လိုက်ပါလာသူ ၂၆ ဦး အနက်မှ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးရှစ်ဦး သေဆုံးကာ ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ကျော်မင်းထွန်း (ခ)ဂျာမင်းကို မြို့မရဲစခန်း (ဆဒုံး)က (ပ)၄/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ-၃၀၄(က)/၃၃၈/၃၃၇ ဖြင့် အမှုဖွင့်အရေးယူထားသည်။ ■ R-06

The VOICE Daily

CARTOON



## မျက်နှာဖုံး - သင်္ကြန်ရုံးပိတ်ရက်နေရပ်ပြန်သူများ ကားလက်မှတ် မှ အဆက်

ချည်းပဲပြောတယ်။ ပွဲစားတွေကနေ ဝယ်တော့ ပလတ်စတစ်ခုံနဲ့ထိုင်ရမယ့် အလယ်ခုံတောင် ကျပ်၅၅၀၀ ကနေ ၉၀၀၀ လောက်ထိတောင်းလို့ ပြန်မယ့်သူတွေစုပြီး ကားငှားပြန်တော့မယ်" ဟု ကံမမြို့မှ ရန်ကုန်သို့ လာရောက်အလုပ်လုပ်ကိုင်သူ ကိုဖိုးစိုးသူက ဆိုသည်။

ဧပြီလ ၇ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မှနယ်များသို့ ထွက်ရှိမည့် ခရီးစဉ်များတွင် လိုက်ပါမည့်ခရီးစဉ်များ၌ လူပြည့်နေသောကြောင့် ယခုရက်ပိုင်းအတွင်း ကားလက်မှတ်များ ဝယ်ယူရန်ခက်ခဲနေခြင်းဖြစ်ကြောင်း၊ သင်္ကြန်ကာလများတွင် နှစ်စဉ်အဝေးပြေးယာဉ်လိုင်းများမှ ကိုယ်စားလှယ်ဂိတ်ခွဲများသို့ လက်မှတ်ရောင်းချခွင့်မပေးဘဲ ပင်မဂိတ်များတွင်သာ တိုက်ရိုက်ရောင်းချလျက်ရှိကြောင်း အဝေးပြေးယာဉ်များရှိ တာဝန်ရှိသူများထံမှ သိရသည်။

"ကားတွေက ရန်ကုန်က ထွက်ရင်တော့အပြည့်ပဲ၊ ဟိုရောက်ရင် ခါလီပြန်ရတာဖြစ်လို့ ယာဉ်လိုင်းတွေက ၃၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းလောက်အထိ ဈေးတက်ကြတယ်။ ဒါတောင်မှ ကားတိုင်းမှာ ခရီးသည် အပြည့်ပဲ" ဟု ရန်ကုန်-ကံမ ပြေးဆွဲနေသော ရွှေသရက်ယာဉ်လိုင်းမှတာဝန်ရှိသူ ဦးမင်းမျိုးက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က ယခုနှစ်သင်္ကြန်ကာလတွင် အဝေးပြေးကားလက်မှတ်ခများကို ဈေးနှုန်းမတက်ရန်နှင့် ထိရောက်စွာ အရေးယူမည်ဟု ညွှန်ကြားထားသော်လည်း နေရပ်ပြန်လိုသူများအနေနှင့် ကားလက်မှတ်များကို မူရင်းဈေးနှုန်းများထက် ပိုမိုပေး၍ ပွဲစားများမှတစ်ဆင့် ပြန်လည်ဝယ်ယူနေရကြောင်း ခရီးသည်များက ဆိုသည်။

ရန်ကုန်တိုင်းအခြေပြုကာ ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ပြေးဆွဲလျက်ရှိသောယာဉ်လိုင်းများကို စီမံအုပ်ချုပ်လျက်ရှိသော မထသ(အဝေးပြေး)အောင်မင်္ဂလာနှင့် ဒဂုံရောတို့၏စီမံခန့်ခွဲမှု လုပ်ငန်းအားလုံးကို ရန်ကုန်တိုင်းဒေသ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) ထံ မတ်လ ၈ ရက်က လွှဲပြောင်းပေးခဲ့ပြီး ဖြစ်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး လက်ရှိမှာ ဘာမှ မပြောနိုင်သေးဘူး။ အစည်းအဝေးပြန်ခေါ်ဖို့ လုပ်နေတယ်။ အခုဘာမှပြောလို့မရသေးဘူး" ဟု ရန်ကုန်တိုင်း သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်းက ဧပြီလ ၅ ရက်က ပြောဆိုသည်။

ဧပြီလ ၉ ရက်မှ ၁၂ ရက်အထိ ခရီးသည်မပါဘဲ ပြေးဆွဲသည့်အရှုံးပေါ်မှုကို ကာမိရန် မတ်လဒုတိယအပတ်က ကားလက်မှတ်နှုန်း တိုးမြှင့်ကောက်ခံခွင့်ပြုရန် ယာဉ်လိုင်းလုပ်ငန်းရှင်အချို့က ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ YRTA ထံ တောင်းဆိုခဲ့သော်လည်း ရန်ကုန်တိုင်းအစိုးရက ခွင့်ပြုပေးခဲ့ခြင်းမရှိပေ။

အဝေးပြေးယာဉ်လိုင်းများက ကားလက်မှတ်ခဈေးနှုန်းများ မြင့်တက်သော်လည်း လက်မှတ်ဖြတ်ပိုင်းများတွင် ယခင်ပြေးဆွဲခဲ့သော နှုန်းထားများဖြင့်သာ လက်မှတ်ဖြတ်ပေးလျက်ရှိကြောင်း ကိုယ်တိုင်ဝယ်ယူခဲ့ရသည့် ခရီးသည်များက ဆိုသည်။

အဝေးပြေးကားလက်မှတ်များကို သတ်မှတ်ဈေးထက် ပိုမိုဝယ်နေရပြီး လူသွားများသည့် ရန်ကုန်-မန္တလေး ခရီးစဉ်တွင် ယခင်ကျပ် ၁၂၀၀၀ ကို ကျပ် ၁၇၀၀၀၊ နေပြည်တော်ခရီးစဉ်တွင် ကျပ် ၆၈၀၀ ကို ကျပ် ၇၃၀၀၊ မုံရွာခရီးစဉ်တွင် ကျပ် ၁၄၀၀၀ ကို ကျပ် ၁၆၅၀၀ ဖြင့် ဝယ်ယူနေရကြောင်း အဆိုပါခရီးစဉ်ပြန်မည့် ခရီးသည်များက ပြောကြားသည်။

"ပုံမှန်သွားနေကျ ၁၄၀၀၀ ပဲရှိတယ်။ အခုဈေးတက်သွားပြီး။ဒီဈေးနဲ့ပဲ ဝယ်ပြီး ပြန်ရမှာပဲ" ဟု မတ်လ တတိယပတ်က ကြိုတင်လက်မှတ် ဝယ်ယူခဲ့သူ မုံရွာပြန်မည့် ခရီးသည်တစ်ဦးက ဆိုသည်။

လက်ရှိတွင် ရန်ကုန်မှ နေပြည်တော်ခရီးစဉ်ကို မူလထက် လက်မှတ်ခ ကျပ် ၁၅၀၀ ပိုရောင်းချနေပြီး ယင်းသို့ရောင်းချ နေခြင်းမှာ နှစ်စဉ်ဖြစ်ကြောင်း မတ်လ ၁၆ ရက်က နေပြည်တော်ပြန်သည့် ခရီး သည်တစ်ဦးက ပြောကြားသည်။

အဝေးပြေးကားလက်မှတ်အရောင်းကိုယ်စားလှယ်များသည် ကြိုတင်လက်မှတ်များကို ဧပြီလ ၄ ရက်အထိ သာ ရောင်းချပြီး ကျန်ရက်များအတွက် ဝယ်ယူမည်ဆိုပါက အဝေးပြေးဂိတ်သို့ သွားရောက်ဝယ်ယူရကြောင်း ကားလက်မှတ်အရောင်းကိုယ်စားလှယ်များထံ မှ သိရသည်။

သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် နာမည်ကြီးယာဉ်လိုင်းအချို့သည် ကားခဈေးနှုန်းများ မြင့်တက်ခြင်းမရှိသော်လည်း ယင်းရက်ပိုင်းများတွင် ပြေးဆွဲသည့် ခရီးစဉ်များတွင် ခရီးသည်ပြည့်နေသောကြောင့် ကားလက်မှတ်မရရှိကြောင်း ခရီးသည်များထံမှ သိရသည်။


Photo by Slai Kyaw Moe Htun

သင်္ကြန်ကာလတွင် အဝေးပြေးကားလက်မှတ်ခများ တိုးရောင်းနေ ခြင်းမှာ နှစ်စဉ်ဖြစ်ပြီး မည်သို့ပင် ထိရောက်အောင် အရေးယူမည်ဖြစ်စေ တိုးရောင်းခြင်းမှာ ပျောက်ကွယ်သွားခြင်း မရှိကြောင်း၊ ယခု နှစ်တွင်လည်း လက်မှတ်ခ ဈေးကြီးပေးဝယ်ကာ စီးနင်းရကြောင်း မတ်လဒုတိယအပတ်က နေပြည်တော်သို့ပြန်သည့် ခရီးသည်တစ်ဦးက ပြောကြားသည်။

"တိုင်ရင်လည်း မူလဈေးအတိုင်းသာ ပြန်ရတာ အဝေးပြေးဝင်းမှာတင် အချိန်အတော်ပေးရတယ်။ ကားထွက်ချိန်နောက်ကျတာနဲ့ အဆင့်ဆင့်တွေ လုပ်နေတာ မပြီးတာနဲ့ မပေးချင်လည်း တိုးကောက်တာကို လက်ခံပြီး စီးနေရတဲ့ ခရီးသည်တွေအများကြီးပဲ" ဟု ၎င်းက ဆိုသည်။

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတွင် ခရီးသည်တင်ယာဉ်လိုင်း ၂၁၇ လိုင်းရှိပြီး မော်တော်ယာဉ် ၂၂၆၀ စီး ရှိသည်။ ■


# အခမဲ့ ကြော်ငြာကဏ္ဍ Classifieds

| | | | | | |
|---|---|---|---|---|---|
| VENUS Computer & Mobile Phone Service No.1020, Thudamar Road, Block 3, North Okkalapa Ph:09-73192967,09-793466534 09-421147379 | ရွှေကြက် Ph:09-261282766 | အောင်စေဒေသာ် No.1177, Ph: 09-320923181,09-250639367 | EVER TOP 09-253529237 | Hair Master Ph:09-792826528 | JJ (Mobile) Ph: 09-421751179 |
| ပညာမိုး (စာသင်ဝိုင်း) 1st Floor, Ph:09-517325,09-5149400 | ထွန်းတောက်ကြယ်(စာသင်ဝိုင်း) No.484, Ph: 09-5407639 | HTUN (Education Center) Ph:09-25265686,09-784596456 | မဟာမြတ်ပညာ (စာသင်ဝိုင်း) Ph:09-450029409 | NY (Education & Language Centre) Ph:09-421062984 | မဟာစံ |
| ကိုဇော် (ကုန်စုံဆိုင်) Ph: 09-789821273 | အလှသစ် Ph:09-5161173,09-31035920 | Ph:09-421042859 | Ph:01-388223,09-5049572 | Family Mobile (Mobile Phones Sales & Services) No (43,B), Neikbankyaung Street, Bahan | Ph:09-421050829 |
| အောင်ပြည့်တန် Ph:09-253048995 | Myanmar Billard&Snooker Ph:01-375104,09-73006747 | ရွှေအိမ်စံ ဆန်ဆိုင် Ph:01-394769,09-5077647 | Ph:09-5160933,09-785160933 | (Stainless Steel & Home Decoration) No 99/B, Yarza Di Yit Rd, Ward (B), EDGN Ph:09-450011720,09-252090539 | Asia Star Ph:09-5099346,09-73095172 |
| GI ဒိုက်၊ PVC,PPR | Angel Gym Ph:09-5408407,09-8621071, 09-253523324 | Neo Sport No.376, Ph:09-250360127 | HJ အောင်အောင်လွင် No.16, Ph:09-5093893 | MMM Car Sales Center No.19/20, Ph:09-797985859 | Rain Pearl Hair & Beauty 19/007, Zawtika St,4 Quarter, Hanthar Yeikmon Housing (Front of PMG Factory) Kamayut Ph:09-420317886 |

# မက်ဆီကို အာဂျင်တီးနားသူလျှိုအဖွဲ့ လျှို့ဝှက်ထောက်လှမ်း

**ဗျူနိုအေရိစ်၊ ဧပြီ ၅**

အာဂျင်တီးနားသမ္မတ မော်ရီစီယို မာစီသည် ဘာစီလိုနာတိုက်စစ်မှူးမက်ဆီနှင့် မက်ဆီ၏မိသားစုဝင်များကို လျှို့ဝှက်ထောက်လှမ်းရန် Agent G(အေးဂျင့်ဂျီ) ဟု အမည်ရသည့် သူလျှိုအဖွဲ့တစ်ဖွဲ့ကို တာဝန်ပေးအပ်ထားကြောင်း The Guardian က ဖော်ပြထားသည်။

အာဂျင်တီးနားသမ္မတသည် ၂၀၁၅ ခုနှစ်အတွင်း၌ ကမ္ဘာကို ဂယက်ရိုက်ခတ်ခဲ့သည့် ပနားမား စာရွက်စာတမ်းအရှုပ်တော်ပုံတွင် မက်ဆီ ပါဝင်ပတ်သက်နေသည့်အတွက် ယင်းကိစ္စကို စစ်ဆေးဖော်ထုတ်ရန် အေးဂျင့်ဂျီအဖွဲ့ကို တာဝန်ပေးလိုက်ခြင်းဖြစ်ပြီး လက်ရှိတွင် ယင်းအဖွဲ့က မက်ဆီနှင့် မက်ဆီမိသားစုဝင်များ၏ငွေအလွှဲအပြောင်းကိစ္စများကို စောင့်ကြည့်လျက်ရှိကြောင်း စပိန်သတင်းစာ Marca ကလည်း ရေးသားထားသည်။

ပနားမား စာရွက်စာတမ်းအရှုပ်တော်ပုံသည် ကမ္ဘာ့နာမည်ကျော်များ အခွန်တိမ်းရှောင်နိုင်စေရန်အတွက် အထောက်အထားအတုများ ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းစဉ်ကြီးဖြစ်ကာ မက်ဆီမှာ အခွန်ငွေပမာဏ ပေါင် ၁ ဒသမ ၇ သန်းဝန်းကျင်ကို တိမ်းရှောင်နိုင်စေရန် ပနားမား စာရွက်စာတမ်း အရှုပ်တော်ပုံနောက်ကွယ်ရှိ ပုဂ္ဂိုလ်များနှင့်ဆက်သွယ်ခဲ့ကြောင်း စပိန်အစိုးရ ရှေ့နေများ၏အမှုစွဲဆိုခြင်းကိုလည်း ခံထားရသည်။

စပိန်တရားရုံးချုပ်သည် မက်ဆီကို ပနားမားစာရွက်စာတမ်း အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်ကာ အခွန်တိမ်းရှောင်ခဲ့ခြင်းအတွက် ထောင်ဒဏ် ၂၁ လ ချမှတ်ထားပြီး ယင်းအမှုတွင် မက်ဆီ၏ဖခင်ဖြစ်သူ ဂျော့ချ်မှာလည်း အမှုတွဲတစ်ခုတည်းအဖြစ် ပါဝင်လျက်ရှိသည်။

မက်ဆီနှင့် ၎င်း၏ဖခင်တို့သည် စပိန်နိုင်ငံတွင် ပြဋ္ဌာန်းထားသည့် ဥပဒေအရ ၂ နှစ်နှင့်အောက် ထောင်ဒဏ်ကို အကျဉ်းထောင်ပြင်ပတွင် ခံဝန်ကတိဖြင့် ဖြတ်သန်းခွင့်ရှိသည့်အတွက် ၎င်းတို့၏အလုပ်အကိုင်များကို အဆင်ပြေစွာဖြင့် ဆက်လက်လုပ်ကိုင်နေနိုင်ခြင်းဖြစ်ကာ ယင်းပြစ်ဒဏ်ကို မကျေနပ်သည့်အတွက် မက်ဆီက အယူခံတင်သွင်းထားသည်ကို လာမည့်ဧပြီလ ၂၀ ရက်နေ့တွင် အယူခံတရားရုံးက ပြန်လည်ကြားနာပေးတော့မည်လည်းဖြစ်သည်။

အာဂျင်တီနားသမ္မတ မာစီသည် ပနားမား စာရွက်စာတမ်းအရှုပ်တော်ပုံတွင် အာဂျင်တီးနားနိုင်ငံသား အထင်ကရပုဂ္ဂိုလ်များစွာ ပါဝင်ပတ်သက်နေကြောင်း သံသယဖြစ်ဖွယ်ရာ အချက်အလက်များ ထွက်ပေါ်လာခဲ့သည့်အတွက် အဆိုပါပုဂ္ဂိုလ်များ၏လှုပ်ရှားမှုများကို စောင့်ကြည့်ရန် အေးဂျင့်ဂျီသူလျှိုအဖွဲ့ကို တာဝန်ပေးလိုက်ခြင်းဖြစ်သည်။ ■ E-11



# ဇွဲကပင်နှင့် GFA ကစားသမားများကို ပြစ်ဒဏ်ချမှတ်

**ရန်ကုန်၊ ဧပြီ ၅**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းများအနက် ပြိုင်ဘက်အသင်းများမှ ကစားသမားများကို ရန်ပြုခဲ့သည့် ဇွဲကပင်နှင့် GFA အသင်းတို့မှ ကစားသမားများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ဧပြီလ ၅ ရက်နေ့က ပြစ်ဒဏ်များချမှတ်လိုက်သည်။

ဧပြီ ၁ ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် နေပြည်တော်အသင်းနှင့် GFA အသင်းတို့၏ပွဲစဉ်၊ မကွေးအသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့၏ပွဲစဉ်နှင့်ပတ်သက်၍ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပြစ်ဒဏ်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။

နေပြည်တော်နှင့် GFA အသင်းတို့ပွဲစဉ်တွင် ပွဲကစားချိန် ၇၂ မိနစ်၌ GFA အသင်းမှ ကျောနံပါတ် (၂၃) မောင်မောင်ဝင်းနှင့် နေပြည်တော်အသင်းမှ ကျောနံပါတ် (၄၃) Salifii တို့ဘောလုံးယှဉ်လုရာ၌ ဒိုင်လူကြီးက GFA အသင်းဘက်သို့ ပြစ်ဒဏ်ဘော သတ်မှတ်ပေးခဲ့ရာ ယင်းအသင်းမှ မောင်မောင်ဝင်းက Salifii ၏ နောက်ကျောကို လက်သီးဖြင့်ထိုးသောကြောင့် ဒိုင်လူကြီးမှ မောင်မောင်ဝင်းကို တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့ရသည်။

မကွေးနှင့် ဇွဲကပင်ယူနိုက်တက်တို့၏ ပွဲစဉ်တွင်လည်း ပွဲကစားချိန် (၅၂) မိနစ်တွင် မကွေးအသင်းမှ ကျောနံပါတ် (၈) စွမ်းထက်အောင်နှင့် ဇွဲကပင်အသင်းမှ ကျောနံပါတ် (၇) ဇင်ဖြိုးအောင်တို့ ဘောလုံးယှဉ်လုရာတွင် ကြမ်းတမ်းသဖြင့် ဒိုင်လူကြီးက ပြစ်ဒဏ်ဘောသတ်မှတ်ခဲ့ရာ ဇင်ဖြိုးအောင်က စွမ်းထက်အောင်၏လည်ပင်းကိုလက်ဖြင့် ညှစ်၍ ထိုးလိုက်သည့်အတွက် ဒိုင်လူကြီးက ဇင်ဖြိုးအောင်ကို တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။

ယင်းလုပ်ရပ်များကြောင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက GFA အသင်းမှ မောင်မောင်ဝင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းမှ ဇင်ဖြိုးအောင်တို့ကို စည်းကမ်းထိန်းသိမ်းရေးမူ အပိုဒ် ၄ အရ လေးပွဲပယ်နှင့် ကျပ် လေးသိန်းစီ ပေးဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

■ J-04



# အီဘရာဟီမိုဗစ်၏သွင်းဂိုးကို လူကျံဘောသတ်မှတ်ခဲ့သည့်အတွက် မော်ရင်ညို အပြစ်မဆို၊ ဗီဒီယိုဒိုင်လူကြီး ထားရှိရန် အမြန်ဆုံးစဉ်းစားသင့်ကြောင်းသာ တိုက်တွန်း

**မန်ချက်စတာ၊ ဧပြီ ၅**

မန်ယူနည်းပြ မော်ရင်ညိုသည် မန်ယူနှင့် အဲဗာတန်တို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ၎င်း၏တိုက်စစ်မှူး အီဘရာဟီမိုဗစ် ခေါင်းတိုက်သွင်းယူခဲ့သည့် ဂိုးတစ်ဂိုးကို စည်းကြပ်ဒိုင်လူကြီးက လူကျံဘောအဖြစ် သတ်မှတ်ပယ်ဖျက်လိုက်သည့်အတွက် မကျေနပ်မှုများရှိနေသော်လည်း အပြစ်မတင်ခဲ့ကြောင်း The Mirror က ဖော်ပြထားသည်။

အဲဗာတန်သည် ပွဲအစ ၂၂ မိနစ်တွင် နောက်ခံလူ ဂျာဂီရယ်လ်ကာ သွင်းယူသည့်ဂိုးဖြင့် မန်ယူကို ဦးဆောင်နိုင်ခဲ့ကာ ယင်းဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုသို့ အရောက်တွင်မှ မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်က ပင်နယ်တီကတစ်ဆင့် ပြန်လည်ချေပသွားခဲ့ခြင်းဖြစ်သည်။

အီဘရာဟီမိုဗစ်သည် ပွဲကစားချိန် ပထမပိုင်းအတွင်း ဟာရီရာ၏ဖြတ်တင်ဘောကို ခေါင်းတိုက်ကာ မန်ယူအတွက် ဂိုးတစ်ဂိုး ရယူပေးခဲ့ပြီး ယင်းဂိုးကို စည်းကြပ်ဒိုင်လူကြီး စကော့လက်ဒ်ဂျာက လူကျံနေကြောင်း အလံထောင်ပြခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီး နေးလ်ဆွာဘရစ်ခ်က ပယ်ဖျက်ပစ်လိုက်ခြင်းဖြစ်သည်။

သို့သော် ရုပ်သံအနှေးပြကွက်များဖြင့် တိုက်ဆိုင်စစ်ဆေးရာတွင် အီဘရာဟီမိုဗစ်မှာ အဲဗာတန်နောက်ခံလူ အက်ရှ်လေဝီလျံနှင့် မျဉ်းတစ်ဖြောင့်တည်းအနေအထားတွင် ရှိနေခဲ့ပြီး အီဘရာဟီမိုဗစ်ကလည်း ၎င်းမှာ အဲဗာတန်နောက်ခံကစားသမားတစ်ဦး၏ နောက်ကျောဘက်က ဖြတ်ကျော်ပြေးတက်လာခဲ့ခြင်းဖြစ်သည့်အတွက် လူကျံရန်အကြောင်းမရှိကြောင်း မကျေမချမ်း ပြောကြားသွားခဲ့သည်။

မန်ယူနည်းပြ မော်ရင်ညိုသည် အီဘရာဟီမိုဗစ်၏ခေါင်းတိုက်သွင်းဂိုးကို လူကျံဘောအဖြစ် အလံထောင်လိုက်သည့် စည်းကြပ်ဒိုင်လူကြီး၏ဆုံးဖြတ်ချက်ကို အပြစ်တင်စကား မဆိုခဲ့ဘဲ ပြိုင်ဆိုင်မှုပြင်းထန်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဗီဒီယိုဒိုင်လူကြီး ထားရှိအသုံးပြုရန် အမြန်ဆုံး စီစဉ်သင့်ပြီဖြစ်ကြောင်းသာ တိုက်တွန်းသွားခဲ့ပြီး အကယ်၍ ဗီဒီယိုဒိုင်လူကြီးရှိခဲ့မည်ဆိုပါက ယင်းဂိုးမှာ မန်ယူအသင်း မလွဲမသွေရရှိမည့်ဂိုးပင်ဖြစ်သည်ဟု မော်ရင်ညိုက အသိပေးသွားခဲ့သည်။

ရုပ်သံအစီအစဉ်တင်ဆက်သူအဖြစ် တာဝန်ထမ်းဆောင်နေသော အာဆင်နယ်အသင်း တိုက်စစ်မှူးဟောင်း အီယန်ရိုက်ကလည်း အီဘရာဟီမိုဗစ်၏ခေါင်းတိုက်ဂိုးမှာ တဒင်္ဂအခြေအနေတွင် ဆုံးဖြတ်ရမည်ဆိုပါက အမှားအယွင်းဖြစ်သွားနိုင်သည့် ဂိုးဟု သုံးသပ်သွားခဲ့ပြီး ရုပ်သံအနှေးပြကွက်များကို တစ်ဆင့်ချင်း စစ်ဆေးမှသာလျှင် လူမကျံခဲ့သည်ကို တွေ့ရှိနိုင်လိမ့်မည်ဟု ၎င်းက ပြောကြားသွားခဲ့သည်။ ■ E-11

# စပါးကွင်းလယ်လူ ဟယ်ရီဝင့်ခ် ရာသီကုန်ဆုံးချိန်တိုင်သည်အထိ နားရမည်

**လန်ဒန်၊ ဧပြီ ၅**

စပါးအသင်းကွင်းလယ်ကစားသမား ဟယ်ရီဝင့်ခ်သည် စပါးက ဘန်လေကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင်ရရှိခဲ့သော ခြေမျက်စိဒဏ်ရာ ပြင်းထန်သည့်အတွက် လက်ရှိဘောလုံးရာသီ ပြီးဆုံးချိန်တိုင်သည်အထိ အနားယူရတော့မည်ဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။

စပါးအသင်းဆေးအဖွဲ့သည် ဟယ်ရီဝင့်ခ်၏ဒဏ်ရာကို စစ်ဆေးရာတွင် အရွတ်များ ဆိုးဆိုးရွားရွား စုတ်ပြဲနေသည်ကို တွေ့ရှိခဲ့ရကာ ဒဏ်ရာကို ခွဲစိတ်ကုသရန် လိုအပ်၊ မလိုအပ်ကို ဆက်လက်စစ်ဆေးအဖြေရှာနေကြောင်း စပါးအသင်းဆေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

စပါးနှင့် ဘန်လေတို့ယှဉ်ပြိုင်ခဲ့ကြသည့် အဆိုပါပရီးမီးယားလိဂ်ပွဲစဉ်တွင် ဟယ်ရီဝင့်ခ် ဒဏ်ရာရရှိချိန်၌ စပါးအသင်းဆေးအဖွဲ့တာဝန်ရှိသူများသာမက ဘန်လေအသင်းဆေးအဖွဲ့ဝန်ထမ်းများကပါ ဝိုင်းဝန်းပြုစု ကုသပေးခဲ့ရပြီး အဆုံးသတ်တွင် ၎င်းကို အောက်ဆီဂျင်အကူအညီဖြင့် အသက်ရှူစေကာ ကွင်းပြင်သို့ ထမ်းစင်ဖြင့် သယ်ထုတ်ရန် ဆေးအဖွဲ့တာဝန်ရှိသူများက ဆုံးဖြတ်ချက်ချလိုက်ကြရသည်။

အသက် ၂၁ နှစ်အရွယ်ရှိဟယ်ရီဝင့်ခ်သည် နည်းပြပိုချက်တီနို၏နေရာပေးမှုဖြင့် ထင်ပေါ်လာခဲ့သူတစ်ဦးဖြစ်ကာ မျှားမကြာမီကပင် အသင်းဘက်က ကမ်းလှမ်းသည့် ငါးနှစ်သက်တမ်း စာချုပ်သစ်တစ်ရပ်ကို ဟယ်ရီဝင့်ခ်က လက်မှတ်ရေးထိုးခဲ့သည်။

ဟယ်ရီဝင့်ခ်သည် လက်ရှိဘောလုံးရာသီတွင် စပါးအသင်းကို ကိုယ်စားပြု၍ ပြိုင်ပွဲအရပ်ရပ်၌ ပွဲစဉ် ၃၃ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ဒဏ်ရာပြဿနာကြောင့် အနားယူနေရသည့် တိုက်စစ်မှူး ဟယ်ရီကိန်းကမူ ကြံ့ခိုင်မှုပြန်လည် ပြည့်ဝလာခဲ့ပြီဖြစ်၍ မျှားမကြာမီအချိန်အတွင်း အသင်းနှင့်အတူ ပွဲထွက်နိုင်ဖွယ်ရှိနေပြီဖြစ်ကြောင်း စပါးက ထုတ်ပြန်ကြေညာထားသည်။

■ E-11








# ခြေမျက်စိဒဏ်ရာ မသက်သာသည့်အတွက် ဆန်းဒါးလန်းနှင့်ပွဲစဉ်ကို ရူနီ ဆက်လက်လွဲချော်ဖွယ်ရှိ

**မန်ချက်စတာ၊ ဧပြီ ၅**

မန်ယူတိုက်စစ်မှူး ရူနီသည် လက်ရှိ ရင်ဆိုင်နေရသည့် ခြေမျက်စိဒဏ်ရာ မသက်သာသည့်အတွက် လာမည့်တနင်္ဂနွေနေ့တွင် ဆန်းဒါးလန်းနှင့်ယှဉ်ပြိုင်ရမည့် ပရီးမီးယားလိဂ်ပွဲစဉ်ကို ဆက်လက်လွဲချော်ရဖွယ်ရှိနေပြီဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။

ရူနီသည် မန်ယူနှင့် ဝက်စ်ဘရွန်းတို့ တစ်ဖက်နှင့်တစ်ဖက် ဂိုးမရှိသရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပွဲပြီးဆုံးရန် မိနစ်ပိုင်းအလို၌ လူစားဝင်ကစားသမားအဖြစ် ပါဝင်ကစားခဲ့သေးကာ ယင်းပွဲစဉ်အပြီးတွင် ဒဏ်ရာပြဿနာဖြစ်ပေါ်လာခဲ့သည့်အတွက် အဲဗာတန်နှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်၌ ၎င်းကို အသင်းလူစာရင်းမှ နေ၍ ဖယ်ထုတ်ထားရန် နည်းပြမော်ရင်ညိုက ဆုံးဖြတ်လိုက်ရသည်။

ရူနီသည် လက်ရှိတွင်လည်း ဒဏ်ရာနာကျင်မှုကြောင့် အသင်း၏လေ့ကျင့်ရေးအစီအစဉ်များကို ဆက်လက်လွဲချော်နေဆဲဖြစ်ကာ ခြေမျက်စိနှစ်ဖက်လုံး ထိခိုက်ထားသည့်အခြေအနေကြောင့် ကြံ့ခိုင်မှုအပြည့်ဖြင့် ဘောလုံးပြန်ကစားနိုင်ရန်အတွက် ရူနီအနေနှင့် အနိမ့်ဆုံးအဖြစ် သီတင်းနှစ်ပတ်ဝန်းကျင် အနားယူရဖွယ်ရှိနေကြောင်း မန်ယူအသင်း ဆေးအဖွဲ့တာဝန်ရှိသူတစ်ဦးက ရှင်းပြသွားခဲ့သည်။

ရူနီသည် လက်ရှိဘောလုံးရာသီစတင်ချိန်တွင် နည်းပြမော်ရင်ညိုလက်အောက်၌ ပုံမှန်ပွဲထွက်ကစားသမားအဖြစ် နေရာပေးခြင်းခံခဲ့ရသော်လည်း နောက်ပိုင်းတွင်မူ ၎င်း၏စွမ်းဆောင်ရည်ကို နည်းပြမော်ရင်ညိုက အားရကျေနပ်ခြင်း မရှိတော့သည့်အတွက် အရန်အဖြစ်ဖြတ်သန်းရသည့် အခြေအနေကို ရူနီက ရင်ဆိုင်လိုက်ရခြင်းဖြစ်သည်။

နည်းပြမော်ရင်ညိုသည် အသင်းအဓိက ကစားသမားအချို့၏ဂိုးသွင်းအားကျဆင်းနေခြင်းကို လွန်စွာဘဝင်မကျ ဖြစ်နေပြီး ဂိုးရရန်အတွက် အီဘရာဟီမိုဗစ်တစ်ဦးတည်းကို အားကိုးနေရသည်မှာ စိတ်ပျက်ဖွယ် ကောင်းလွန်းလှသည်ဟု မော်ရင်ညိုက ဖွင့်ဟဝန်ခံသွားခဲ့ပြီလည်းဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "အခုအချိန်မှာ အီဘရာဟီမိုဗစ် အစွမ်းပြနိုင်ဖို့ကိုပဲ ကျွန်တော်တို့ မျှော်လင့်နေရပါတယ်။ ပေါ့ဂ်ဘာ၊ အမ်ခီတာယန်၊ ဟာရီရာ၊ ရတ်ရှ်ဖို့ဒ်နဲ့ မာတီရယ်လ်တို့ဟာ ကျွန်တော်ရည်ရွယ်ထားသလို ဖြစ်မလာခဲ့ကြပါဘူး။ သူတို့ဟာ အသင်းအတွက် အရေးပါတဲ့သွင်းဂိုးတွေကို အီဘရာဟီ မိုဗစ်နည်းတူ ရယူပေးမယ့်သူတွေလို့ ကျွန်တော် ယူဆထားခဲ့တာပါ။ အခုဆိုရင် မန်ယူက ဂိုးရဖို့အတွက် အီဘရာဟီမိုဗစ် တစ်ယောက်တည်းကို အားကိုးနေရမှန်း ပြိုင်ဘက်တွေက သတိထားမိသွားပါပြီ။ အီဘရာဟီမိုဗစ် လူကပ် ထိန်းချုပ်ခံရတဲ့ ပွဲတိုင်းမှာ ကျွန်တော်တို့ အခက်တွေ့ရပါတယ်"ဟု ပြောကြားသွားခဲ့သည်။ ■E-11

# ပီယာလိုကို လက်ထောက်နည်းပြအဖြစ်ခေါ်ယူရန် ကွန်တီစိစဉ်

**လန်ဒန်၊ ဧပြီ ၅**

ချယ်လ်ဆီးနည်းပြ ကွန်တီသည် ၎င်း၏ လက်ထောက်နည်းပြအဖြစ် အမေရိကန်မေဂျာလိဂ်ကလပ် နယူးယောက်စီးတီးတွင် ပါဝင်ကစားနေသည့် ဂျူဗင်တပ်ကွင်းလယ်လူဟောင်း ပီယာလိုကိုခေါ်ယူရန် ဆန္ဒရှိနေကြောင်း Sportmail က ဖော်ပြထားသည်။


Sports Mail

ကွန်တီ၏လက်ထောက်နည်းပြများ အနက်တွင် တစ်ဦးအပါအဝင်ဖြစ်သော စတိဗ်ဟော်လန်သည် လက်ရှိဘောလုံးရာသီ ပြီးဆုံးချိန်တွင် ချယ်လ်ဆီးကို ကျောခိုင်းစွန့်ခွာ၍ အင်္ဂလန်လက်ရွေးစင်အသင်းထံသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်တော့မည်ဖြစ်ကာ ကစားသမားဘဝဖြတ်သန်းမှုအတွေ့အကြုံကောင်းများစွာ ရှိထားနှင့်ပြီးဖြစ်သော ပီယာလိုအတွက် နည်းပြဘဝသို့ ကူးပြောင်းမည်ဆိုပါက အခက်အခဲကြီးကြီးမားမားရှိနိုင်လိမ့်မည်မဟုတ်ဟု ကွန်တီက မှတ်ချက်ပေးပြောကြားခဲ့သည်။

အသက် ၃၇ နှစ်အရွယ်ရှိ ပီယာလိုသည် လက်ရှိအချိန်တိုင်သည်အထိ နယူးယောက်စီးတီးအတွက် ကစားပေးနေဆဲဖြစ်ကာ အကယ်၍ နည်းပြကွန်တီ၏လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်လိုပါက ကစားသမားဘဝက အနားယူမည့်ဆုံးဖြတ်ချက်တစ်ရပ်ကို ပီယာလိုက မလွဲမသွေ ချမှတ်ရတော့မည်လည်းဖြစ်သည်။

ပီယာလိုသည် ဂျူဗင်တပ်နှင့် အီတလီလက်ရွေးစင်အသင်းတို့ကို ကိုယ်စားပြုခဲ့စဉ်ကာလအတွင်း နည်းပြကွန်တီနှင့် ပုဂ္ဂိုလ်ရေးအရ လွန်စွာရင်းနှီးခဲ့ဖူးကာ လွန်ခဲ့သည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း၌ ချယ်လ်ဆီးအသင်းပိုင် လေ့ကျင့်ရေးကွင်းသို့ ပီယာလိုက လာရောက်လည်ပတ်ခဲ့ဖူးသေးသည်။

ချယ်လ်ဆီးလက်ထောက်နည်းပြဟောင်း ရေးလ်ဝီလ်ကင်းစ်သည် ကွန်တီသာ အမှန်တကယ် နားချစည်းရုံးမည်ဆိုပါက ပီယာလိုမှာ ကစားသမားဘဝ ဖြတ်သန်းမှုကိုအဆုံးသတ်၍ နည်းပြဘဝသို့ ကူးပြောင်းရောက်ရှိလာလိမ့်မည်ဟု မှတ်ချက်ပေးထားပြီး ပီယာလိုကို လက်ထောက်နည်းပြအဖြစ် ခန့်အပ်နိုင်ခဲ့မည်ဆိုပါက ကွန်တီ၏ချယ်လ် ဆီးနည်းပြဘဝဖြတ်သန်းမှုမှာ ယခုထက်ပို၍ သက်သောင့်သက်သာဖြစ်သွားဖွယ်ရှိကြောင်းလည်း ဝီလ်ကင်းစ်က အသိပေးထားသေးသည်။ ■E-11

# မန်ယူအသင်းဖော်များကို အီဘရာဟီမိုဗစ် ဝေဖန်၊ ကြောင်ပေါက်စများနှင့် တွဲဖက်ကစားရသည့် ခြင်္သေ့ဘဝဖြစ်ကြောင်း ဖွင့်ဟ

**မန်ချက်စတာ၊ ဧပြီ ၅**

မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် အသင်းဖော်များ၏စွမ်းဆောင်ရည်ပိုင်းဆိုင်ရာကို မေးခွန်းထုတ်ဝေဖန်လိုက်ပြီး ၎င်းမှာ ကြောင်ပေါက်စများနှင့် တွဲဖက်ကစားနေရသည့် ခြင်္သေ့ဘဝသို့ရောက်နေကြောင်း အီဘရာဟီမိုဗစ် က ဖွင့်ဟပြောကြားသွားခဲ့သည်ဟု The Sun က ဖော်ပြထားသည်။

အီဘရာဟီမိုဗစ်သည် မန်ယူအသင်းဖော်များ၏ဖိအားများအောက်က ရုန်းထွက်နိုင်စွမ်းကင်းမဲ့မှုကို စိတ်တိုင်းမကျ ဖြစ်နေပြီး အိမ်ကွင်းအိုးလ်ထရက်ဖို့ဒ်တွင် သရေပွဲစဉ်များ လွန်စွာများပြားနေရသည်မှာ ကစားသမားများ၏ဖိအားဒဏ်သက်ရောက်မှုကို မတွန်းလှန်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း အီဘရာဟီမိုဗစ်က သုံးသပ်ထားသည်။

အီဘရာဟီမိုဗစ်သည် မန်ယူအသင်းလူစာရင်းမှာ လက်ရှိတွင် ချန်ပီယံဆုကို စိန်ခေါ်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာနှစ်ခုလုံးတွင် အားနည်းချက်များ ရှိနေသည်ဟု ဖွင့်ဟဝန်ခံထားပြီး ၎င်းမှာ အသင်းတွင်ရှိသည့် တစ်ကောင်တည်းသောခြင်္သေ့ဖြစ်ကြောင်း အီဘရာဟီမိုဗစ်က အသိပေးသွားခဲ့သည်။

အီဘရာဟီမိုဗစ်သည် မန်ယူထံတွင် ခြင်္သေ့ကဲ့သို့ တိုက်ပွဲဝင်စိတ်ဓာတ်မျိုးဖြင့် ကစားနိုင်မည့် ကစားသမားများစွာ လိုအပ်နေသေးကြောင်း ထောက်ပြထားပြီး အဲဗာတန်နှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ရသည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် လက်ရှိဘောလုံးရာသီ၌ မန်ယူ၏အိမ်ကွင်းပရီးမီးယားလိဂ် သရေပွဲအရေအတွက်မှာ ကိုးပွဲသို့တိုင် မြင့်တက်သွားခဲ့ပြီဖြစ်သည်။

BT Sport သတင်းဌာနနှင့်တွေ့ဆုံခဲ့ရာတွင် အီဘရာဟီမိုဗစ်က "အမှတ်ပေးဇယားရဲ့ဘယ်နေရာကိုရောက်နေတယ်ဆိုတာက ကျွန်တော်တို့အတွက် အဖြေပါပဲ။ ဒီနှစ်ဘောလုံးရာသီအတွင်း ကျွန်တော်တို့မှာ လိုအပ်ချက် ဘယ်လောက်များများ ရှိနေတယ်ဆိုတာကို အမှတ်ပေးဇယားရပ်တည်မှုက သက်သေခံနေပါတယ်။ ကျွန်တော်က ဒုတိယဆိုတာမျိုးကိုတောင် ခံစားနိုင်စွမ်း မရှိပါဘူး။ မန်ယူမှာ လိုအပ်နေတာက ခြင်္သေ့လိုစိတ်ထားမျိုးနဲ့ တိုက်ပွဲဝင်မယ့် ကစားသမားတွေပါပဲ။ အခုက ခြင်္သေ့ဆိုလို့ ကျွန်တော်တစ်ယောက်တည်းပဲရှိပါတယ်။ ကျန်တာတွေက ကြောင်ပေါက်စလေးတွေပါ"ဟု ပြောကြားသွားခဲ့သည်။ ■E-11


AP

# မကွေးအက်ဖ်စီနှင့် ဘိုအန်ကက်အန်ကောတို့ တစ်ဂိုးစီ သရေကျ

**ရန်ကုန်၊ ဧပြီ ၅**

မြန်မာနေရှင်နယ်လိဂ်ကလပ် မကွေးအက်ဖ်စီအသင်းသည် အေအက်ဖ်စီဖလားပြိုင်ပွဲ၏စတုတ္ထမြောက်အုပ်စုပွဲစဉ် အဖြစ် ကမ္ဘောဒီးယားကလပ် ဘိုအန်ကက်အန်ကောနှင့်ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ကျေနပ်လိုက်ရသည့်အတွက် နောက်တစ်ဆင့်သို့ ဆက်လက်တက်လှမ်းနိုင်ရန် ခက်ခဲသွားခဲ့ရပြီဖြစ်သည်။

မကွေးအက်ဖ်စီသည် လက်ရှိတွင် အုပ်စုပွဲစဉ်လေးပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီးပြီဖြစ်ကာ ယင်းပွဲစဉ်လေးပွဲတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ဖြင့် မကွေးအက်ဖ်စီက ရမှတ်နှစ်မှတ်သာ ရရှိထားသေးသည်။

မကွေးအက်ဖ်စီသည် လက်ကျန်ပွဲစဉ်များအဖြစ် လာမည့် ဧပြီလ ၁၉ ရက်နေ့တွင် ဖိလစ်ပိုင်ကလပ် မနီလာအသင်းကို အိမ်ကွင်း၌လည်းကောင်း၊ မေလ ၅ ရက်နေ့တွင် မလေးရှားကလပ် ဂျိုးဟိုးဒါရုးလ်အသင်းကို အဝေးကွင်း၌လည်းကောင်း ဆက်လက်ရင်ဆိုင်ရလိမ့်မည်ဖြစ်ပြီး ယင်းပွဲစဉ်နှစ်ပွဲလုံးတွင် အနိုင်ရလဒ်ကို ရယူနိုင်မှသာ မကွေးအက်ဖ်စီက နောက်တစ်ဆင့်တက်ရေးကို မျှော်လင့်နိုင်တော့မည်ဖြစ်သည်။

မကွေးအက်ဖ်စီနှင့် ဘိုအန်ကက်အန်ကောတို့ ယှဉ်ပြိုင်ခဲ့ကြသည့် စတုတ္ထမြောက်အုပ်စုပွဲစဉ်တွင် ဘိုအန်ကက်အန်ကောက ပွဲချိန် ၆၁ မိနစ်တွင် တိုက်စစ်မှူး လာဘိုရာဗီသွင်းယူသောဂိုးဖြင့် ပွဲကို စတင်ဦးဆောင်နိုင်ခဲ့ပြီး ယင်းဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် မကွေးတိုက်စစ်မှူး ဆိုင်းလ်လာက ချက်ချင်းပင် ပြန်လည်ချေပသွားခဲ့ခြင်းဖြစ်သည်။

မကွေးအက်ဖ်စီအသင်းသည် ပွဲကစားချိန် ၈၁ မိနစ်တွင် နောက်ခံလူ မိုက်ကယ် တိုက်ရိုက်အနီကတ်ပြသ ထုတ်ပယ်ခြင်းခံလိုက်ရသည့်အတွက် လက်ကျန်ပွဲချိန်များတွင် ကစားသမား ၁၀ ဦးတည်းဖြင့် ဘိုအန်ကက်အန်ကောကို ယှဉ်ပြိုင်ကစားခဲ့ရပြီး အနိုင်ဂိုး သွင်းယူနိုင်ရန်လည်း ခက်ခဲသွားခဲ့ရသည်။ ■ E-11

# ထိုင်းအိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာယှဉ်ပြိုင်မည်

**ရန်ကုန်၊ ဧပြီ ၅**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ ခုနှစ် ထိုင်းအိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲကို မြန်မာကစားသမားများ ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဘန်ကောက်မြို့၌ ဇွန်လ ၁၂ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ကို ဖိတ်ကြားခဲ့ခြင်းကြောင့် ပြိုင်ပွဲဝင်ရန် လက်ခံခဲ့ခြင်းဖြစ်သည်ဟု ယင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြသန်းထိုက်က ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ SEA Games မတိုင်ခင်မှာ ပြိုင်ပွဲအတွေ့အကြုံ တွေရပြီး ပြင်ဆင်နိုင်ဖို့ပါ။ အရင်နှစ်တွေကို နိုင်ငံတကာ ပြိုင်ပွဲတွေ ယှဉ်ပြိုင်ဖို့ စီစဉ်ထားပါတယ်"ဟု ၎င်းကဆိုသည်။

SEA Games ပြိုင်ပွဲအတွက် အကြိုပြင်ဆင်သည့်အနေနှင့် ယင်းပြိုင်ပွဲ မတိုင်မီ စင်ကာပူနိုင်ငံတွင်ကျင်းပမည့် စင်ကာပူ အိုးပင်းပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဟု မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ ပြေးခုန်ပစ်အားကစားအဖွဲ့အနေနှင့် ထိုင်းအိုးပင်းပြိုင်ပွဲတွင် အပြေး၊ အခုန်နှင့် အပစ်အားကစားနည်းများအတွက် အဓိကထားယှဉ်ပြိုင်မည်ဖြစ်ပြီး တာဝေး၊ လမ်းလျှောက်အစရှိသည့် ကစားသမားများမှာအနေနှင့် တရုတ်နိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန်ရှိသည့်အတွက် ယှဉ်ပြိုင်မည်မဟုတ်ဟု အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိအချိန်၌ မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့သည် နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်းတွင် ပဏာမရွေးချယ်ထားသည့် ကစားသမားများဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး အပြီးသတ်ကစားသမားများကို ရွေးချယ်ရခြင်း မရှိသေးပေ။ ■ J-04

# ဖီနာဘာချီသို့ အော့စ်ပီနာ ပြောင်းရွှေ့မည်၊ အသင်းခေါင်းဆောင်မရှိဘဲ အာဆင်နယ်ကစားခဲ့



Getty Images

**လန်ဒန်၊ ဧပြီ ၅**

အာဆင်နယ်အသင်း၏ ဂိုးသမား အော့စ်ပီနာသည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် တူရကီကလပ် ဖီနာဘာချီသို့ ပြောင်းရွှေ့တော့မည်ဖြစ်ကာ အော့စ်ပီနာ အပြောင်းအရွှေ့အတွက် အာဆင်နယ်နှင့် ဖီနာဘာချီအကြားတွင် ပြောင်းရွှေ့ကြေးပမာဏ ပေါင်ခြောက်သန်းဖြင့် သဘောတူညီမှု ရထားပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

အာဆင်နယ်နှင့် အော့စ်ပီနာအကြားတွင် ချုပ်ဆိုထားသောစာချုပ်သည် ၂၀၁၉ ခုနှစ် ဇွန်လတိုင်သည်အထိ သက်တမ်းကျန်ရှိနေဆဲဖြစ်ကာ အပြောင်းအရွှေ့အပြီးသတ်ရန်အတွက် အော့စ်ပီနာနှင့်၎င်းတို့အကြားတွင် ပုဂ္ဂိုလ်ရေးအချက်အလက်များ ဆွေးနွေးရန်သာ ကျန်ရှိတော့ကြောင်း ဖီနာဘာချီက ထုတ်ပြန်ကြေညာထားသည်။

အော့စ်ပီနာသည် ပီတာချက်၏ နောက်တွင် အရန်ကစားသမားအဖြစ် အချိန်ကုန်ဆုံးနေရသည်ကို စိတ်ပျက်လျက်ရှိကာ လာမည့်နွေရာသီကာလ ကစားသမား အပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ဂိုးသမားသစ်တစ်ဦး ထပ်မံခေါ်ယူရန် အသင်းတာဝန်ရှိသူများက စီစဉ်နေသည့်အတွက် အာဆင်နယ်ကို ကျောခိုင်းစွန့်ခွာရန် အော့စ်ပီနာကလည်း စိတ်ပိုင်းဖြတ်ထားပြီဖြစ်သည်။

အော့စ်ပီနာသည် လက်ရှိဘောလုံးရာသီတွင် အာဆင်နယ်ကိုကိုယ်စားပြု၍ ပြိုင်ပွဲအရပ်ရပ်၌ ပွဲစဉ် ၁၃ ပွဲသာ ပါဝင်ကစားခွင့်ရထားပြီး အသက် ၃၅ နှစ်အရွယ်ရှိနေပြီဖြစ်သော ဝါရင့်ဂိုးသမား ဒီမီရယ်လ်၏နေရာကို အစားဖြည့်ရန်အတွက် အော့စ်ပီနာကိုခေါ်ယူရန် စီစဉ်လိုက်ခြင်းဖြစ်ကြောင်း ဖီနာဘာချီအသင်းတာဝန်ရှိသူတစ်ဦးကလည်း ရှင်းပြထားသည်။

အာဆင်နယ်သည် မန်စီးတီးနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပွဲကစားချိန် ဒုတိယပိုင်း ၄၅ မိနစ်ကို အသင်းခေါင်းဆောင်မရှိသည့် အနေအထားဖြင့် ယှဉ်ပြိုင်ကစားသွားခဲ့ကာ ယင်းအဖြစ်အပျက်ကို ၎င်းအနေနှင့် သတိထားမိခဲ့ခြင်းမရှိသည့်အတွက် ကစားသမားတစ်ဦးဦးကို အသင်းခေါင်းဆောင်လက်ပတ် ဝတ်ဆင်ခိုင်းရန် ပျက်ကွက်ခဲ့ခြင်းဖြစ်ပါကြောင်း နည်းပြအာဆင်ဝင်းဂါးက ရှင်းပြထားသည်။

အာဆင်နယ်နှင့် မန်စီးတီးတို့ယှဉ်ပြိုင်ခဲ့ကြသည့် အဆိုပါပရီးမီးယားလိဂ်ပွဲစဉ်တွင် အာဆင်နယ်အသင်းခေါင်းဆောင် ကော့စီရယ်လ်နီသည် ပထမပိုင်း ၄၅ မိနစ် ပြီးဆုံးခါနီးတွင် ထိခိုက်ဒဏ်ရာရသွားခဲ့သည့်အတွက် ဒုတိယပိုင်းအစတွင် ၎င်းကို နည်းပြအာဆင်ဝင်းဂါးက လူစားလဲလှယ်လိုက်ရကာ ယင်းသို့အသင်းခေါင်းဆောင်လက် ပတ်ဝတ်ဆင်ထားသူမပါရှိဘဲနှင့် ပြိုင်ပွဲကစားခဲ့ခြင်းအတွက် အာဆင်နယ်ကို စွဲချက်တင်သွားရန် ၎င်းတို့တွင် အစီအစဉ်မရှိကြောင်း ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ကြေညာထားပြီလည်းဖြစ်သည်။ ■ E-11



Daily Mail

# မော်ရင်ညို၏လုပ်ရပ်များမှာ အန္တရာယ်များလွန်းကြောင်း ဖာဒီနန် သတိပေး၊ လုခ်ရှောကို ဦးနှောက်မရှိသူဟု မော်ရင်ညို အပြစ်တင်

**မန်ချက်စတာ၊ ဧပြီ ၅**

ဘောလုံးကစားသမားဘဝက အနားယူလိုက်ပြီးသည့်နောက်တွင် ရုပ်သံအစီအစဉ်တင်ဆက်သူအဖြစ် တာဝန်ထမ်းဆောင်နေသည့် မန်ယူနောက်ခံကစားသမားဟောင်း ဖာဒီနန်သည် မန်ယူနည်းပြ မော်ရင်ညို၏အသင်းကစားသမားများကို လူသိရှင်ကြား ထုတ်ဖော်ဝေဖန်သည့်လုပ်ရပ်မှာ လွန်စွာအန္တရာယ်များလွန်းကြောင်း သတိပေးစကား ပြောကြားလိုက်သည်ဟု Daily Star က ဖော်ပြထားသည်။

မော်ရင်ညိုသည် နောက်ခံကစားသမား လုခ်ရှောနှင့် ပုဂ္ဂိုလ်ရေးအဆင်မပြေမှုများရှိနေပြီး မန်ယူနှင့် အဲဗာတန်တို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်ပွဲစဉ်မတိုင်မီတွင် လုခ်ရှောက ၎င်းကို ဝန်ချတောင်းပန်ခဲ့ခြင်းကြောင့်သာ အရန်ကစားသမားတွင် ထည့်သွင်း၍ လုခ်ရှောကို အခွင့်အရေးအချို့ မော်ရင်ညိုက ပြန်ပေးခဲ့ခြင်းဖြစ်သည်။

မော်ရင်ညိုသည် အဲဗာတန်နှင့်ပွဲစဉ်တွင် ကွင်းလယ်လူ အမ်ခီတာယန်ကိုလည်း အရန်ကစားသမားအဖြစ်သာ ထားရှိခဲ့ကာ ယင်းသို့ ဆုံးဖြတ်လိုက်ခြင်းမှာ မန်ယူနှင့် ဝက်စ်ဘရွန်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ရသည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် အမ်ခီတာယန်၏စွမ်းဆောင်ရည်မှာ စိတ်ကျေနပ်လောက်ဖွယ်ရာ မရှိခြင်းကြောင့်ဟု မော်ရင်ညိုက ထုတ်ဖော်ပြောကြားသွားခဲ့သည်။

မော်ရင်ညိုသည် မန်ယူနှင့် အဲဗာတန်တို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပေါ့ဂ်ဘာ၊ အမ်ခီတာယန်နှင့် လုခ်ရှောတို့ကို လူစားဝင်ကစားသမားများအဖြစ် အသုံးပြုခဲ့ပြီး လုခ်ရှောကစားနေပုံမှာ လက်ရှိအချိန်တိုင်သည်အထိ ၎င်းစိတ်တိုင်းကျနိုင်လောက်သည့်အခြေအနေမျိုးသို့ တိုးတက်လာခြင်း မရှိသေးကြောင်း ပွဲအပြီးတွင် မော်ရင်ညိုက ထပ်မံဝေဖန်သွားခဲ့သေးသည်။

မော်ရင်ညိုသည် လုခ်ရှောမှာ စိတ်နှင့်ကိုယ် မကပ်ဘဲနှင့် ဘောလုံးကစားသကဲ့သို့ဖြစ်နေသည်ဟု ထောက်ပြထား ပြီး ပွဲအခြေအနေကို လျှပ်တစ်ပြက်သုံးသပ်နိုင်သည့် ဘောလုံးဦးနှောက်နှင့် ပရော်ဖက်ရှင်နယ်ခြေစွမ်းဖြင့် ကစားနိုင်စွမ်းတို့မှာ လုခ်ရှောထံတွင် မရှိတော့ကြောင်း မော်ရင်ညိုက မှတ်ချက်ပေးအပ်ထားသည်။

သတင်းထောက်များနှင့်တွေ့ဆုံရာတွင် ဖာဒီနန်က "နည်းပြတစ်ယောက်ဟာ သူစိတ်တိုင်းမကျဘူးဆိုရင် ကစားသမားတစ်ယောက်ကို ပွဲထွက်လူစာရင်းကနေ ချန်လှပ်ထားပိုင်ခွင့်ရှိပါတယ်။ ဒါပေမဲ့ လူသိရှင်ကြား ထုတ်ဖော်ဝေဖန်ပြီး အဲ့ဒီကစားသမားရဲ့အားနည်းချက်ကို ထောက်ပြနေတာက နည်းပြတစ်ယောက် မလုပ်သင့်မလုပ်အပ်တဲ့ အပြုအမူပါပဲ။ မော်ရင်ညို အခုလုပ်နေတာတွေဟာ မန်ယူအတွက် ကြီးမားတဲ့အကျိုးဆက်တွေဖြစ်ပေါ်လာဖို့ အရမ်းပဲ စိုးရိမ်ရပါတယ်"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# မွေးနေ့အထိမ်းအမှတ်အဖြစ် လက်စတာပရိသတ်များကို ဘီယာနှင့်ကိတ်မုန့်များ အသင်းပိုင်ရှင် စီစဉ်ပေး

**လန်ဒန်၊ ဧပြီ ၅**




Daily Mail

လက်စတာအသင်းပိုင်ရှင် ထိုင်းသန်းကြွယ်သူဌေး ဗီချိုင်းသည် လက်စတာက ဆန်းဒါးလန်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပွဲတက်ရောက်ကြည့်ရှု အားပေးခဲ့ကြသော လက်စတာပရိသတ်များကို ၎င်း၏မွေးနေ့အထိမ်းအမှတ်အဖြစ် ဘီယာနှင့် ကိတ်မုန့်တို့ ကျွေးမွေးဧည့်ခံခဲ့ကြောင်း ESPN က ဖော်ပြထားသည်။

Forbes မဂ္ဂဇင်းက ထုတ်ပြန်လိုက်သည့် ၂၀၁၇ ခုနှစ် ကြွယ်ဝမှုစာရင်းတွင် ပိုင်ဆိုင်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံ မြင့်တက်လာခဲ့သည့် ဗီချိုင်းသည် လွန်ခဲ့သည့်ဧပြီ ၃ ရက်နေ့၌ အသက် ၆၀ ပြည့်ခဲ့ကာ ယင်းအတွက် ဧပြီလ ၄ ရက်နေ့တွင် လက်စတာအသင်းပိုင်ကင်းပါဝါဘောလုံးကွင်းကြီး၌ လက်စတာနှင့် ဆန်းဒါးလန်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် လက်စတာအသင်း ပရိသတ်များကို ဗီချိုင်းက ဘီယာနှင့် ကိတ်မုန့်များ တည်ခင်းကျွေးမွေးလိုက်ခြင်းဖြစ်သည်။

ဗီချိုင်းသည် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်၌ ၎င်း၏မွေးနေ့အခါသမယတွင် အသင်းပရိသတ်များကို ဘီယာနှင့် ဒိုးနတ်မုန့်များ စီစဉ်ပေးခဲ့ဖူးပြီး ယင်းမတိုင်မီကလည်း ဗီချိုင်းမှာ မွေးနေ့ရောက်ရှိချိန်တိုင်းတွင် အသင်းပရိသတ်များကို အစားအသောက်များဖြင့် အမြဲတစေ တည်ခင်းဧည့်ခံခဲ့ဖူးကြောင်း လက်စတာအသင်းတာဝန်ရှိသူတစ်ဦးက အသိပေးသွားခဲ့သည်။

ဗီချိုင်းသည် ၎င်း၏မွေးနေ့အခါသမယတွင် အသင်းအနိုင်ရလဒ် ရယူနိုင်ခဲ့သည့်အတွက် ကျေနပ်အားရဖြစ်နေပြီး လက်ရှိတွင် လက်စတာက နည်းပြရှိတ်စပီးယား၏ဦးဆောင်မှုအောက်၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်ခြောက်ပွဲတွင် ခြောက်ပွဲလုံး အနိုင်ရရှိသည့် မှတ်တမ်းကောင်းတစ်ခုကို ရရှိပိုင်ဆိုင်ထားပြီလည်းဖြစ်သည်။

■ E-11

FOREIGN AFFAIRS



# တာလတ်ပစ်ဒုံးကျည် ဂျပန်ပင်လယ်အတွင်းသို့ မြောက်ကိုရီးယား စမ်းသပ်ပစ်လွှတ်

BBC

**ဆိုးလ်၊ မေ ၅**

မြောက်ကိုရီးယားသည် ၎င်း၏ အရှေ့ဘက်ဆိပ်ကမ်းမြို့ ဆင်ပိုမှ ဂျပန်ပင်လယ်အတွင်းသို့ တာလတ်ပစ်ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ဒုံးကျည်သည် ကီလိုမီတာ ၆၀ ခန့် ပျံသန်းခဲ့သည်ဟု တောင်ကိုရီးယား ကာကွယ်ရေးဌာနက ပြောကြားသည်။

ရန်လိုသောမြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များ ထိန်းချုပ်ရေးကို ဆွေးနွေးကြမည့် ဒေါ်နယ်ထရမ့်နှင့် ရှီကျင့်ဖျင်တို့၏တွေ့ဆုံမှုမတိုင်မီ ယခုကဲ့သို့ ဒုံးကျည်ပစ်လွှတ်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

မြောက်ကိုရီးယားသည် ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့ တားမြစ်ချက်များကို အကြိမ်ကြိမ် ချိုးဖောက်ကာ နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုများကို ပြုလုပ်လျက်ရှိသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တိုင်လာဆန်က မြောက်ကိုရီးယားနှင့် ပတ်သက်၍ လုံလုံလောက်လောက် ပြောဆိုထားပြီးဖြစ်သောကြောင့် နောက်ထပ် မှတ်ချက်ပေးရန် မလိုဟု ပြောကြားသည်။

ဒုံးကျည်သည် တာလတ်ပစ် KN 15 ဒုံးကျည်ဖြစ်ပြီး အမေရိကကို ခြိမ်းခြောက်နိုင်စွမ်းမရှိဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

ပြုံယမ်း၏လုပ်ရပ်သည် ကျူးကျော်ရန်စခြင်းဖြစ်သည်ဟု ဂျပန်နိုင်ငံက ပြောကြားခဲ့သည်။ အလားတူ တောင်ကိုရီးယားကလည်း ယင်းလုပ်ရပ်သည် ကုလသမဂ္ဂကို အသားလွတ် စိန်ခေါ်ခြင်းဖြစ်ပြီး ကိုရီးယားကျွန်းဆွယ် တည်ငြိမ်မှုနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းကို ခြိမ်းခြောက်ခြင်းဖြစ်သည်ဟု မှတ်ချက်ပေးသည်။

အမေရိကန်ဘဏ္ဍာရေးဌာနက မြောက်ကိုရီးယား စီးပွားရေး ကိုယ်စားလှယ် ၁၁ ဦးနှင့် ကုမ္ပဏီ ၁ ခုတို့ကို ယခင်လက အရေးယူပိတ်ဆို့မှု ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် အင်္ဂါနေ့ကလည်း အမေရိကန်လွှတ်တော်အမတ်များက မြောက်ကိုရီးယားအား အကြမ်းဖက်မှု အားပေးသည့်နိုင်ငံစာရင်းသို့ ထည့်သွင်းသည့်ဥပဒေကို တစ်ညီတစ်ညွတ်တည်း ထောက်ခံခဲ့ကြသည်။

မြောက်ကိုရီးယားကလည်း နိုင်ငံတကာအသိုင်းအဝိုင်း၏ အရေးယူပိတ်ဆို့မှုများ တိုးမြှင့်လာပါက လက်တုံ့ပြန်မည်ဟု ပြန်လည်ကြုံးဝါးခဲ့သည်။

သမ္မတဒေါ်နယ်ထရမ့်က မြောက်ကိုရီးယားကို ထိန်းချုပ်ရေးတွင် ဘေဂျင်း၏ အကူအညီကို မရလျှင်လည်း ဝါရှင်တန်က တစ်ကိုယ်တော် လုပ်ဆောင်သွားရန် ဆန္ဒရှိကြောင်း ပြောဆိုထားသည်။ ■ F-04



BBC

ဒုံးကျည်ပစ်လွှတ်မှုကို ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် အိမ်နီးချင်းနိုင်ငံများက ရှုမြင်ကြသည်

## ALSO IN NEWS

### သြစတြေးလျ ဆစ်ဒနီကို သွားတာ ကနေဒါက မြို့ငယ်လေး ဆစ်ဒနီကို လေယာဉ်မှားစီးမိသတဲ့

ဒတ်ချ် ဆယ်ကျော်သက်လူငယ်တစ်ဦးဟာ သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ကို သွားမယ်ဆိုပြီး ထွက်လာတာ ဆစ်ဒနီတော့ ဆစ်ဒနီကို ရောက်သွားတာပါပဲ။ ဒါပေမဲ့ ကနေဒါနိုင်ငံ နိုဗာစကိုရှာပြည်နယ်က ဆစ်ဒနီဖြစ်နေပါသတဲ့။ မီလန်ဆာချစ်ပါလို့ အမည်ရတဲ့ လူငယ်ဟာ ဆစ်ဒနီကိုသွားတဲ့ခရီးစဉ်တွေကို အွန်လိုင်းကရှာတဲ့အခါ ခရီးစဉ်တစ်ခုဟာ တခြားခရီးစဉ်တွေထက် ဒေါ်လာ ၃၀၀ လောက် သက်သာနေပါသတဲ့။ ဒါနဲ့ သူလည်း လက်မှတ်မြန်မြန် ဝယ်လိုက်ပါတယ်။ လေယာဉ်ဟာ ကနေဒါနိုင်ငံ တိုရန်တိုမြို့ကို ဆိုက်သွားပြီးတော့ ဆစ်ဒနီကို နောက်ထပ်လေယာဉ်သေးသေးလေး ပြောင်းစီးရပါတယ်။ သူသွားချင်တဲ့ ဆစ်ဒနီမြို့တော်ကြီးမဟုတ်ဘဲ နှင်းတွေကျနေတဲ့ မြို့ငယ်လေးဖြစ်နေပါသတဲ့။

"လေယာဉ်ကလည်း သေးသေးလေးပါ။ ဒါဖြင့် သြစတြေးလျကိုတောင် ရောက်ပါ့မလားလို့ ကျွန်တော်ထင်မိပါသေးတယ်"လို့ သူက ပြောပြပါတယ်။

လေယာဉ်ပေါ်မှာပဲ သိလိုက်တာကတော့ ဒီမှာ နောက်ထပ် ဆစ်ဒနီတစ်ခု ရှိရမယ် ဆိုတာပါပဲ။ ■ F-02



### ခေါင်းအုံးရိုက်ပွဲ မြိုင်မြိုင်ဆိုင်ဆိုင်



လေထုထဲမှာ ငှက်မွေးတွေ လွင့်ပျံနေအောင်ကို ဆော်ပလော်တီးကြတဲ့ ခေါင်းအုံးရိုက်ပွဲပါပဲ။ လော့အိန်ဂျလိစ်မြို့လယ်က ပါရှင်းရင်ပြင်မှာ လုပ်ကြတဲ့ပွဲပါ။ လူရာပေါင်းများစွာပါဝင်တဲ့ ဒီပွဲကြီးမှာ ခေါင်းအုံးအနုတွေနဲ့ ရိုက်ကြပါတယ်။ ကလေးတွေ၊ ဆယ်ကျော်သက်တွေ၊ အရွယ်ရောက်ပြီးသူတွေနဲ့ သက်ကြီးရွယ်အိုတွေပါ မကျန် ခေါင်းအုံးကိုင်ပြီး ဆင်နွှဲကြပါတယ်။ နိုင်ငံတကာ ခေါင်းအုံးရိုက်ပွဲအမည်နဲ့ ပြုလုပ်ကြတာဖြစ်ပါသတဲ့။ တော်တော်များများက ညအိပ်အင်္ကျီတွေ ဝတ်လာကြပြီးတော့ တချို့က မျက်နှာဖုံးတွေ စွပ်ထားကြပါတယ်။ ပွဲလည်းပြီးသွားရော မြေပြင်တစ်ခုလုံးလည်း ငှက်မွေးတွေနဲ့ကို ပြည့်သွားတော့တာပါပဲ။ ■ F-02